
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တေလေစိညှာဥ်

သတိုးတေဇ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

မဆုံးနိုင်တဲ့
ညအမှောင်တွေကို ဖြတ်သန်းဖို့
ကျွန်တော်ကတော့...
ဟောဒီ... အိမ်ကြီးအတွင်းမှာ
တလေ လွင့်မျောနေရဦးမှာပဲ...

ကြည်နှင်းကောင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ငါဟာ ရင်အုပ်ထူထူ ကောင်းကင်အောက်က မီးခိုးရောင်တိမ်တိုက်တွေလို လွင့်ပါးနေရတဲ့ တေလေတစ်ယောက်ပါကွယ်… ။

လောကကြီးကို တံခါးခေါက်နေတဲ့ ဟောဒီလူငယ်တစ်ယောက်ရဲ့ နှလုံးခုန်သံကို ဘယ်သူကမှ နားမလည်ခဲ့ကြပါဘူး… ။

ငါ့ကုတ်ပေါ်ဝဲကျနေတဲ့ ဆံပင်ရှည်ရှည်တွေကို လက်ချောင်းတွေနဲ့ ထိုးဖွလိုက်တော့ ဖွာလန်ကျဲသွားတယ်။

ငါ သက်ပြင်းကိုသာ ချမိတော့ရဲ့… ။

ဟုတ်တယ်… ငါ့ဘဝကလည်း ဖွာလန်ကျဲနေတာကိုး။ ငါဝတ်နေကျ အပြာရောင်ဂျင်းဘောင်းဘီရဲ့ ဖွာလန်ကျဲနေတဲ့ အောက်အနားစတွေလိုပေါ့။

●



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ဘတ်ထဲမှာ သိုဝှက်သိမ်းဆည်းထားတဲ့ အိပ်မက်ရဲတိုက်ကြီး တစ်ခုရှိတယ်။ ငါဆိုတဲ့ မလိမ်မိုးမလိမ္မာကောင်ကလည်း အဲဒီ အိပ်မက်တွေကိုမှ မနိုင်မနင်းပွေ့ပိုက်လို့ ငါ့အပေါ်ချစ်ရှာလွန်းတဲ့ အစ်မဖြစ်သူရဲ့ ရင်ခွင်ရိပ်ကို ခြေစုံပစ်ထွက်လာခဲ့မိတယ်လေ... ။

သီပေါဆိုတဲ့ မြို့လေးကနေ ရန်ကုန်မြို့ဆီကို ဒုန်းစိုင်းလာခဲ့တဲ့ ငါ့ခြေလှမ်းတွေဟာ မရဏတရား သယ်ဆောင်တဲ့ ဝေယျာဉ်ဆိုတာ ငါ ဘယ်သိပါ့မလဲ... ။

အဲဒီတုန်းက တိမ်တွေက ပြာရီဆိုင်းလို့၊ မိုးသားကောင်းကင် ကလည်း အလင်းတွေနဲ့ တောက်ပလို့... ။

တကယ်တော့ ငါဟာ တံလျှပ်ကိုမှ နန်းတော်လို့ ထင်မိခဲ့တဲ့ ကောင်ပါ။

မိုးသားပြာပြာကောင်းကင်ကြီးထဲမှာ ငါဖြစ်ချင်တဲ့ ပညာတတ် လူငယ်လေးတစ်ယောက်ရဲ့ ဘဝရှိမယ်လို့ ငါယုံကြည်ခဲ့သလို အဲဒီ သံလျှပ်နဲ့တူတဲ့ နန်းတော်ကြီးထဲမှာလည်း အောင်မြင်တဲ့ လူငယ်ပညာတတ် အဖြစ် ငါ့ဘဝကိုငါ တည်ဆောက်နိုင်မယ်လို့ ထင်ပြီး ရန်ခုန်သံတွေ





ရွှေလမ်းငွေလမ်းခင်းခဲ့တာပေါ့... ။

ပြီးတော့... ပခုံးမှာလွယ်ထားတဲ့ ကျောပိုးအိတ်ထဲမှာလည်း အိပ်မက်တွေက အလေးသား... ။

မျက်ရည်စက်လက်နဲ့ လက်ပြကျန်ရစ်ခဲ့တဲ့ အစ်မဖြစ်သူကို ငါ ဘယ်လိုစကားလုံးတွေနဲ့ နှုတ်သိမ့်ခဲ့သလဲ?

ငါ မပြောပါရစေနဲ့တော့...

မောင်နှမ နှစ်ယောက်တည်းရှိတဲ့ဘဝမို့ အစ်မကတော့ ငါ့ကို တစ် သက်လုံး ကလေးလေးတစ်ယောက်လို ယုယခြင်း အနှီးစောင်တွေနဲ့ ထွေးပိုက်၊ သူ့အသက်ဓာတ်နဲ့ လွှဲရမ်းတဲ့ ချစ်ခြင်းပုခက်ထဲမှာ ကလေး ချော့တေးတွေဆိုလို့ ချော့သိပ်ချင်နေခဲ့မှာပဲလေ။

လူကလေးရဲ့ အိပ်ချိန်တန်
ဖျိုင်းရှေ့က ပျံ
မပျံပါနဲ့ ကိုရွှေဖျိုင်း
ညှတ်တွေက ဝိုင်း...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက် ညွတ်ကွင်းတွေ ပတ်ပတ်လည်ဝိုင်းနေမယ်ဆိုတာ ကျွန်တော် ဘယ်သိခဲ့မှာလဲ မမရာ...

ဒါကိုပဲ ကျွန်တော့်ရဲ့ အနာဂတ်လို့ထင်ပြီး ရန်ခုန်ခဲ့တာကိုး၊ ပညာတွေ အများကြီးတတ်အောင် သင်မယ်။ ပြီးရင် တိုင်းတစ်ပါးရပ်ခြားမှာ ပညာရှင်တစ်ယောက်အဖြစ် အလုပ်သွားလုပ်မယ်လို့ ကျွန်တော် မျှော်လင့်ထားခဲ့တယ်။

ကျွန်တော့်တစ်သက် သုံးလို့ဖြုန်းလို့မကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာတွေ မမဆီမှာ ရှိတယ်ဆိုတာ မသိလို့မဟုတ်ပါဘူး မမ။

ရွှေချည်ငွေချည်တွေ ထိုးမထားတဲ့ ရိုးရိုးသားသား နေ့ရက်တစ်ရက်ရက်မှာ ကျွန်တော့်ရဲ့ ချွေးနည်းစာနဲ့ ရှာလို့ဖွေလို့ရတဲ့ အငွေ့ တစ်ထောင်းထောင်း ထမင်းဖြူဖြူလက်တစ်ဆုပ်စာကို မမကို ကျွေးပြီး ကျေးဇူးဆပ်ချင်လို့ပါ။

မမ အဆာပြေကာမှ ပြေမရာ...

ကျွန်တော့်နှလုံးသားကတော့ စိတ်ကူးကြည့်ရုံနဲ့တင် အဆာပြေပါတယ်။





ဒါပေမဲ့ မမရယ်...

မမရဲ့ မောင်လေးက နှင်းလျှောက်ရာ ခြေလှမ်းတိုင်းမှာ ကြာပန်းတွေပွင့်ရလောက်အောင် လာခြင်းမကောင်းခဲ့ပါဘူး။

ရန်ကုန်မှာ ကျွန်တော်နေရတဲ့ အဆောင်ပိုင်ရှင်လင်မယားက အသားစားကြူးတဲ့ ဘီလူးတွေဆိုတာ ကျွန်တော် နောက်ကျပြီးမှ သိခဲ့ရတယ် မမ။

ကျွန်တော် ဒီအဆောင်ကို စရောက်တော့ သူတို့က လောဘမီးလျှံတွေကို ကွယ်ဝှက်၊ အနွေးဓာတ်သက်သက်ကိုပဲ လှုမြင်ကောင်းအောင်ပြခဲ့လေတော့ တစ်နယ်သားကျွန်တော်ဟာ သူတို့ကို ယုံကြည်အားကိုးခဲ့မိတာပေါ့။

တကယ်တော့ ရန်ကုန်ဆိုတဲ့ မြို့ကြီးပြကြီးဟာ ကျွန်တော့်အတွက်တော့ အင်္ဂတေတွေနဲ့ ထုဆစ်ထားတဲ့ သားရိုင်းတိရစ္ဆာန်လှောင်အိမ်တစ်ခုပါ... ။

●



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီတွေဟာ ကန္တာရထဲမှာ ခရီးလှည့်လည်ရင်း ရေတွေလည်း ငတ်ခဲ့ဖူးတယ်။ အစာရေစာလည်း ပြတ်ခဲ့ဖူးတယ်။ တောရိုင်းတိရစ္ဆာန်တွေနဲ့လည်း သတ်ဖြတ်ခဲ့ရဖူးတယ်...

ဘဝဆိုတာ ဒီလိုပဲလား... ဟင်... မမ... ။

ကျွန်တော့်လို တေလေတစ်ယောက်အဖို့ ဝတ်ဆင်နေကျ ဂျင်းဘောင်းဘီဆိုတာ ဆောင်ဓားတစ်ချောင်းလိုပါပဲ။

ဒါကြောင့် ပြောတာပေါ့ မမရယ်... ။

ရန်ကုန်မြို့ကြီးကို ဝတ်ဆင်ရတာ ဂျင်းဘောင်းဘီတစ်ထည်လောက်တောင်မှ မလုံခြုံဘူးလို့... ။

●

ကျွန်တော်ဟာ ငွေ့ရည်ဖွဲ့ကာစ တိမ်တိုက်တစ်ခုလား...

တကယ်တော့ ကျွန်တော်က ကိုယ့်ဘဝလုံခြုံမှု သံဆူးကြိုးကို ကိုယ်တိုင် ကိုက်ဖြတ်ပြီး မီးပုံကို ရှာခဲ့တဲ့ ပိုးဖလံတစ်ကောင်ပါ။

အဆောင်ပိုင်ရှင်လင်မယားက တတိတိနဲ့ သိန်းပေါင်းများစွာ ဆုံးရှုံးနေတဲ့ သူတို့ရဲ့ လောင်းကစားကြွေးတွေဆပ်ဖို့ ကျွန်တော့်ဆီမှာ ပိုက်ဆံတွေ ချေးလာတော့ အသာတကြည် ခေါင်းညိတ်လိုက်မိတယ်။

သူတို့ချေးသမျှ ပိုက်ဆံတွေကို မမဆီ ဖုန်းနဲ့လှမ်းလှမ်းမှာတော့ မမခမျာလည်း 'ဩော်... ငါ့မောင်လေးတစ်ယောက် ရန်ကုန်မြို့ကြီးမှာ မငြိုမငြင်နေခွင့်ရပါစေတော့' ရယ်လို့ တောင်းသမျှ ပိုက်ဆံတွေကို မငြင်းမဆန် ပို့ပေးခဲ့တယ်။

ဟင်း...

အခုတော့ လောကကြီးတစ်ခုလုံးကို ကျွန်တော် သက်ပြင်းချလိုက်ပါပြီ မမရယ်...

ကျွန်တော်ဟာ ကိုယ့်သေခြင်းတရားကို ရွှေကိုယ်စေပေး ငွေကိုယ်လေး ဆက်လို့ အသပြာကြီးကြီး ပေးဝယ်ခဲ့တဲ့လူပါလား...





www.burmeseclassic.com

အဆောင်ပိုင်ရှင် လင်မယားကတော့ ကျွန်တော့်လက်ထဲက ငွေစက္ကူတွေကို မြင်တာနဲ့ မဖုံးနိုင်မဖိနိုင် ပြုံးလို့ ရွှင်လို့...

●





တကယ်ဆို သောင်ပြင်ဆိုတာ ဟိုး... ပင်လယ်ပြင်ကြီးအောက်မှာလည်း ရှိနေနိုင်တာပဲလို့ ကျွန်တော် နားမလည်တတ်ခဲ့ဘူး... မမ။ ကမ်းစပ်မှာ မြင်နေရတဲ့ ဖြူလွှလွှသဲသောင်ပြင်ဟာလည်း မရဏတရားတွေကြီးစိုးနေတဲ့ ပင်လယ်ကြမ်းခင်း သဲသောင်ပြင်နဲ့ တစ်ခုတည်းပါ။

ဒီလိုနဲ့ တစ်နေ့မှာတော့ သူတို့ချေးယူထားတဲ့ ပိုက်ဆံသိန်းပေါင်းများစွာကို မရမနေ ပြန်တောင်းမှဖြစ်မယ်လို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။

အမှောင်လွှမ်းတဲ့ ဒီဆုံးဖြတ်ချက်က မမအတွက် မျက်ရည်စက်တွေလား...

ကျွန်တော်ကတော့ သူတို့ မျက်နှာပျက်သွားတာကို မြင်ရပေမယ့်လည်း ကိုယ့်ပိုက်ဆံကိုယ် တရားသဖြင့် ပြန်တောင်းတာမို့ လိပ်ပြာလုံခဲ့ပါတယ်။

ဒါပေမဲ့ လူတွေရဲ့ စိတ်ဒီရေအတက်အကျကို လူငယ် တစ်ယောက်ရဲ့ ဘဝအတွေ့အကြုံက ဘယ်လိုလုပ် နားလည်တတ်ခဲ့ပါ့မလဲ။

အဆောင်ပိုင်ရှင်လင်မယားက 'ပိုက်ဆံပြန်ပေးမယ်၊ ညနေကျရင်လာယူ' လို့ ကျွန်တော့်ကို ဖုန်းဆက်ပြောပြီး သူတို့ငှားထားတဲ့ အဆင့်

www.burmeseclassic.com


မြင့် အိမ်ယာဝန်းထဲက အိမ်ကို လာခိုင်းတယ်။

ကျွန်တော်ကတော့ ဒီစကားကြားကြားချင်း ဆုံးပြွန်းတဲ့လမ်းကို ပျော်ပွဲစားထွက်သလို ရွှင်ရွှင်မြူးမြူးနဲ့ ခရီးနှင်ခဲ့တာပေါ့...

●



တခမ်းတနားနဲ့ ဆောက်ထားတဲ့ အိမ်ကြီးအတွင်းမှာ အရက်ခိုးတွေက တဝေဝေ။ ဟန်ဆောင်ခြင်းပျားသကာတွေက ချိုရှရှ။

အပြုံးတွေက နားလည်ရခက်တယ်နော်... မမ... ။

အကြွေးလာတောင်းတဲ့ ကျွန်တော့်ကို ဆက်ဆံပုံက လင်မယားနှစ်ယောက်စလုံး ပြုံးလို့ ရွှင်လို့။ စားကောင်းသောက်ဖွယ်တွေ ပြင်ဆင်ထားလိုက်ပုံကလည်း မင်းစိုးရာဇာတစ်ယောက်ကို ဧည့်ခံတော့မယ့်အတိုင်းပဲ။ ပြီးတော့... ဘီယာဘူးတွေ။

တစ်ဘူးပြီးတစ်ဘူး ကျွန်တော့်ကို ဖောက်တိုက်နေလိုက်တာ ငြင်းဆန်ဖို့တောင် မသင့်ဘူး မမရယ်။

ကျွန်တော် အားနာလို့ နည်းနည်းယူသောက်လိုက်မိတော့ သူတို့က ပြုံးပြုံးကြီး ကြည့်နေကြတယ်။

ဒါပေမဲ့ အဲဒီအပြုံးတွေက ကျွန်တော့်မျက်လုံးတွေ လေးတွဲ့ရီဝေလာချိန်မှာ ချက်ချင်းဆိုသလို ရပ်တန့်သွားကြတာ ဘာကြောင့်လဲ မမ။ ပြီးတော့ ကျွန်တော့်ကို ကြည့်နေတဲ့ အကြည့်တွေကကော ဘာကြောင့် ကျားရဲ့တစ်ကောင်ရဲ့ အစွယ်တွေလို စူးရှထက်မြက်လာရတာလဲဟင်...။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် ဦးခေါင်းတစ်ခုလုံး သောက်ထားတဲ့ ဘီယာတန်ခိုး ထက် ပိုပြီး ချာချာလည်မူးဝေနေတာ ဘာကိုမှ ပြတ်ပြတ်သားသား စဉ်းစားလို့ မရတော့ဘူး။

ဒါပေမဲ့ ကျွန်တော့်ဦးနှောက်ထဲမှာ သိစိတ်တစ်ခုကျန်သေးတယ်၊ အဲဒါကတော့ သူတို့ ကျွန်တော့်ကို မကောင်းကြံနေပြီဆိုတာပဲ။

ကျွန်တော်သောက်မယ့် ဘီယာတွေထဲမှာ သူတို့ ဘာတွေထည့် ထားကြတာလဲ? ကျွန်တော်ကြောက်လာပြီ မမ…။ သူတို့ ကျွန်တော့်ကို ရန်မူကြတော့မယ်…။ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးကလည်း ခုခံဖို့ အင်အားမပြောနဲ့ မတ်မတ်တောင် မရပ်နိုင်တော့ဘူး။

လောကကြီးရေ… ကျွန်တော့်ကို ကောက်ရိုးတစ်မျှင်လောက် ပေးပါ။ ဟောဒီ…. သူယုတ်မာလင်မယားနှစ်ယောက်ရဲ့ လက်ထဲက လွတ်မြောက်ချင်လို့ပါ။

ဟင်!

သူတို့ ကျွန်တော့်ခန္ဓာကိုယ်ကို မလှုပ်ရှားနိုင်အောင် ချုပ်ကိုင် လိုက်ပြီ။ ကယ်ပါဦး မမရေ။ မမရဲ့ မောင်လေးကို သူစိမ်းတရံတွေက ရန်ပြုနေကြပြီ။

ကျွန်တော့်ရဲ့ ကြောက်လန့်တကြား အော်ဟစ်နေသံတွေကို ဘယ် သူမှ မကြားကြတော့ဘူးလား။ ဒါမှမဟုတ် ကျွန်တော့်ပါးစပ်ကို တစ်ခုခု နဲ့ လာရောက်ပိတ်ဆို့ထားလို့ အသံမထွက်တော့တာလား။

ကျွန်တော့် ရှိစုမဲ့စုအင်အားလေးနဲ့ လွတ်မြောက်ဖို့ ကြိုးစားကြည့်





လိုက်ပါသေးတယ် မမရယ်… ။

ဒါပေမဲ့ ဘီယာဘူးတွေ။ ရေဘူးတွေနဲ့ ပန်းကန်တချို့ ကျွန်တော့် ခန္ဓာကိုယ်ပေါ် မှောက်ကျလာတာပဲ အဖတ်တင်တယ်။ သူတို့ လင်မယား လက်ကတော့ ကျွန်တော် လွတ်မြောက်အောင် မစွမ်းဆောင်နိုင်ခဲ့ဘူး။

ကျွန်တော် ဝတ်ဆင်ထားတဲ့ အပြာရောင် ဂျင်းဘောင်းဘီဆို အောက်နားစမှာ အဲဒီ ဖိတ်စင်လာတဲ့ အရည်တွေ ရွှဲရွှဲစိုလို့။

ကယ်ပါဦး… ကယ်ကြပါဦး… ။

သူတို့ ကျွန်တော့်ကို တစ်ခုခုလုပ်တော့မယ်။

ရန်းကန်အော်ဟစ်နေရင်းနဲ့ပဲ ကျွန်တော့် ခန္ဓာကိုယ်က သူတို့ အိပ်ခန်းရှိရာ အပေါ်ထပ်ဆီ ဒရွတ်တိုက် ပါသွားနေပြီ။

ကျွန်တော် အသက်ရှူရတာ ကြပ်လာပြီ မမရယ်။ ကျွန်တော့် လည်ပင်းကို သူတို့လက်တွေနဲ့ ကြမ်းကြမ်းတမ်းတမ်း ညှစ်ထားကြတယ်။ ကျွန်တော့် ခြေထောက်တွေ လက်တွေ ဘာလို့ အားအင်မဲ့နေရတာလဲ ပြောကြစမ်းပါဦး။

ဟော… ကြည့်စမ်းပါဦး ကျွန်တော် ခန္ဓာကိုယ်ကို သူတို့က ခုတင်ပေါ် ဘုန်းခနဲ ပစ်ချလိုက်ပြန်ပြီ။

ငါ့ကို သူတို့သတ်တော့မယ်၊ လွတ်အောင်ပြေး… ပြေးတော့လေ။

အဲသည့်လို ကိုယ့်ကိုကိုယ် သတိပေးစကားကြောင့် ကျွန်တော် ခုတင်ပေါ်ကနေ လူးလဲထလိုက်ပါသေးတယ်။ ဒါပေမဲ့ စိတ်ကသာ ခုတင်ပေါ်ကထပြီး အခန်းပြင်ကို ပြေးထွက်သွားတယ် ထင်ပါရဲ့။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ရဲ့ ခန္ဓာကိုယ်ကတော့ သူတို့ရဲ့ ကြမ်းတမ်းခက်ထန်နေတဲ့ လက်ချောင်းတွေအောက်မှာပဲ ရှိနေသေးတယ်။

ဒီမြင်ကွင်းကို မမသာမြင်သွားရင်...

အား!!!'

ရှူးခနဲ နာကျင်သွားတဲ့ ဝေဒနာက မာကြောချွန်မြနေတဲ့ အရာတစ်ခုနဲ့အတူ ကျွန်တော့်ရဲ့ ဝမ်းဗိုက်တစ်နေရာကို နစ်ဝင်လာတယ်...။

မမရေ မကယ်နိုင်တော့ဘူးလား... သူတို့ ကျွန်တော့်ကို ရက်ရက်စက်စက် သတ်နေကြပြီ။

ကျွန်တော့်ရဲ့ အင်အားတွေလည်း တဖြည်းဖြည်းဆုတ်ယုတ်လာပြီ မမ...။ သူတို့က ကျွန်တော့်ခန္ဓာကိုယ် အနံ့အပြားကို သံမဏိဓားသွားချွန်မြမြနဲ့ တစ္စပ်စွပ်ထိုးနေကြတာ မရပ်ကြသေးဘူး။

မမရေ... မနက်ဖြန်ဆိုတာကို ကျွန်တော် မြင်တွေ့ခွင့်ရပါဦးတော့မလား။ မမရဲ့မျက်နှာ၊ ဒီကမ္ဘာလောကကြီးရဲ့ ရှုခင်းတွေ၊ ကျွန်တော်ချစ်တဲ့ သူငယ်ချင်းတွေ အားလုံးကို ကျွန်တော် တွေ့မြင်ချင်သေးတယ်။

ဒါပေမယ့်လည်း ကျွန်တော့်မျက်လုံးတွေက ပြာလာပြီမမရယ်။ နှလုံးခုန်သံတွေကလည်း နှေးကွေးလာလိုက်တာ သိစိတ်တွေဆို ဝေဝေဝါးဝါးပဲရှိတော့တယ်။

ဟင်! အမှောင်တွေ... အမှောင်တွေ။

ပိန်းပိတ်အောင် မှောင်နေတဲ့ အမှောင်ပင်လယ်ပြင်ကြီးကို ကျွန်တော် လှမ်းမြင်နေရပြီ။ ရုပ်ဆိုးဆိုးလူတစ်ယောက် ကျွန်တော့်ကို





လက်ယပ်လှမ်းခေါ်နေတယ်။

ကျွန်တော်... လိုက်သွားရတော့မှာလား... မမ။ ဒီလူကြီးက မမမရှိတဲ့ ကမ္ဘာဆီ ကျွန်တော့်ကို ခေါ်သွားမှာလား... ဟင်...'။

ဟင့်အင်း... ခသွားချင်ဘူး...။ အဲဒီနေရာက အမှောင်တွေများပြီး အလင်းတွေမရှိဘူး။ ပြီးတော့... ရှုခင်းတွေလည်း ခြောက်သွေ့နေလိုက်ကြတာ။

ဟော... ပြောရင်းဆိုရင်း အဲဒီလူကြီးက ကျွန်တော်နဲ့ နီးလာပြီ၊ နေရစ်ခဲ့တော့ မမရေ... ။

လက်ပြ မနှုတ်ဆက်ခဲ့လို့ ကျွန်တော့်ကို အလောတကြီးနိုင်လွန်းတယ် မပြောလိုက်ပါနဲ့။ ဟောဒီ လောကကြီးက ကျွန်တော့်ကို မျက်နှာသာမပေးလို့ပါ မမရယ်...။

ဒါပေမဲ့ ဒီလောကကြီးထဲကို ကျွန်တော် ဆက်ဆက်ပြန်လာခဲ့ဦးမှာပါ။ အဲဒီအခါကျရင်တော့ ဒီလောကသားတွေက ကျွန်တော့်ကို ကြိုဆိုကြဦးမှာလား။

ကဲ... ကဲ... ကျွန်တော်သွားပြီ မမရေ... ။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

'ဘာဖြစ်လို့ ဆရာက ဒီလောက်ကောင်းတဲ့အိမ်ကို ငှားရတာလဲ အိမ်လခက တော်တော်ဈေးကြီးမှာပဲနော်'

ခြံထဲသို့ ဝင်လာရင်း အိမ်ကြီးကိုကြည့်ကာ ပြောလိုက်သော သူငယ်ချင်းဖြစ်သူ မြတ်သူ၏ စကားကြောင့် သီဟသွေး ပြုံးလိုက်မိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ဒီအိမ်ကြီးကိုငှားရန် ဆရာသတိုးလွင်နှင့်အတူ လာရောက်ကြည့်စဉ်တုန်းကတော့ သူလည်း မြတ်သူလို အတွေးမျိုး တွေးမိသေး၏။

သို့သော်... တကယ်တမ်း ဒီအိမ်ကိုငှားဖြစ်သွားသည့်အခါတွင်တော့ မထင်မှတ်ထားလောက်အောင် ဈေးသက်သက်သာသာဖြင့် ရလိုက်သောကြောင့် သူပင် တအံ့တဩ ဖြစ်သွားရသည်။

သည်အိမ်ကြီးက လူကုံထံများနေထိုင်ရာ အဆင့်မြင့်အိမ်ယာဝန်းတစ်ခုထဲရှိ ခြံကျယ်ဝန်းကျယ်ထဲတွင် ဆောက်လုပ်ထားသည့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်လုံးဖြစ်သော်ငြားလည်း အိမ် ငှားခကတော့ နားကြားလွဲတာလားဟုပင် ထင်ရလောက်အောင် အဖိုးနှုန်းချိုသာလှ၏။ ထို့ထက်ပို၍ မယုံကြည်နိုင်စရာကောင်းသည့်အချက်မှာ အိမ်ကြီးနှင့်အတူ အဲယားကွန်း၊ ရေခဲသေတ္တာ၊ ဂြိုဟ်တုစလောင်းစက်နှင့် အခြားအိမ်ထောင် ပရိဘောဂပစ္စည်းများ စုံစုံလင်လင် ပါရှိခြင်းပင် ဖြစ်သည်။

သူ့အကြောင်းစုံ ရှင်းပြလိုက်ပြီးသည့်အခါတွင် မြတ်သူက...

'ဟုတ်လား... ဒီအိမ်ကြီးကို ဒီလောက်ဈေးနဲ့ ငှားလို့ရတယ်ဆိုတော့ တန်တာပေါ့ကွ'

မေးစေ့ချွန်ချွန် အသားညိုညို ပိန်ပိန်ပါးပါးနှင့် မြတ်သူမှာ သူ့စကားကိုကြားပြီး မယုံနိုင်အောင် ဖြစ်နေ၏။

ဘေးနားတွင်ရပ်နေသော ကျော်ဇင်လတ်ကလည်း အိမ်ခြေရင်းရှိ စိမ်းစိုညိုညာနေသည့် မြက်ခင်းပြင်ကိုကြည့်ကာ...

'မိုက်တယ်ဟေ့... ဒီလို မြက်ခင်းပြင်ကြီးရှိတာနဲ့တင် တော်တော်တန်နေပြီ၊ အရင်တုန်းကလို တို့တွေ လမ်းမပေါ်ထွက်ပြီး ဘောလုံးကန်၊ ခြင်းလုံးခတ်နေစရာ မလိုတော့ဘူး'

မျက်မှာတွင် ဝက်ခြံအနည်းငယ်ရှိပြီး အသားဖြူဖြူ၊ အရပ်ရှည်ရှည် မေးရိုးကားကားနှင့် ခေါင်းကို မဖြီးမသင်ဘဲ ရှုပ်ပွနေအောင် ထားတတ်သည့် ကျော်ဇင်လတ်က အမြဲသည်လိုပင်။ ကွင်းကျယ်ကျယ်၊ မြေပြန့်ပြန့်တွေ့လျှင် ဘောလုံးကန်၊ ခြင်းလုံးခတ်ဖို့ကိုသာ စဉ်းစားနေတတ်သူ ဖြစ်သည်။





သီဟသွေးက ကျော်ဇင်လတ်၏ စကားကြောင့် ပြုံးမိလိုက်ပြီး...

'ဒါဆိုလည်း နောက်နေ့ကျရင် မန်ချက်စတာ ဘောလုံးအသင်းကို ဖိတ်ပြီး ဒီမြက်ခင်းပြင်ပေါ်မှာ ကန်ကြတာပေါ့၊ မကောင်းဘူးလား ကျော်ဇင်လတ်'

'ကောင်းသားပဲ... မင်းကြီးဒေါ်ကြီးကို ဂိုးဖမ်းခိုင်းမယ်လေ'

'ဟား... ဟား... ဟား'

ကျော်ဇင်လတ်၏ အရွဲ့တိုက်စကားကြောင့် သူနှင့် မြတ်သူက ခွက်ထိုးခွက်လန် ရယ်မောမိလိုက်ကြလေသည်။

ထိုရယ်သံကြောင့် အိမ်ထဲသို့ ဆရာသတိုးလွင်နှင့်အတူ လိုက်ပါဝင်သွားသော မင်းတိုးက ထွက်လာပြီး...

'ဟေ့ကောင်တွေ... တိုးတိုးသက်သာ ရယ်ကြလေ၊ ဒါ ငါတို့အရင်နေတဲ့ ရပ်ကွက်လို မဟုတ်ဘူး။ သီးသီးသန့်သန့်နေကြတဲ့ ဆိတ်ငြိမ်ရပ်ကွက်ကွ။ ဆူညံမှုနဲ့ ရဲတိုင်လိုက်မှဖြင့်... '

'ဟား... ဟား... ဟား... ဒါမှ မင်းတိုးကွ'

အတည်ပေါက်ဖြင့် ကြိမ်းမောင်းလာသော မင်းတိုး၏ စကားကြောင့် ကျော်ဇင်လတ်က လက်သီးလက်မောင်းတန်းကာ ထပ်မံရယ်မောလိုက်ပြန်၏။

ဆံပင်များကို အမြဲတစေ Gel များများဖြင့် ထောင်ထားတတ်ပြီး အပြင်သွားလျှင် အင်္ကျီကို နှစ်ထပ်ဝတ်လေ့ရှိသော အသားညိုညိုနှင့် မင်းတိုးမှာ သူငယ်ချင်းများအပေါ်တွင် အနစ်နာခံတတ်ပြီး ပေါင်းရ



www.burmeseclassic.com

www.burmeseclassic.com



သင်းရ အဆင်ပြေသော သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သည်။

သို့ရာတွင် တစ်ခါတရံ၌ မင်းတိုးမှာ မည်သည့်ဂြိုဟ်ကမ္ဘာက ကျလာမှန်းမသိရလောက်အောင် နုံအသွားတတ်၏။ နောက် မင်းတိုး၏ ရယ်စရာကောင်းသော အချက်မှာ တခြားလူများကို ရုပ်အတည်ပေါက်နှင့် ဟိန်းတတ်ဟောက်တတ်သည့် အကျင့်ပင်။

သို့သော်လည်း သူ့ကို ပြန်နိုင်ပြီး အတည်ပေါက်နှင့် ကျပ်ရင်တော့ မင်းတိုးမှာ အယောင်ယောင် အမှားမှား ဖြစ်သွားလေ့ရှိ၏။

တစ်ခါတုန်းကဆိုလျှင် မင်းတိုးက သူတို့အား ကမ္ဘာ့ရေနံဈေးကွက် အကြောင်းကို အကျယ်တဝင့် ရှင်းပြနေချိန်ဖြစ်သည်။

ထိုအချိန်တွင် တစ်ချိန်လုံး ဘာမှဝင်မပြောဘဲ ဘေးမှနားထောင်နေသော မြတ်သူက မင်းတိုးအား ဝင်မေးလိုက်သည်။

'ဒါနဲ့... မင်းတိုး... ရေနံဆီက ဘယ်တွင်းထွက်က ရတာလဲကွ'

ရုတ်တရက်မေးလာသော မြတ်သူ၏ အမေးကြောင့် မင်းတိုးကြောင်အမ်းအမ်းဖြစ်သွား၏။ အဖြေကို ကျားကုတ်ကျားခဲ စဉ်းစားနေသော်လည်း ရပုံတော့ မပေါ်ချေ။ ခေါင်းပေါ်မှ ဆံပင်ထောင်ထောင်များပင် ပို၍ ထောင်လာသည်ဟု ထင်ရ၏။

ဉာဏ်ကြီးရှင်မင်းတိုးခမျာ အဖြေကို သုံးလေးရက်လောက် မအိပ်မနေစဉ်းစားပြီးမှ သူတို့အား ပြောပြသည်။

'ဓာတ်ဆီက' တဲ့။

'ဟား... ဟား... ဟား...'





အခုလည်း မင်းတိုးက သူ့အား လှောင်ပြောင်ရယ်မောနေသော ကျော်ဇင်လတ်အားကြည့်ကာ ဒေါသတကြီးဖြင့်...

'ဟေ့ကောင်... ကျော်ဇင်လတ်၊ မျက်နှာပြောင်မနေနဲ့၊ ဆရာခေါ်ခိုင်းလို့ မင်းတို့ကို ငါလာခေါ်တာကွ'

'ဒါဆိုလည်း ဆရာခေါ်နေတယ်လို့ ပြောလေကွာ၊ ဘာဖြစ်လို့ ရဲတိုင်မယ်လေး ဘာလေးပြောနေရတာလဲ၊ ဟား... ဟား... ဟား...'

ကျော်ဇင်လတ်၏ စကားအဆုံးတွင် မင်းတိုးက ဘာပြန်ပြောလို့ ပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူနှင့် မြတ်သူကတော့ ပြူးတူးကြောင်တောင်ဖြစ်နေသော မင်းတိုးကိုကြည့်ကာ တခွီးခွီးရယ်နေကြ၏။

သူတို့ သူငယ်ချင်းတွေက အမြဲ သည်လိုပင်။

တစ်ယောက်အမှားကို တစ်ယောက်စောင့်ကာ လှောင်ပြောင်ရယ်မောလေ့ရှိကြသော်လည်း မည်သူကမှတော့ စိတ်မဆိုးတတ်ကြပေ။

သူတို့က ငယ်သူငယ်ချင်းများ မဟုတ်ကြသော်လည်း အတူတူနေထိုင်ခဲ့ကြသည်မှာ ကြာမြင့်ပြီဖြစ်သဖြင့် သွေးသားရင်းချာ ညီအစ်ကိုများလို ဖြစ်နေကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အိမ်ထဲသို့ ရောက်လာခဲ့သည့်အချိန်တွင် ဆရာသတိုးလွင်က စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင်း အပေါ်ထပ်မှ ဆင်းလာကာ...

'ကားပေါ်ကပစ္စည်းတွေ အရင်ချလိုက်ကြဦးပေါ့... ပြီးရင် ငါနေမယ့် အခန်းထဲက အရင်လူတွေသုံးသွားတဲ့ မွေ့ရာကို တခြားအခန်းထဲ ရွှေ့ရအောင်'

ဆရာဝန်တစ်ဦးဖြစ်သလို စာရေးဆရာတစ်ယောက်လည်း ဖြစ်သည့် ဆရာသတိုးလွင်မှာ စည်းစနစ်ကျကျ နေထိုင်တတ်ပြီး အသန့်အပြန့်လည်း အလွန်ကြိုက်လှ၏။

အသက် သုံးဆယ့်ငါးနှစ်ကျော်ပြီ ဖြစ်သော်လည်း အမြဲတမ်း လူငယ်ဆန်ဆန် ဝတ်စားဆင်ယင် ပြောဆိုနေထိုင်တတ်သော ဆရာသတိုးလွင်ကို မရင်းနှီးသူများက အသက်သုံးဆယ်အရွယ်လောက်ပင် ထင်ကြသည်။

ဆရာသတိုးလွင်ကလည်း အိမ်ထောင်ပြုရန် စိတ်မဝင်စားဘဲ တပည့်များနှင့်သာ နေထိုင်ရင်း အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူ တစ်ယောက် ဖြစ်သည်။





ကျော်ဇင်လတ်၊ မင်းတိုးနှင့် မြတ်သူတို့ကတော့ လူပျိုလူလွတ်များဖြစ်ကြပြီး ဆရာသတိုးလွင်ထံမှ စာရေးခြင်း၊ ဇာတ်ညွှန်းရေးခြင်း စသည့် ပညာရပ်များကို အချိန်ပြည့် သင်ယူရင်း အတူနေထိုင်ကြ၏။

သူတစ်ယောက်သာလျှင် အိမ်ထောင်သည် ဖြစ်နေသောကြောင့် ဆရာဖြစ်သူထံတွင် အမြဲ အတူမနေနိုင်ပေ။ ဇနီးသည်ရှိရာ မြောက်ဒဂုံထံသို့ တစ်ပတ်လျှင် တစ်ခါနှစ်ခါလောက် သွားလိုက်ပြန်လိုက် လုပ်နေရသည်။

သီဟသွေးက ဆရာသတိုးလွင်ကို ခေါင်းညိတ်ပြလိုက်ပြီး...

'ဟုတ်ကဲ့ဆရာ ကျွန်တော်တို့ အောက်ထပ်မှာ လှဲကျင်းနေရာချပြီးတာနဲ့ အပေါ်ထပ်ကို တက်လာခဲ့မယ်'

'အေးအေး... ဒါဆိုလည်း မြန်မြန်ဆန်ဆန်လုပ်ကြကွာ၊ ဒီအိမ်ကြီးက လူမနေတာကြာပြီဆိုတော့ ဖုန်အလိမ်းလိမ်းနဲ့၊ ပြီးတော့... အပေါ်ထပ်က မင်းတို့အိပ်မယ့်အခန်းတွေကိုလည်း ရှင်းရ လင်းရဦးမယ်လေ'

'ဟုတ်... ဟုတ်... ဆရာ'

အားလုံးက တညီတညွတ်တည်း ဖြေလိုက်ပြီးသည့်နောက်တွင်တော့ အိမ်ပြောင်းလာသောပစ္စည်းများကို သယ်ပိုးနေရာချရန်အတွက် ကားရှိရာသို့ ထွက်လာခဲ့ကြသည်။

တကယ်တော့ သူတို့က အိမ်ပြောင်းလာကြသည်ဆိုသော်လည်း ပရိဘောဂပစ္စည်း ကြီးကြီးမားမားဟူ၍ တစ်စုံတစ်ခုမှမပါချေ။

အဝတ်အစားများ၊ စာအုပ်စာတမ်းများ၊ ပန်းချီကားများ၊ မီးဖို



www.burmeseclassic.com

www.burmeseclassic.com

ချောင်သုံး ပစ္စည်းအနည်းငယ်နှင့် ကွန်မြူတာတစ်လုံးသာ ပါရှိ၏။

ဆရာသတိုးလွှင်ပိုင်ဆိုင်သည့် အပြာရောင် Light truck ကား ရှိရာသို့ လာနေစဉ် သီဟသွေး၏ မျက်လုံးတွေက ခေါင်းရင်းခြံသို့ အမှတ်တမဲ့လှမ်းကြည့်မိသည်။

ထိုအခါတွင်တော့ သူတို့အား အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသော တစ်ဖက်ခြံမှ အဒေါ်ကြီးတစ်ယောက်နှင့် အိမ်ဖော်မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရလေ၏။

သို့ရာတွင် သီဟသွေးက မိတ်ဖြစ်ဆွေဖြစ် သဘောဖြင့် ပြုံးပြလိုက်သည့်အခါတွင်တော့ ထိုအဒေါ်ကြီးနှင့် အိမ်ဖော်မိန်းကလေးက ပြန်ပြုံးပြဖော်ပင်မရဘဲ အိမ်ထဲသို့ ကသောကမျော ဝင်သွားကြသည်။

ထိုအဖြစ်အပျက်ကြောင့် သီဟသွေးက အောင့်သက်သက်ဖြစ်သွားပြီး စိတ်ထဲမှ ပြောလိုက်မိသည်။

အင်း… ပိုက်ဆံရှိတယ်ဆိုပြီး အသားလွတ် ဘဝင်မြင့်နေကြတဲ့ လူတွေနဲ့တူတယ်။

ထိုသို့စဉ်မှာပင် မြတ်သူက…

'သီဟ… ငါတို့ ပန်းချီကားတွေ အရင်သယ်ရအောင်၊ နို့မို့ဆိုရင် တခြားပစ္စည်းတွေနဲ့ ထိခိုက်မိပြီး ပွန်းပဲ့ကုန်ဦးမယ်'

'အေးအေး… ဟုတ်တယ်၊ ဆရာက သူအမြတ်တနိုး စုဆောင်းထားတဲ့ ပန်းချီကားတွေကို အပွန်းအပဲ့ခံတာမဟုတ်ဘူး။ တော်ကြာ ငါတို့ပါ အဆူခံနေရဦးမယ်၊ လာ… လာ… သယ်ကြမယ်'





သည်လိုနှင့် ဧည့်ခန်းနံရံများပေါ်တွင် ချိတ်ဆွဲရန် ပန်းချီကားများကို သီဟသွေးနှင့် မြတ်သူတို့က အိမ်ထဲသို့ သယ်မလာခဲ့သည်။

မင်းတိုးကတော့ ပစ္စည်းများသယ်ပိုးနေရာချရန် စိတ်မဝင်စားဘဲ အိမ်အနှံ့ လျှောက်ကြည့်နေသည်။

နှုတ်မှလည်း အိမ်အတွင်းရှိ ဖွဲ့စည်းပုံများကို အလွတ်ရအောင် နှုတ်တိုက်ကျက်သလို တစ်ယောက်တည်း တတွတ်တွတ်ရေရွတ်နေ၏။

'လှေကားခြေရင်းရဲ့ ဘယ်ဘက်မှာ စတိုခန်းတစ်ခန်းရှိတယ်ကွ၊ ကျဉ်းတော့ကျဉ်းတယ်နော်၊ ဒါပေမဲ့ ထမင်းစားခန်းဘေးက ရေချိုးခန်း အိမ်သာတွဲရက်အခန်းကတော့ မဆိုးဘူး၊ နည်းနည်းကျယ်တယ်။ အင်း ဒါဆိုရင် အောက်ထပ်မှာတင် အိမ်သာကနှစ်ခု၊ ရေချိုးခန်းက တစ်ခန်း၊ မီးဖိုချောင်ကတစ်ခု၊ ဧည့်ခန်းကတစ်ခန်း၊ ထမင်းစားခန်းကတစ်ခန်း ရှိတာပေါ့'

မင်းတိုး၏ အူကြောင်ကြောင်အမူအယာကြောင့် စာအုပ်စင်တစ်ခုကို မနိုင်မနင်းသယ်လာသော ကျော်ဇင်လတ်က…

'ဟေ့ကောင်… မင်းတိုး၊ ဘာမှလုပ်စရာမရှိရင်လည်း ငါတို့ကို ကူသယ်ဦးလေကွာ'

ထိုစကားကြောင့် မင်းတိုး၏မျက်နှာ တင်းမာသွားသည်။ ပြီး…

'ငါက ဘယ်နားမှာ ဘာထားရမယ်ဆိုတာ လိုက်ကြည့်နေတာကွ၊ မင်း မမြင်ဘူးလား'

ရုပ်တည်ကြီးနှင့် ဟိန်းဟောက်လိုက်သော မင်းတိုး၏ စကား



www.burmeseclassic.com

www.burmeseclassic.com


အဆုံးတွင် ကျော်ဇင်လတ်မျက်နှာ ရှုံ့မဲ့သွား၏။

သူကတော့ မင်းတိုးနှင့် ကျော်ဇင်လတ်ကိုကြည့်ပြီး ပြုံးလိုက်မိသည်။

မကြာခင်မှာပင် မင်းတိုးက လှေကားခြေရင်းတွင် ထောင်ထားသော တံမြက်စည်းတစ်ချောင်းကိုယူကာ အပေါ်ထပ်သို့ တက်သွားလေ၏။

●

အောက်ထပ်တွင် ရှင်းလင်းနေရာချသွားပြီးသည့်နောက် သီဟသွေးနှင့် ကျော်ဇင်လတ်က ဆရာသတိုးလွင်၏ အခန်းရှိရာသို့ တက်လာခဲ့သည်။

အပေါ်ထပ်သို့ တက်သည့်လှေကား ကျွန်းလက်ရမ်းများဖြင့် ခန့်ခန့်ညားညား အလှဆင်ထားသော နှစ်ဆစ်ချိုးလှေကားဖြစ်ကာ ထိုလှေကားမှ တက်လာလျှင်တော့ ဘုရားခန်းကို ဦးစွာ မြင်ရ၏။

ဆရာသတိုးလွင်၏ အခန်းကတော့ ထိုဘုရားခန်းနှင့် ကပ်လျက်တွင်ရှိသလို သီဟသွေးတို့ နေထိုင်ရန် ရွေးချယ်ထားသည့် အစွန်ဆုံးအခန်းနှင့်လည်း တံခါးပေါက်ချင်း မျက်နှာချင်းဆိုင် တည့်တည့် ဖြစ်သည်။

ထိုအခန်းနှစ်ခန်းကြားတွင်တော့ နောက်ထပ် အခန်းတစ်ခန်းရှိသေး၏။

သီဟသွေးနှင့် ကျော်ဇင်လတ်တို့နှစ်ယောက် ဆရာသတိုးလွင်၏ အခန်းထဲသို့ ဝင်လာချိန်တွင်တော့ မင်းတိုးက ဖုန်အလိမ်းလိမ်းတက်နေသော ကြမ်းပြင်များကို တံမြက်စည်းတစ်ချောင်းဖြင့် သန့်ရှင်းရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ဆရာသတိုးလွင်က စာအုပ်များကို စာအုပ်စင်ပေါ်သို့ စီရီထည့်နေရာမှ …

'ဒီအခန်းက ခုတင်နဲ့ မွေ့ယာအဟောင်းကို အလယ်ခန်းထဲ ရွှေ့လိုက်ကြကွာ၊ ပြီးရင် Aircon က ဖုန်စစ်ဇ ကာကိုလည်း ဖြုတ်ပြီး ဆေးလိုက်ကြပါဦး၊ နို့မို့ဆိုရင် Aircon က အေးမှာမဟုတ်ဘူးကွ'

'Aircon ကတော့ ကောင်းလို့လားဆရာ'

ကျော်ဇင်လတ်၏စကားကို ဆရာသတိုးလွင်က ခေါင်းညိတ်ပြရင်း…

'ခုနကဖွင့်ကြည့်တာတော့ကောင်းတယ်၊ ဒါပေမဲ့ သိပ်မအေးသလိုပဲကွ၊ ဖုန်စစ်ဇကာကို ထုတ်ကြည့်တော့လည်း ဖုန်တွေက နည်းနည်းနောနော မဟုတ်ဘူး'

'ဟုတ်… ဟုတ်… ဆရာ ပြီးရင် လုပ်လိုက်မယ်'

ထို့နောက်တွင် သီဟသွေးနှင့် ကျော်ဇင်လတ်က အရင်နေသွားသူများ အသုံးပြုခဲ့သည့် ခုတင်နှင့် မွေ့ယာကို စတင်ဖြုတ်လိုက်ကြသည်။

မင်းတိုးကတော့ မျက်နှာကြက်တွင် ကပ်ငြိနေသော ပင့်ကူအိမ်များကို ရှင်းလင်းရန်အတွက် ထိုင်ခုံမြင့်မြင့်တစ်လုံး သွားယူ၏။

ကျော်ဇင်လတ်က ခုတင်ပေါ်မှ မွေ့ယာကို ဆွဲချနေရင်း…

'ဟင်… မွေ့ယာပေါ်မှာ ဘာတွေ စွန်းနေတာလဲ မသိဘူး။





အကွက်အကွက်တွေနဲ့ မွေ့ယာက အကောင်းကြီး ရှိသေးတဲ့ဥစ္စာ'

'ဟုတ်လား… ကျော်ဇင်လတ် ဘယ်မှာလဲ'

သီဟသွေးက ပြောပြောဆိုဆိုဖြင့် ကျော်ဇင်လတ် လက်ညှိုးညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက်သည်။

ကျော်ဇင်လတ်ပြောသလိုပင်။

အစိမ်းရောင်ဖျော့ဖျော့မွေ့ယာပေါ်တွင် ညိုညစ်ညစ်အစွန်းထင်းအကွက်တွေက ဟိုတစ်ကွက် သည်တစ်ကွက်နှင့်။

သီဟသွေးက တအံ့တသြဖြင့်…

'ဘာတွေ စွန်းနေတာလဲ မသိဘူးနော် ကျော်ဇင်လတ်၊ မွေ့ယာအကောင်းစားကြီးဆိုတော့ နှမြောစရာကြီးကွာ'

'အေးလေ… အရင်နေသွားတဲ့လူတွေက စည်းကမ်းမရှိကြဘူး ထင်တယ်'

'အဲဒါတွေနောက်မှ စဉ်းစားကြပါကွာ၊ အခုလောလောဆယ် ဒီမွေ့ယာနဲ့ ခုတင်ကို အရင်ရွှေ့ကြစမ်းပါ'

သည်တော့မှပင် သူတို့နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်သွားကြသည်။ အဲဒီနောက်တွင်တော့ ခုတင်နှင့် မွေ့ယာကို အလယ်ခန်းတွင် ပြောင်းရွှေ့တပ်ဆင်ရင်း သီဟသွေးနှင့် ကျော်ဇင်လတ်တို့နှစ်ယောက် အလုပ်ရှုပ်နေကြတော့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ညနေစောင်းသွားတော့မှ ခုတင်ရွှေ့သည့်ကိစ္စက ပြီးသွားသည်။

ကျော်ဇင်လတ်က နဖူးပေါ်မှ ချွေးတွေကို လက်ခုံဖြင့် သုတ်ရင်း...

'ငါတော့ ညစာစားဖို့ စီစဉ်လိုက်ဦးမယ်၊ မင်းပဲ ဆရာ့အခန်းထဲက Aircon ကို သန့်ရှင်းရေးလုပ်ပေးလိုက်တော့ သီဟ'

'အေးအေး...'

သူက ကျော်ဇင်လတ်ကို ပြန်ဖြေပြီး အလယ်ခန်းထဲမှ ထွက်လာခဲ့သည်။ ထိုစဉ် ဘုရားခန်းထဲတွင် ကွန်ပျူတာတပ်ဆင်နေသော မြတ်သူက သူ့အား လှမ်းကြည့်ရင်း...

'သီဟ... ကွန်ပျူတာက ဘာဖြစ်တာလဲ မသိဘူး၊ တက်တာနှေးနေတယ်ကွ'

'ဟာ... ဒီမှာ လူကြီးတွေ အလုပ်ရှုပ်နေတယ်လေကွာ၊ ဘာတွေလာမေးနေတာလဲ၊ တက်တာနှေးတယ်ဆိုတာ လှေကားမပါလို့နေမှာပေါ့'

'ဟေ့ကောင်သီဟ... ငါက အကောင်းမေးနေတာကွ'





'ငါလည်း အကောင်းဖြေနေတာပဲလေကွာ'

'မင်းကြီးတော်'

မြတ်သူက ဒေါသထွက်စရာတစ်ခုခုတွေ့တိုင်း ထိုသို့ ရေရွတ်ကြိမ်းဆဲလေ့ရှိသည်။

သူက စိတ်ဆိုးနေသော မြတ်သူကိုကြည့်ကာ ရယ်မောရင်း ဆရာဖြစ်သူ၏ အခန်းထဲသို့ ဝင်လာခဲ့၏။

ဆရာဖြစ်သူအခန်းက ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါရှိပြီး ကျယ်ကျယ်လွင့်လွင့်လည်း ရှိသောကြောင့် အခုလို ရှင်းလင်းနေရာချပြီး သွားသည့်အခါတွင်တော့ နေချင်စဖွယ်ဖြစ်သွားသည်။

သူဝင်လာသည့်အချိန်တွင် ဆရာဖြစ်သူက အခန်းထဲ၌ မရှိပေ။

ဆရာအောက်မှာထင်တယ်...

သီဟသွေးက ထိုသို့တွေးတောရင်း Aircon မှ ဖုန်စစ်ဇကာကို ဖြုတ်လိုက်၏။ ထို့နောက် ဖုန်စစ်ဇကာကိုဆေးကြောရန်အတွက် ရေချိုးခန်းသို့ လာခဲ့ကာ ဘေစင်မှ ရေဘားအားဖွင့်ရန် ပြင်လိုက်၏။

ထိုစဉ်မှာပင်...

'ဟင်...'

ဘေစင်ထဲမှ မည်းနက်ရှုပ်ထွေးနေသော အရာများကို တွေ့လိုက်ရသဖြင့် သီဟသွေးက အလန့်တကြား ဖြစ်သွားသည်။

သူ့ရှေ့ ဘေစင်ထဲတွင်တော့ မသတီစရာ ဆံပင်ချည်တွေက အတွေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ ထိုဆံပင်ချည်များကို တွေ့လိုက်ရသဖြင့် သူ့နှလုံးခုန်သံက တဒုန်းဒုန်းမြန်လာပြီး စိတ်ထဲတွင်လည်း နိမိတ်ဆိုးတစ်ခုခု လွှမ်းခြုံစိုးမိုးလိုက်သလို ခံစားလိုက်ရ၏။

လူမနေတာကြာတဲ့ အိမ်ထဲမှာ ဘယ်လိုလုပ် ဆံပင်ချည်တွေ ရောက်နေရတာလဲ။

●





ညစာစားပြီးသွားသည့်အခါတွင် သူက ထိုကိစ္စကို ဆရာသတိုးလွင်အား ပြောပြလိုက်၏။

ဆရာသတိုးလွင်က...

'ဒီအိမ်က လူမနေတာကြာပေမယ့် အိမ်ကို ပြုပြင်ထိန်းသိမ်းဖို့တော့ သန့်ရှင်းရေးအလုပ်သမားတွေ ငှားထားတယ်လေကွာ၊ သူတို့အထဲက အမျိုးသမီးတစ်ယောက်ယောက် ရေချိုးခန်းကို သုံးသွားတာနေမှာပေါ့ သီဟရာ'

'မသိပါဘူးဆရာရယ်၊ ကျွန်တော်က လူမနေတာကြာတဲ့ အိမ်ထဲမှာ ဆံပင်ချည်တွေ မြင်လိုက်ရလို့ ခေါင်းစားနေတာ'

သူ့စကားအဆုံးတွင် အားကစားဂျာနယ်တစ်စောင်ကို ဖတ်နေသော မြတ်သူက ဝင်ပြောလိုက်သည်။

'ဘာမှမဟုတ်ဘူး ဆရာ၊ ဒီကောင် ကိုရီးယားသရဲကားတွေ ကြည့်ပြီး ဆံပင်ချည်တွေ့တိုင်း ကြောက်နေတာ'

'ဟား... ဟား... ဟား'

မြတ်သူ၏ စကားကြောင့် အားလုံးက ပွဲကျသွားပြီး တဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com

တဟားဟားနှင့် ရယ်မောလိုက်ကြလေသည်။

သူကတော့ ရှက်ရွံ့မှုနှင့်အတူ ကိုယ့်စကားကို ကိုယ် နောင်တရမိသွား၏။ ငါ ဘာလို့ ဒီကောင်တွေ့ရှေ့မှာ ဒီစကားကို ပြောမိလိုက်ရတာလဲ၊ ဆရာနဲ့ နှစ်ယောက်တည်းတွေ့မှ မေးကြည့်လည်း ရရဲ့သားနဲ့။

သို့သော်လည်း သူက တိရစ္ဆာန် သေးသေးမွှားမွှားတွေကိုလည်းကြောက်၊ ခွေးအကြီးကြီးတွေကိုလည်းကြောက်၊ အမြင့်လည်းကြောက်နှင့်ဆိုတော့ သည်လို အစွပ်စွဲခံရတာ မဆန်းလှပေ။

အရာရာကို လက်တွေ့ကျမှ ယုံတတ်ပြီး တစ်ခုခုဆိုလျှင် ဦးနှောက်နှင့် စဉ်းစားဆင်ခြင်တတ်သည့် ဆရာသတိုးလွင်ကတော့ သူ့ကိုကြည့်ပြီး ပြုံးရုံသာ ပြုံးနေ၏။

ထိုစဉ် ဂစ်တာကို ဒေါင်ဒေါင်ဒင်ဒင်လုပ်နေသော မင်းတိုးက ဆရာသတိုးလွင်အား တခြားအကြောင်းအရာများကို မေးမြန်းလိုက်သဖြင့် သူသက်သာရာရသွားသည်။

သည်လိုမှမဟုတ်ရင်တော့ ကျော်ဇင်လတ်နှင့် မြတ်သူက သူ့အား လှောင်ပြောင်ရယ်မော၍ ဆုံးမှာမဟုတ်တော့ပေ။

မင်းတိုးက…

'ဒီအိမ်ကြီးက ဘာလို့ ဒီလောက်ဈေးချိုရတာလဲဆရာ၊ ကျွန်တော်တို့အပြင် တခြားငှားမယ့်လူမရှိလို့ ဒီဈေးနဲ့ရတာလား'

ဆရာသတိုးလွင်က မျက်မှန်ကို လက်ဖြင့် ပင့်တင်ရင်း…

'အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့ကွာ၊ ငါ့စိတ်ထင်တော့ အိမ်





ရှင်တွေက နေမယ့်မိသားစုဝင်တွေ မရှိမယ့်အတူတူ အိမ်လခနည်းနည်းယူပြီး အိမ်ငှားတင်ထားတာ ထင်တယ်'

'အဲဒီလိုတော့ မဟုတ်လောက်ဘူးထင်တယ် ဆရာ၊ ဒီလိုအိမ်မျိုးကို ဒီ့ထက်ပိုပေးရလည်း ငှားမယ့်လူတွေ အများကြီးရှိမှာပါ'

ကျော်ဇင်လတ်၏ အကျိုးအကြောင်းသင့်သော စကားကြောင့် သူပင် တွေဝေသွားမိသည်။

ဟုတ်တော့လည်း ဟုတ်သည်။

သည်လိုအိမ်မျိုးကို အခုငှားရမ်းထားသည့် ဈေးနှုန်းထက် နောက်နှစ်ဆသုံးဆပေးရလျှင်လည်း ငှားမယ့်လူတွေက တစ်ပုံတစ်ပင်ရှိနေနိုင်သည်။

ဆရာသတိုးလွင်ကတော့ မည်သည့်မှတ်ချက်စကားမှ မပြောဘဲ တစ်စုံတရာကို လေးလေးနက်နက် စဉ်းစားနေဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ထိုစဉ် မြတ်သူက အိမ်ရှေ့သို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်ရင်း…

'ဟင်… အိမ်ရှေ့ခြံကလူတွေ ဘာဖြစ်လို့ ငါတို့ကို တစ်ချိန်လုံးလိုက်ကြည့်နေကြတာလဲ'

'ဟုတ်လား… ဘယ်မှာလဲ'

အားလုံးက တအံ့တသြဖြစ်သွားပြီး အိမ်ရှေ့သို့ လှမ်းကြည့်လိုက်ကြလေသည်။

မြတ်သူ ပြောသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခြံမှ လူတွေက ခြံထဲဆင်းပြီး စကားပြောနေကြသလိုလို နှင့် သူတို့အိမ်အား ဝိုင်းအုံကြည့်နေကြသည်။ သူတို့ ပြန်ကြည့်နေသည်ကို မြင်တွေ့သွားတော့မှ အားလုံးက ကပျာကယာ မျက်နှာလွှဲသွားကြသည်။

ထိုအဖြစ်အပျက်ကြောင့် သူက ပြုံးလိုက်မိပြီး အေးစက်စက် လေသံဖြင့်...

'ဒါမျိုး အထူးအဆန်းလုပ်လို့ မြတ်သူရ၊ အိမ်ရှေ့ခြံတင်မဟုတ်ဘူး ခေါင်းရင်းခြံရော ခြေရင်းခြံပါ ငါတို့ကို ကြည့်နေကြတာကွ၊ ပြီးတော့ ခေါင်းရင်းခြံက မိန်းမကြီးဆို ငါပြုံးပြတာတောင်မှ ပြန်ပြုံးပြဖော်မရဘူး။ ချက်ချင်း အိမ်ထဲဝင်သွားလိုက်ကြတာ'

'ဟုတ်လား... တော်တော်လူမှုရေးခေါင်းပါးတဲ့ မိန်းမကြီးပဲ'

ကျော်ဇင်လတ်၏ စကားအဆုံးတွင် မင်းတိုးကလည်း ဝင်ပြောသည်။

'ငါတို့ကို လူသစ်တွေမို့ လိုက်ကြည့်နေတာနဲ့ တူပါတယ်ကွာ'

နောက်ဆုံး ဆရာသတိုးလွင် ဝင်ပြောမှ သူတို့အားလုံး ပါးစပ်ပိတ်သွားကြသည်။

'ကဲ... ကဲ... သူများအကြောင်းမပြောကြနဲ့တော့ အိပ်ကြရအောင်၊ ငါလည်း မနက်ကျရင် စာအုပ်တိုက်သွားစရာရှိသေးတယ်။ မင်းတို့ ကော ဘယ်သွားစရာရှိကြသေးလဲ'

ထိုစကားကြောင့် သူက...

'မနက်ဖြန်ကျရင်တော့ ကျွန်တော် မြောက်ဒဂုံ ခဏသွားလိုက်





ဦးမယ်ဆရာ'

မင်းတိုးကလည်း...

'ကျွန်တော်ကတော့ မြို့ထဲမှာ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတယ်'

'အေးအေး... ဒါဆိုလည်း သွားကြလေ၊ ငါကတော့ မိုးချုပ်မှ ပြန်ရောက်မှာ၊ မြတ်သူနဲ့ ကျော်ဇင်လတ်ကတော့ ငါနဲ့ လိုက်ခဲ့ကြပေါ့ မဟုတ်ဘူးလား'

'ဟုတ်ကဲ့... လိုက်ခဲ့မယ်ဆရာ'

မြတ်သူနှင့် ကျော်ဇင်လတ်တို့၏ စကားဆုံးသွားသည့်အခါတွင် ဆရာသတိုးလွင်က ရေတကောင်းကိုမကာ အပေါ်ထပ်သို့ တက်သွား၏။

ရှေ့ဆင့်နောက်ဆင့်ဆိုသလို သူတို့လည်း အောက်ထပ်မှ မီးများကို ပိတ်ကာ အပေါ်ထပ်သို့ လိုက်တက်လာခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်လတ်က ခေါင်ကို တဖြန်းဖြန်းခါရင်း...

'ဒီညတော့ ဒီအစွန်ဆုံးကအခန်းထဲမှာ စုအိပ်ကြတာ ကောင်းမယ် ထင်တယ်၊ နောက်နေ့မှ အခန်းခွဲအိပ်ကြတာပေါ့ကွာ'

ထိုစကားကြောင့် သူက မြတ်သူပေးသော ခေါင်းအုံးကို လှမ်းယူရင်း...

'အခန်းခွဲမအိပ်တဲ့ အတူတူအိပ်တော့ရော ဘာဖြစ်လို့လဲ ကျော်ဇင်လတ်ရာ၊ အရင်တိုက်ခန်းတုန်းကဆို တို့တွေ ကျဉ်းကျဉ်းကြုတ်ကြုတ် အခန်းထဲမှာတောင် ပူးကပ်ပြီး အိပ်ရသေးတာပဲ'

'အေးလေ...ဟုတ်တာပဲ၊ အခုမှ ဒီကောင်က ဘာလာကြီးကျယ်နေရတာလဲ'

မြတ်သူကပါ ဝင်ပြောလိုက်သဖြင့် ကျော်ဇင်လတ်က ခေါင်းကို လေးပင်စွာ ခါရမ်းလိုက်ကာ...

'မင်းတို့ကလည်း ငါ့ကိုဆိုရင် နှိပ်ကွပ်ဖို့လောက်ပဲ သိတယ်၊ ငါက ခုတင်နဲ့ မွေ့ယာနဲ့ မအိပ်ရတာကြာလို့ အလယ်ခန်းမှာ သွားအိပ်မလို့ပြောတာပါ'





ဟုပြောရင်း တံခါးပေါက်နားတွင် အိပ်ရန်အတွက် ပြင်ဆင်နေ၏။

မင်းတိုးကတော့ ဘယ်ကတည်းက အိပ်ချင်နေတာလဲမသိ။ သူတို့ စကားပြောနေစဉ်အတွင်းမှာပင် တခူးခူး တခေါခေါနှင့် အိပ်မောကျနေလေပြီ။

သူနှင့် မြတ်သူက စောင်တစ်ထည်ကို အတူခြုံရင်း ကျော်ဇင်လတ်နှင့် မင်းတိုး၏ ကြားတွင် ဝင်အိပ်လိုက်ကြသည်။

သိပ်မကြာခင်မှာပင် သူတို့အားလုံးက တစ်နေကုန် ပင်ပန်းထားသည့်အရှိန်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြလေတော့သည်။

ထို့ကြောင့်ပင် ညသန်းခေါင်ယံအချိန်၌ လှေကားအတိုင်း တက်လာသော ခြေသံတရှပ်ရှပ်ကို မည်သူမှ မကြားလိုက်မိချေတကား။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လသာသည့် ညတစ်ည... ။

ညဥ့်နက်သန်းခေါင်အချိန်မို့ တစ်လောကလုံးက ငြိမ်သက် တိတ်ဆိတ်စွာ အိပ်မောကျနေ၏။ လရောင်က ညအမှောင်ထုကို အံတုဖို့ ပြာလဲ့လဲ့လင်းနေသည်။ လေပြေလေညင်းများက တစ်ချက်တစ်ချက် ဖြတ်တိုက်သွား၍ သစ်ပင်တို့၏ လှုပ်ယမ်းသွားသံမှအပ ညသည် ပကတိ တိတ်ဆိတ်နေလေ၏။

ထိုအချိန်မှာပင် သီဟသွေးတစ်ယောက် အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာသည်။

ဟင်... ငါ ဘာဖြစ်လို့ နိုးလာရတာလဲ?

အိပ်မက် မက်လို့လား။

ဟင့်အင်း... အိပ်မက်လည်း မမက်ပါဘူး။

ဒါဆို ဘာကြောင့်လဲ...

သီဟသွေးက ညသန်းခေါင်ယံအချိန်တွင် အကြောင်းမဲ့ လန့်နိုးလာသောကြောင့် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

သူက အိပ်နေသည့်နေရာမှပင် တစ်စုံတစ်ရာ မလှုပ်ရှားဘဲ အခန်းတွင်းသို့ မျက်စိကစားကြည့်လိုက်သည်။

မည်သည့်လှုပ်ရှားမှုမှ မရှိ။

Aircon မှ ထွက်ပေါ်နေသော စက်သံသဲ့သဲ့မှအပ တစ်ခန်းလုံးက ပြတင်းပေါက်မှ စီးလဲ့ဖြာကျနေသော လရောင်အောက်တွင် ငြိမ်သက် တိတ်ဆိတ်နေလျက်။

ထိုတိတ်ဆိတ်ငြိမ်သက်မှုကပင် သူ့စိတ်တစ်ခုလုံးကို မကောင်းဆိုးဝါးအငွေ့အသက်များသဖွယ် ဖိစီးလေးလံနေစေတာလား မပြောတတ်။

သူကတော့ မှောင်မည်းတိတ်ဆိတ်နေသည့် ညဥ့်အလယ်တွင် ထူးဆန်းတဲ့ အာရုံခံစားမှုတစ်ခုကို ခံစားနေရသည်။

ထိုစဥ်မှာပင် သူနှင့် တစ်ယောက်အကျော်တွင် အိပ်နေသော မင်းတိုးက အိပ်ရာထဲမှ ဝေါက်ခနဲ ထထိုင်လာ၏။

သူ စကားပြောရန် ပြင်လိုက်သည့်အချိန်တွင်တော့ မင်းတိုးက အိပ်ရာထဲမှထကာ သူ့အား ဖြတ်ကျော်ပြီး တံခါးရှိရာသို့ လျှောက်သွားလေသည်။ နောက် အခန်းတံခါးကိုဖွင့်ကာ မင်းတိုးက အပြင်သို့ ထွက်သွား၏။

ဟင်... မင်းတိုး ညကြီးသန်းခေါင် ဘယ်ထွက်သွားတာလဲ?

သီဟသွေးက မင်းတိုးကိုကြည့်ကာ နားမလည်နိုင်အောင် ဖြစ်သွားပြီး လဲ့အိပ်နေရာမှ ထထိုင်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် မြတ်သူနှင့် ကျော်ဇင်လတ်တို့ အသီးသီး ထထိုင်လာကြသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရ၏။

ထိုအဖြစ်အပျက်ကြောင့် သူက အံ့သြတကြီးဖြစ်သွားပြီး...

'ဟင်... မင်းတို့လည်း နိုးနေကြတာလား'

ဟု အလန့်တကြား မေးလိုက်သည်။

မြတ်သူက မျက်လုံးအကြောင်သားဖြင့် သူ့အား ပြန်စိုက်ကြည့်ရင်း...

'အင်း... ဟုတ်တယ်၊ ငါ နိုးနေတာကြာပြီ'

'ငါလည်း ထူးထူးဆန်းဆန်းနဲ့ ဘာကြောင့်မှန်းမသိဘူး နိုးနေတာကွ'

ကျော်ဇင်လတ်စကားအဆုံးတွင်တော့ သူမယုံနိုင်လောက်အောင် ဖြစ်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဒါ... ဒါဆို ငါတို့သုံးယောက်စလုံး ထူးဆန်းတဲ့ အာရုံခံစားမှု တစ်ခုကို တညီတညွတ်တည်း ခံစားရပြီး နိုးနေကြတာပေါ့။

သူ့အတွေးတွေ ကစဉ့်အလျား ဖြစ်နေစဉ်မှာပင် မြတ်သူက ပွင့်နေသော အခန်းတံခါးကို လှမ်းကြည့်လိုက်ပြီး...

'ဒါနဲ့ မင်းတိုးက ညကြီးမင်းကြီး ဘယ်ထွက်သွားတာလဲ သိဟ'

'ငါလည်းမသိဘူးလေ ဒီကောင် ဝေါက်ခနဲ ထထိုင်ပြီး ထွက်သွားတာပဲ မြင်လိုက်ရတာ'

ကျော်ဇင်လတ်က ခြုံထားသော စောင်ကို ကိုယ်ပေါ်မှ ခွာကာ...





'အပေါ့အပါးများသွားတာလား၊ တော်ကြာ မှောင်မှောင်မည်းမည်းနဲ့ ချော်တွေဘာတွေ လဲနေဦးမယ်'

ဟု ဝင်ပြောသည်။

သူက မျက်လုံးကို ပွတ်သတ်ရင်း...

'တစ်ခုခုတော့ တစ်ခုခုပဲကွ၊ တိတ်တိတ်လေး လိုက်ကြည့်ကြရင် မကောင်းဘူးလား'

ထိုစကားကို မြတ်သူနှင့် ကျော်ဇင်လတ်က ထောက်ခံသည့်အနေဖြင့် သူ့အား ခေါင်းညိတ်ပြသည်။

ထိုအကြံအစည်ကြောင့် သူတို့သုံးယောက်သား အိပ်ခန်းထဲမှ ထွက်ကာ လှေကားရှိရာသို့ ခြေသံလုံလုံနင်းကာ လျှောက်လာလိုက်ကြသည်။

အပေါ်ထပ်တစ်ခုလုံးက မှောင်မည်းနေသော်လည်း မီးဖွင့်ဖို့ကိုတော့ တစ်ယောက်မှ သတိမရကြပေ။

လှေကားလေးငါးထစ်မျှဆင်းပြီး အောက်ထပ်သို့ လှမ်းမြင်လိုက်ရသည့်အချိန်တွင်တော့ သူတို့သုံးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။

'ဟင်... မင်းတိုး ဘာလုပ်နေတာလဲ'

လှေကားခြေရင်း ရှေ့တည့်တည့်ရှိ ထမင်းစားခန်းတံခါးကိုဖွင့်ကာ အမှောင်ထဲသို့ တွေတွေကြီး စိုက်ကြည့်နေသော မင်းတိုး၏ ထူးဆန်းသည့် အပြုအမူကြောင့် သူက သတိလက်လွှတ်ဖြစ်ကာ ရှေ့ရွတ်



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်။

သို့သော် မင်းတိုးကတော့ သူ့စကားသံကို ကြားပုံမပေါ်ချေ။

အမှောင်ထဲသို့ပင် အသိမဲ့နေသောလူတစ်ယောက်လို မျက်လုံးအကြောင်သားဖြင့် ငေးစိုက်ကြည့်နေဆဲ...

ထိုမြင်ကွင်းကြောင့် သူတို့သုံးယောက်စလုံး နားမလည်နိုင်အောင်ဖြစ်သွားပြီး မင်းတိုးကို ကြက်သေသေကြည့်နေမိကြသည်။

ခဏအကြာတွင်တော့ မင်းတိုးက ထမင်းစားခန်းမှ အကြည့်ကိုဖယ်ကာ ဧည့်ခန်းဘက်သို့ ဝိညာဉ်ဆန်သော လှုပ်ရှားမှုဖြင့် တစ်လှမ်းခြင်း လျှောက်သွားလေ၏။

နောက်... အိမ်ရှေ့တံခါးမကြီးနှင့်အတူ သံပန်းတံခါးကို တရောင်းရောင်းနှင့် ဆွဲဖွင့်နေသံကိုပါ ကြားလိုက်ရသည်။

'ဒီကောင် ဘာကြောင်တာလဲကွ၊ ညကြီးမင်းကြီး အိမ်ပြင်ထွက်ပြီး ဘာလုပ်မလို့လဲ'

'အေးလေကွာ၊ ဒီကောင် အိပ်ချင်မူးတူးနဲ့ ဘာတွေ လျှောက်လုပ်နေတာလဲ မသိဘူး၊ အပေါ့အပါးသွားတာလဲ မဖြစ်နိုင်လောက်ဘူး ထင်တယ်'

မြတ်သူ၏ ညည်းညည်းညူညူပြောလိုက်သော စကားသံအဆုံးတွင် သူကလည်း ခေါင်းကို လေးပင်စွာခါရမ်းရင်း။

'မင်းတိုးကိုကြည့်ပြီး ငါတော့ ရူးချင်လာပြီကွာ၊ လာ...လာ အပေါ်ထပ်ဝရံတာကနေ ဒီကောင် ဘာလုပ်နေသလဲဆိုတာကို ကြည့်ရ





အောင်'

ထိုသို့ဖြင့် သူတို့သုံးယောက်က ဘုရားခန်းထဲသို့ တက်လာခဲ့ပြီး အပြင်ဘက်သို့ ထွက်သည့်တံခါးကို ဖွင့်ကာ ဝရံတာပေါ်မှတစ်ဆင့် ခြံဝန်းထဲသို့ ငုံ့ကြည့်လိုက်ကြလေသည်။

'ဟင်...'

'ဟာ...'

နောက်တစ်ကြိမ် သူတို့သုံးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်သည်။

အကြောင်းက ညအချိန်မတော်တွင် အိမ်ကြီးကို တစ်ပတ်ပြီး တစ်ပတ် ပတ်ကာ လမ်းလျှောက်နေသော မင်းတိုးအား ခြံဝန်းထဲ၌ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထူးဆန်းသည်မှာ မင်းတိုး၏ လှုပ်ရှားမှုအားလုံးကလည်း တွေ့မြင်နေကျအတိုင်းမဟုတ်ဘဲ တခြားလူတစ်ယောက်ယောက်လားဟုပင် ထင်ရ၏။

အထူးသဖြင့် ခေါင်းငိုက်စိုက်ချကာ လက်နှစ်ဖက်ကို တွဲလောင်းချ ရွေ့လျားနေပုံက အသက်မဲ့နေသည့် လူတစ်ယောက် လမ်းလျှောက်နေသည့်အလား။

ထူးဆန်းသော မြင်ကွင်းကြောင့် သူပင် နားလည်ရခက်သွားပြီး ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်မိသည်။

နှုတ်မှလည်း ညည်းညည်းညူညူဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ခြံထဲမှာ တရေးနိုး ဘာများ ထရှာနေတာလဲ မသိဘူး ကွ'

ဟု ရေရွတ်လိုက်၏။

မြတ်သူက အိမ်ကြီးကို လှည့်ပတ်နေသော မင်းတိုးအား မျက်စိ တဆုံး လိုက်ကြည့်ရင်း...

'ဒီခြံဝန်းထဲမှာ ရတနာသိုက်ရှိတယ်လို့ အိပ်မက်မက်ပြီး ထရှာ နေတာထင်တယ်၊ ပြောလို့မရဘူး။ ဒီကောင်က တကယ်လုပ်ရင် လုပ် မယ့်ကောင်'

'ဟာကွာ... ဒီကောင် အူကြောင်ကြောင်နိုင်တာနဲ့ ငါတို့တော့ သက်သက် အိပ်ရေးပျက်တာပဲ၊ တော်ပြီ... တော်ပြီ ငါတော့ သွားအိပ် တော့မယ်'

ကျော်ဇင်လတ်က စိတ်မရှည်သည့်လေသံဖြင့် ပြောရင်း အိပ် ခန်းရှိရာသို့ လှည့်ထွက်သွားသည်။

နောက်... သူနှင့် မြတ်သူလည်း မင်းတိုးကို ဆက်စောင့် ကြည့် မနေတော့ဘဲ အိပ်ခန်းဆီသို့ ပြန်လာခဲ့ကြ၏။

အိပ်ခန်းထဲသို့ ပြန်ရောက်သည့်အခါတွင်တော့ သုံးယောက်စလုံး မျက်စိကြောင်နေကြသဖြင့် ချက်ချင်း အိပ်မပျော်နိုင်ကြပေ။

သိပ်မကြာခင်မှာပင် အပေါ်ထပ်သို့ တက်လာသည့် ခြေသံတစ်သံ ကို ကြားလိုက်ရသည့်အတွက် သူတို့သုံးယောက်စလုံး အိပ်ယာထဲမှ ငေါက်ခနဲ ထထိုင်လိုက်ကြသည်။

ဒါ... မင်းတိုးရဲ့ ခြေသံထင်တယ်။





ထိုအတွေးကြောင့် သူက လှေကားအတိုင်း တက်လာသော ခြေသံတို့ကို နားစွင့်နေလိုက်၏။

သူလိုပင် မြတ်သူနှင့် ကျော်ဇင်လတ်ကလည်း ထိုခြေသံများကို စောင့်ဆိုင်း နားစွင့်နေကြသည်။

တရှပ်ရှပ်နှင့် ကြားနေရသော ခြေသံများက သူတို့ အိပ်ခန်းနှင့် တဖြည်းဖြည်း နီးကပ်လာပြီးသည့်နောက်...

'ကျွီ'

ထိုတံခါးဖွင့်သံနှင့်အတူ သူထင်သည့်အတိုင်း အိပ်ခန်းထဲသို့ မင်းတိုး ပြန်ဝင်လာသည်ကို တွေ့လိုက်ရ၏။

သူက သိချင်စိတ်ကို မမျိုသိပ်နိုင်တော့ဘဲ လှမ်းမေးလိုက်သည်။

'မင်းတိုး... ညကြီးမင်းကြီး ဘာထလုပ်တာလဲကွာ'

သို့ရာတွင် မင်းတိုးက သူ့စကားကို မည်သို့မျှ ခွန်းတုံ့မပြန်ချေ။ ဒါမှမဟုတ် မကြား၍ပဲလားမသိ။

မျက်လုံးနှစ်လုံးကို ရှေ့တူရှုသို့ တွေတွေကြီးစိုက်ကြည့်ရင်း သူ့ အိပ်ရာဆီသို့ လျှောက်သွားသည်။

အဲသည့်နောက်တွင်တော့ မင်းတိုးက အိပ်ရာပေါ်သို့ လှဲချကာ တခူးခူး တခေါခေါနှင့် ပြန်၍ အိပ်ပျော်သွားလေ၏။

နောက်ဆုံး... နားမလည်နိုင်မှုများကို ပွေ့ပိုက်ရင်း ကျန်ရစ်ခဲ့ သူက သူတို့သုံးယောက်သာ ဖြစ်လေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

'ညတုန်းက ဘာဖြစ်တာလဲ မင်းတိုး'

မနက်ဖက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း မြတ်သူက မင်းတိုးအား လှမ်းမေးလိုက်သည်။

မင်းတိုးက သကြားပလာတာတစ်ချပ်ကို ကိုက်ဖဲ့နေရာမှ ပလုပ်ပလောင်းအသံဖြင့်...

'ဟမ်... ငါဘာဖြစ်လို့လဲ'

ထိုအဖြေစကားကြောင့် သူတို့သုံးယောက်စလုံး မင်းတိုးအား ဒေါသအရိပ်ဖုံးနေသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ကြ၏။

မင်းတိုးကတော့ ဘာမှမဖြစ်သလိုနှင့် သူ့ရှေ့တွင် ချထားသော လက်ဖက်ရည်ခွက်ကို လှမ်းယူကာ တစ်ငုံ စုပ်သောက်လိုက်သည်။

သူပင် မင်းတိုးကိုကြည့်ပြီး အူယားသွားမိ၏။

ဒီကောင် ဘာလို့များ ရူးချင်ယောင်ဆောင်နေရတာလဲ။

ညကြီးမင်းကြီး အိမ်ကို ပတ်နေတာ အားလုံးမြင်တာပဲ။

သူတွေးတောနေစဉ် မြတ်သူက မင်းတိုး၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး...





'ဘာအခုမှ မသိချင်ယောင်ဆောင်နေရတာလဲ မင်းတိုး၊ မင်း ညအချိန်မတော်ကြီး ခြံထဲဆင်းပြီး အိမ်ကို ပတ်နေတာလေကွာ၊ မမှတ်မိဘူးလား'

'ဟင်... ဟုတ်...ို့လား၊ မင်းတို့ လူမှားတာဖြစ်ပါလိမ့်မယ်ကွာ၊ ငါ ညတုန်းက မင်းတို့ထက် အရင်အိပ်သွားတာလေ'

'ဟာ... ဒီကောင်တော့ အူကြောင်ကြောင်လုပ်နေပြန်ပြီ။ မင်းပဲ အိပ်ရာထဲကနေ ငေါက်ခနဲထပြီး ခြံထဲဆင်းသွားတာလေ၊ ခြံထဲမဆင်းခင် ထမင်းစားခန်းထဲကိုတောင် မင်း တွေတွေကြီး စိုက်ကြည့်နေသေးတယ်လေကွာ'

ကျော်ဇင်လတ်ကပါ ဝင်ပြောနေသော်လည်း မင်းတိုးကတော့ ခေါင်းကို ခါယမ်းနေဆဲပင်။

သူကမူ စိတ်မရှည်နိုင်တော့။

'မင်း တကယ်ဘာမှမသိဘူးလား မင်းတိုး၊ မင်း ခြံထဲဆင်းပြီး လမ်းလျှောက်တာကို ငါတို့အားလုံး မြင်တယ်၊ ငါတို့က မင်းတစ်ခုခု ပျောက်လို့ လိုက်ရှာနေတယ်ထင်တာကွ'

'ဟုတ်လို့လားကွာ၊ မင်းတို့ ငါ့ကို လိမ်နေကြတာ မဟုတ်ပါဘူးနော်'

မင်းတိုးက အခုထိ ယုံကြည်ဟန်မတူသေးပေ။ သူတို့အားလုံးကို ပြူးတူးကြောင်တောင် မျက်လုံးများဖြင့် လိုက်ကြည့်နေသည်။

သူတို့အားလုံးကလည်း မင်းတိုးကို နားမလည်နိုင်အောင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ထိုစဉ် နံနက်စာစားနေသော ဆရာသတိုးလွင်က...

'အိပ်မက်ယောင်တာ ထင်ပါတယ်ကွာ၊ မင်းတိုးက အိပ်မက် မက်ပြီး လမ်းထလျှောက်တာနေမှာပေါ့။ အဲဒါကို အင်္ဂလိပ်လို Sleep-walker လို့ခေါ်တယ်။ ဒါမျိုးက လူတစ်ထောင်မှာ တစ်ယောက်လောက် ဖြစ်တတ်ကြတယ်ကွာ မဆန်းပါဘူး'

ထိုစကားအဆုံးတွင် သူတို့အားလုံး ကိုယ်စီကိုယ်စီအတွေးများဖြင့် နှုတ်ဆိတ်သွားကြ၏။ သို့သော် ထိုအဖြေကိုတော့ ဘယ်သူမှ ကျေနပ် လက်ခံချင်ပုံမရ။

သူကိုယ်တိုင်လည်း ဒီကိစ္စကို သိပ်ဘဝင်မကျမိပေ။

သူ မင်းတိုးနှင့် ခင်မင်ရင်းနှီးလာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ။ သို့သော် မင်းတိုး အိပ်မက်ယောင်တတ်တာကိုတော့ သူ တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မကြားဘူးပေ။ ပြီးတော့ မင်းတိုးက အခုကျမှ ကောက်ခါငင်ခါကြီး Sleepwalker ဖြစ်သွားတယ်ဆိုတာကိုလည်း သူ လက်မခံချင်။

တစ်ခုခုများ မှားနေတာလား?

သူ့အတွေးတွေ လွင့်မျောနေစဉ်မှာပင် ဆရာသတိုးလွင်က ပိုက်ဆံရှင်းရန် စားပွဲထိုးအား လှမ်းခေါ်လိုက်သဖြင့် သူ့အတွေးစက ပြတ်သွားသည်။

ပိုက်ဆံရှင်းပြီးသွားသည့်အခါတွင် ဆရာသတိုးလွင်က...

'ကဲ... သီဟ၊ မင်းမြောက်ဒဂုံသွားမှာဆိုလည်း ဒီကနေပဲ လမ်းခွဲ





ကြတာပေါ့။ မင်းတိုးက မြို့ထဲသွားမှာဆိုရင် လမ်းကြုံတာပဲ ငါတို့နဲ့ လိုက်ခဲ့လေ'

ဟု ထိုင်ရာမှ ထရင်း ပြောလိုက်၏။

ထို့နောက်တွင်တော့ သူက အားလုံးကို နှုတ်ဆက်ကာ ကားမှတ်တိုင်သို့ ထွက်လာခဲ့တော့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သူဇာတစ်ယောက် နေမှကောင်းရဲ့လား...

ခြံတံခါးလာဖွင့်ပေးသော ဇနီးသည်ဖြစ်သူ၏ မျက်နှာကို မြင်တွေ့လိုက်ရချိန်တွင် ထိုအတွေးက သူ့ခေါင်းထဲသို့ ဝင်လာသည်။

ဇနီးသည်ဖြစ်သူ၏ ရုပ်ရည်က သိပ်အချောအလှကြီးမဟုတ်သော်လည်း အသားဖြူဖြူ၊ မေးရိုးသွယ်သွယ်၊ နှုတ်ခမ်းပါးပါးနှင့်ဆိုတော့ ကြည့်ပျော်ရှုပျော်ရှိ၏။

အမြဲတစေ ဆံပင်ရှည်များကို သေသပ်စွာ ဖြီးသင်ထားတတ်ပြီး မျက်နှာတွင် သနပ်ခါးအဖွေးသားနှင့် ဇနီးသည်ကိုမြင်ရတိုင်း သူ့ရင်ထဲတွင် အေးချမ်းမှုကို ခံစားနေရမြဲ။ သို့ရာတွင် သည်နေ့တော့ ထိုအေးချမ်းမှု အရိပ်အငွေ့ကိုပင် သူမခံစားရပေ။

ဇနီးသည်ဖြစ်သူ၏ မျက်နှာက စိတ်ထိခိုက်မှု တစ်စုံတစ်ရာကြောင့် ညှိုးငယ်ဖျော့တော့နေသလို ဆံပင်ရှည်များကလည်း ပွယောင်းနေလျှက်။





မျက်ဝန်းများကပင် နီရဲအစ်မို့နေသောကြောင့် ငိုထားမှန်း သိသာနေ၏။ သူက ခြံထဲသို့ ဝင်လိုက်ရင်း...

'ဘာဖြစ်နေတာလဲ သူဇာ နေမကောင်းဘူးလား'

နေမကောင်းဖြစ်နေတာ မဟုတ်မှန်း သိနေသည့်တိုင် ထိုစကားက သူ့နှုတ်ဖျားမှ အလိုလို ထွက်ကျသွားသည်။

သူဇာက ခြံတံခါးပင် ပြန်မပိတ်နိုင်အားဘဲ သူ့ရင်ခွင်ထဲသို့ မျက်နှာအပ်ကာ တရှုံ့ရှုံ့ငိုကြွေးလေ၏။

'ဘာဖြစ်လို့ ငိုနေရတာလဲ သူဇာ ကိုယ့်ကို ရှင်းပြဦးလေ'

စိုးရိမ်တကြီးဖြင့် သူက တတွတ်တွတ် မေးနေသည့်တိုင် ဇနီးသည်ဖြစ်သူက တသိမ့်သိမ့် ရှိုက်ငိုနေလျှက်ပင်။ အတန်ကြာမှ...

'အစ်ကို့ကို သူဇာ ပြောစရာတွေ အများကြီးရှိတယ်'

ဟု ရှိုက်သံစွက်ရင်း ပြောလာသည်။

သူက ဇနီးသည်၏ ပခုံးစွန်းနှစ်ဖက်ကို ကြင်ကြင်နာနာ ဆုပ်ကိုင်ရင်း...

'ဒါဆိုလည်း ခြံထောင့်က ခန်းပေါ်ထိုင်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့ သူဇာရယ်'

ထိုစကားအဆုံးတွင် ဇနီးသည်သူဇာက သူ့ရင်ခွင်ထဲမှ အသာရုန်းထွက်ရင်း သူမ၏ မျက်နှာပေါ်သို့ ကျနေသည့် ဆံစများကို သပ်တင်လိုက်သည်။ သို့ရာတွင် ဆံနွယ်မျှင်အချို့က သူမ၏ နဖူးထက်တွင် ဝဲကျနေဆဲပင်။


www.burmeseclassic.com

သူက သူမ၏လက်ကို ညင်ညင်သာသာဆုပ်ကိုင်ရင်း ခြံထောင့်ရှိ ဒန်းပေါ်သို့ ခေါ်လာခဲ့သည်။

ဒန်းပေါ်တွင် အတူတူထိုင်လိုက်ပြီးသည့်အခါတွင် ဇနီးသည်သူ့အား သူ့အား အဒေါ်နှင့်နေရသည့် အဆင်မပြေမှုများ၊ စိတ်ကျဉ်းကျပ်မှုများကို တဖွဲ့တနွဲ့ ပြောပြလေ၏။

●





ဖြစ်ကြောင်းကုန်စင်ကို နားထောင်ပြီးသွားသည့်အချိန်တွင်တော့ သီဟသွေးတစ်ယောက် သက်ပြင်းကိုသာ လေးလေးကန်ကန် ချလိုက်မိတော့သည်။

မရိုးနိုင်သည့် ပြဿနာများဖြစ်သော်လည်း ကြားရတိုင်း သူ့အဖို့ စိတ်ရှုပ်ထွေးသွားရစမြဲပင်။ ထို့အပြင် မိသားစုဝင်အရေးအတွက် များပြားသော အဒေါ်ဖြစ်သူနှင့်အတူ နေထိုင်ရသည့် ဇနီးသည်ဖြစ်သူ၏ ဒုက္ခကိုလည်း သူ စာနာသနားလာမိသည်။

သို့သော်လည်း သူတို့လင်မယားနှစ်ယောက်၏ ဘဝက ပုံချင်တိုင်းပုံလို့မရသည့် လှောင်ချိုင့်ထဲက ငှက်များလိုပင်။

သူတို့က တစ်အိုးတစ်အိမ် ထူထောင်လိုသော်လည်း ဇနီးသည်ဖြစ်သူ၏ ကိုယ်ဝန်ကို အကြောင်းပြု၍ နယ်တွင်နေသော ယောက္ခမဖြစ်သူက သူမ၏ ညီမအစ်မအရင်းဖြစ်သည့် သည်အဒေါ်အိမ်တွင်သာ နေစေလိုသည်။

ထို့အတွက်ကြောင့်ပင် မိဘစကားမပယ်ရှားလိုသော ဇနီးသည်ဖြစ်သူက သည်အိမ်တွင် နေနေရခြင်း ဖြစ်၏။

သူကတော့ သည်အိမ်တွင် အမြဲတစေ နေထိုင်သူမဟုတ်သည့်အတွက် ဇနီးသည်ဖြစ်သူလောက်တော့ စိတ်ကျဉ်းကျပ်သည့် ဒုက္ခကို မခံစားရပေ။

သည်လိုနှင့် ဇနီးသည်ဖြစ်သူကို ချော့မော့နှစ်သိမ့်ရင်း တစ်နေကုန်သွားခဲ့သည်။

www.burmeseclassic.com

သူဇနီးသည်ဖြစ်သူကို နှုတ်ဆက်ပြီး မြောက်ဒဂုံမှ ပြန်လာသည့် အချိန်တွင်တော့ မိုးစုန်းစုန်းချုပ်နေလေပြီ။

●





အိမ်ယာဝန်းရှေ့သို့ ပြန်ရောက်သည့်အချိန်တွင်ကား ည ခုနစ်နာရီ၊ ဆရာတို့တော့ ပြန်ရောက်နေလောက်ပြီ။

ထိုသို့တွေးရင်း သူက အိမ်ယာဝန်းထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့သည်။ ထို့နောက် အိမ်ယာဝန်းအတွင်းဘက်ရှိ ဆိုက်ကားဂိတ်မှ ဆိုက်ကားတစ်စီးအား လက်ယပ်လှမ်းခေါ်လိုက်၏။

သည်အိမ်ယာဝန်းက ရပ်ကွက်တစ်ခုစာလောက် ကျယ်ဝန်းသည့်အပြင် လမ်းများကလည်း ရှုပ်ထွေးလှသဖြင့် ခြေလျင်သွားရန် အဆင်မပြေပေ။ နောက် ပိုဆိုးသည့်တစ်ချက်မှာ သူတို့ ငှားရမ်းနေထိုင်သည့်အိမ်က သည်အိမ်ယာဝန်းအစွန့်ဖက်တွင် ရှိခြင်းပင်ဖြစ်သည်။

ထိုစဉ် နားတွင် နားကွင်းတစ်ဖက်ဝတ်ဆင်ထားပြီး သူ့ထက် အသက်ငယ်ပုံရသည့် ဆိုက်ကားသမားကောင်လေးတစ်ယောက်က သူ့အနားသို့ ဆိုက်ကားကို အပြေးအလွှား တွန်းလာပြီး...

'ဘယ်ပို့ပေးရမလဲ... အစ်ကို'

ဟုမေးရင်း ဆိုက်ကားကုရှင်တစ်ခုကို နောက်သို့ ဆွဲလှန်လိုက်၏။

သူက ပြန်မဖြေသေးဘဲ ဆိုက်ကားပေါ်သို့ အရင်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် ဆိုက်ကားဘီးစတင်လှိမ့်တော့မှ သူက...

'ကြိုးကြာလမ်း အိမ်နံပါတ် တစ်ရာ့ခြောက်ကို လိုက်ပို့ပေးကွာ'

'ဗျာ'

ဘာကြောင့်မှန်းမသိ။ ဆိုက်ကားသမားကောင်လေးက သူ့စကားကြားသည်နှင့် အလန့်တကြား ရေရွတ်ကာ မျက်စိမျက်နှာ ပျက်သွားသည်။

ထို့ကြောင့် သူက...

'ငါပြောတာ ဘာများ အလန့်တကြားဖြစ်စရာ ပါလို့လဲကွ၊ ကြိုးကြာလမ်း၊ အိမ်နံပါတ် တစ်ရာ့ခြောက်လေ'

'ဟုတ်... ဟုတ်... သိတယ်... အစ်ကို... အစ်ကိုက အဲဒီအိမ်ကို သွားမှာလား'

'အေးလေ... အဲဒီအိမ်ကိုသွားမလို့ မင်းဆိုက်ကားကို ငှားတာပေါ့၊ ဒါနဲ့ မင်းက ဘာဖြစ်လို့ မေးရတာလဲ'

ဆိုက်ကားသမားကောင်လေးက သူ့အား တုန်လှုပ်ချောက်ချားစွာ စောင်းငဲ့ကြည့်လိုက်ပြီး တုန်တုန်ယင်ယင်ဖြင့်...

'ဟုတ်လား... အစ်ကို၊ ကျွန်တော်က အဲဒီအိမ်ကို အစ်ကို့အရွယ်လူတွေ လိုက်ပို့ပေးရမယ်ဆိုရင် လန့်နေပြီဗျ'

ဆိုက်ကားသမားကောင်လေး၏ စကားကြောင့် သူက စိတ်ဝင်စားသွားပြီး မျက်မှောင်ကျုံ့လိုက်ကာ...

'မင်းက ဘာဖြစ်လို့ လန့်ရတာလဲ၊ ပြောစမ်းပါဦးကွ'





'ဟာ... အစ်ကိုက အဲဒီအိမ်ကြီးအကြောင်း မသိသေးဘူးနဲ့ တူတယ်'

ဆိုက်ကားသမားကောင်လေးက သူ့အားပြောရင်း ဆိုက်ကားကို အရှိန်မြှင့်နင်းလိုက်သည်။

သူက ဆိုက်ကားသမားကောင်လေး ဆက်ပြောလာမည့်စကားကို အလွန်အမင်း သိချင်သွားပြီး စောင့်မျှော်နေလိုက်၏။

ဆိုက်ကားသမားကောင်လေးက ဆိုက်ကားအရှိန်ရသည်နှင့် ဆက်မနင်းတော့ဘဲ ဖရီးရိုက်ထားလိုက်ကာ...

'အဲဒီအိမ်ကြီးက ဒီဝန်းထဲမှာတော့ နာမည်ကြီးပဲအစ်ကိုရ'

'ဟုတ်လား... ဘာလို့နာမည်ကြီးတာလဲ'

အရေးထဲ သိချင်နေသည့်အချိန်တွင် ဆိုက်ကားသမားကောင်လေးက စကားကို ဖြတ်ဖြတ်ပြောနေသဖြင့် သူပင် အောင့်သက်သက်ဖြစ်သွားမိသည်။

ဆိုက်ကားသမားကောင်လေးက...

'ဘာလို့နာမည်ကြီးသလဲဆိုရင် အဲဒီအိမ်ကြီးက လူသတ်မှုဖြစ်ထားတာလေ၊ လူသတ်မှုဖြစ်တာမှ ရိုးရိုးအောင်မဟုတ်ဘူး။ သတ်ပြီးသားအလောင်းကို ထမင်းစားခန်းထဲမှာ အင်္ဂတေနဲ့ အသေပိတ်ပြီး မြှုပ်ထားတာ အစ်ကိုရ'

'ဘာ'

ကြားလိုက်ရသော သွေးပျက်စရာစကားကြောင့် သူက စိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ်သွားပြီး အလန့်တကြား အော်ဟစ်မိလိုက်သည်။

တဆက်တည်းမှာပင် မနွေးညက မင်းတိုး ထမင်းစားခန်းထဲသို့ တွေတွေကြီး စိုက်ကြည့်နေသည့်ပုံက မဆီမဆိုင် သူ့ခေါင်းထဲသို့ ဝင်လာ၏။

ဆိုက်ကားသမားကောင်လေး ဆက်ပြောလာသော စကားများကလည်း ကျောချမ်းစရာတွေကြီးပင်။

'ဒီအကြောင်းတွေပြန်ပြောတော့ ကျွန်တော် စိတ်တောင်မကောင်းဘူး အစ်ကိုရာ၊ ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရတဲ့ အစ်ကို့ကို ကျွန်တော်ကိုယ်တိုင် အဲဒီအိမ်ကို လိုက်ပို့ပေးလိုက်တာလေ။ အဲဒီ အသတ်ခံရတဲ့ အစ်ကိုက အစ်ကိုတို့အရွယ်လောက်ပဲ ရှိသေးတယ်။ မှတ်မှတ်ရရ အဲဒီ အစ်ကိုဝတ်ထားတာ တီရှပ်အနီရောင်နဲ့ ဂျင်းဘောင်းဘီအပြာလေး အစ်ကိုရ'

'ဟုတ်လားကွာ... သူ့ကို ဘယ်သူကများ ရက်ရက်စက်စက် သတ်လိုက်ကြတာလဲ'

'ဘယ်သူရှိရမှာလဲ အစ်ကိုရာ၊ အဲဒီအိမ်က အိမ်ငှားလင်မယားပေါ့၊ အသတ်ခံရတဲ့ အစ်ကိုဆီက ပိုက်ဆံတွေအများကြီး ချေးထားပြီး ပြန်မပေးနိုင်တာနဲ့ အိမ်ထဲကို မျှားခေါ်ပြီး ဓားနဲ့ မသေမချင်း ထိုးသတ်လိုက်ကြတာလေ။ ပြီးတော့ အလောင်းကို ထမင်းစားခန်းထဲမှာ မြှုပ်ပြီး ကြမ်းပြင်ကို ခြေရာလက်ရာမပျက် အင်္ဂတေလောင်းပြီး ပြန်ပိတ်ထားလိုက်ကြတာ အစ်ကိုရ'





'အို... ကျွတ်... ကျွတ်... တယ်ရက်စက်တဲ့ လင်မယားပဲကွာ'

စုပ်ထွစ်သပ်သပ်ဖြင့် ပြောရင်း သူကိုယ်တိုင် စိတ်မကောင်းဖြစ်မိသွားသည်။ တပြိုင်နက်တည်းမှာပင် သူ့ရင်ထဲ၌ တုန်လှုပ်ချောက်ချားမှုနှင့်အတူ ဖော်မပြတတ်သော အမျိုးအမည်မသိ ဝေဒနာတို့ကို ခံစားလိုက်ရသည်။

ထို့အပြင် သူ့စိတ်တစ်ခုလုံးကလည်း သူတို့ ငှားရမ်းထားသည့် အိမ်ကြီးကို မသိုးမသန့် ဖြစ်မိသွား၏။

ဒုက္ခပါပဲ။ ဒါဆို ငါတို့ငှားထားတဲ့ အိမ်ကြီးက မသန့်ဘူးပေါ့၊ ဒီကိစ္စကို ဆရာ သိမှသိပါလေစ။

ဆိုက်ကားသမားကောင်လေးက ပင်လယ်ကဗ္ဗီးပင်များ စီတန်းစိုက်ထားသည့် လမ်းထဲသို့ ဆိုက်ကားကို ချိုးကွေ့ရင်း...

'အဲဒီထက်ပိုပြီး ကြက်သီးထစရာကောင်းတာက အမှုပေါ်လို့ အလောင်းပြန်ဖော်တဲ့ အချိန်ပဲအစ်ကို။ အလောင်းပြန်ဖော်တော့ ရဲအရာရှိတွေက အကူအညီတောင်းတာနဲ့ ကျွန်တော်တို့ပဲ ပြန်ဖော်ပေးရတာ။ အလောင်းက ထမင်းစားခန်းကြမ်းပြင်ထဲမှာ ကျင်းတူးပြီး ခေါင်းလိုက်ကြီး မြှုပ်ထားတော့ ပြန်လည်းဆွဲထုတ်ရော ခေါင်းက ပါမလာလို့ နောက်တစ်ခါထပ် တူးပြီး ရှာနေရသေးတယ်'

'တော်... တော်ပါတော့ကွာ၊ ကြားရတာနဲ့တင် ကြက်သီးထလာပြီ'

တကယ်လည်း သူက သွေးပျက်ချောက်ချားဖွယ် စကားများကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ နားမထောင်ချင်တော့ပါ။ ထို့ကြောင့် အာရုံပြောင်းသွားစေရန် လမ်းဘေးဝဲယာရှိ အိမ်များကို ငေးမောကြည့်ရင်း လိုက်ပါလာခဲ့သည်။

အိမ်ရှေ့သို့ ရောက်သည့်အခါတွင် ဆိုက်ကားသမားကောင်လေးက သူတို့အိမ်ဘက်သို့ တစ်ချက်မျှပင် လှည့်မကြည့်တော့ဘဲ ပိုက်ဆံယူပြီးသည်နှင့် တချိုးတည်း လှည့်ထွက်ကာ ဆိုက်ကားကို တရကြမ်းနင်းသွားလေတော့သည်။

သူကတော့ ဆိုက်ကားသမားကိုကြည့်ကာ ပြုံးရင်း ခြံထဲသို့ဝင်ရန် ပြင်လိုက်သည်။

ထိုအခါကျမှ ဆရာသတိုးလွင်တို့ ပြန်မရောက်ကြသေးသည်ကို သတိပြုမိသွား၏။

ဟင်... ဒုက္ခပါပဲ။ ဆရာတို့လည်း ပြန်မရောက်ကြသေးဘူး။ ဒီလိုမှန်းသိရင် သော့ယူထားလိုက်ပါတယ်။

သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညည်းညူညူရေရွတ်ရင်း ခြံဝန်းရှေ့တွင် အတန်ကြာသည်အထိ ရပ်နေသေးသည်။ သို့ရာတွင် သူ့ခြေထောက်တွေ ညောင်းကိုက်လာသည်အထိ စောင့်ဆိုင်းနေသည့်တိုင် ဆရာသတိုးလွင်တို့က ပြန်မရောက်လာကြသေးသဖြင့် သူက ခါးသာသာလောက်ရှိသော ခြံစည်းရိုးကို ကျော်တက်ကာ ဝင်လာခဲ့သည်။ ထို့နောက် ခြံဝန်းထဲရှိ ဒန်းပေါ်တွင် ထိုင်ရင်း ဆရာသတိုးလွင်တို့အား ဆက်၍ စောင့်ဆိုင်းလိုက်သည်။

ထိုစဉ်မှာပင် သူ့မျက်လုံးများက မည်းမှောင်တိတ်ဆိတ်နေသော





အိမ်ကြီးနှင့်အတူ သံပန်းတံခါးကာရံထားသည့် ထမင်းစားခန်းကို လှမ်းကြည့်မိလိုက်သည်။

တကယ်တော့ ထမင်းစားခန်းဟုဆိုသော်လည်း အိမ်ဆောက်စဉ်တုန်းကတော့ ကားဂိုဒေါင်အဖြစ်ထားရန် ရည်ရွယ်ပြီး ဆောက်လုပ်ခဲ့ဟန်တူသည်။ သို့သော် ကားမရှိသည့် လူတွေအတွက်တော့ ထိုအခန်းက အပိုသက်သက်ဖြစ်နေ၍ အရှေ့မှ သံပန်းတံခါးကိုပိတ်ကာ ထမင်းစားခန်း လုပ်ထားခြင်းဖြစ်၏။

အခု သူ့မျက်စိထဲတွင် ထိုအခန်းကို ထမင်းစားခန်းဟုပင် မမြင်နိုင်တော့ဘဲ သချိုင်းအဟောင်းတစ်ခုလို မြင်ယောင်လာမိသည်။

ထို့ကြောင့်ပင် သူ့စိတ်တွေက လှုပ်ရှားလာခြင်းဖြစ်ပြီး အိမ်ကြီးကို ချောက်ချားတုန်လှုပ်စွာ လိုက်ကြည့်နေမိခြင်းဖြစ်၏။

အတွေးတွေကလည်း တဖြည်းဖြည်း မဲမှောင်ချောက်ချားလာသည်။

အင်း... လူသေအလောင်းမြှုပ်ထားဖူးတဲ့ အိမ်ကြီးဆိုတော့ သရဲတွေဘာတွေများ ရှိ... ရှိ...

သူ့အတွေးမဆုံးခင်မှာပင် သူ့နောက်ကျောအမှောင်ထဲမှ အေးစက်ကြမ်းတမ်းသော လက်တစ်စုံက သူ့ပခုံးအား လာရောက်ဆုပ်ကိုင်လိုက်လေသည်။

'အောင်မလေး!!!'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

'ဟား... ဟား... ဟား... နာမည်နဲ့မလိုက်အောင် ကြောက်တတ်လှချည်လား သီဟသွေးရ'

ထိုအသံနှင့်အတူ မင်းတိုးက ခွက်ထိုးခွက်လန်ရယ်ရင်း ဒန်းနောက်မှ ထွက်လာလေသည်။

သူက အလွန့်အမင်း ကြောက်ရွံ့တုန်လှုပ်သွားသောကြောင့် ချက်ချင်း စကားပြန်မပြောနိုင်သေးဘဲ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းနေရ၏။ နှလုံးအိမ်ပင် တဒုန်ဒုန်းခုန်နေဆဲ။ အားလုံး ပုံမှန်နီးပါးပြန်ဖြစ်သွားတော့မှ သူက...

'မင်း... မင်းက ဘယ်လိုလုပ်ရောက်နေတာလဲ'

ဟု အသံမတုန်အောင်ထိန်းရင်း မေးလိုက်သည်။ မင်းတိုးက...

'ငါက အစောကြီးကတည်းက ကြိုရောက်နေတာလေ။ သော့ခတ်ထားလို့ အိမ်ထဲမဝင်သေးဘဲ ဒန်းပေါ်မှာထိုင်နေတာ။ မင်း ဆိုက်ကားနဲ့လာနေတာကိုတွေ့တော့မှ ငါ ဒန်းနောက်မှာ ဝင်ပုန်းလိုက်တာကွ'

ဟု ပြောင်စပ်စပ်မျက်နှာပေးဖြင့်ပြောရင်း ဒန်းပေါ်တွင် ထိုင်လိုက်သည်။





မင်းတိုး၏ စကားကို ကြားပြီးသည့်အချိန်တွင် သူ့မျက်နှာတစ်ခုလုံး ရှိန်းခနဲ ပူထူသွား၏။

ငါ့နှယ်ကွာ မင်းတိုး ကျပ်တာကိုမှ ခံရတယ်လို့...

သူက ကိုယ့်ကိုကိုယ် ဒေါသဖြစ်စွာတွေးရင်း မင်းတိုးဘေးတွင် ဝင်ထိုင်လိုက်၏။

မင်းတိုးကတော့ သူ့အားကြည့်ကာ အသောမသတ်နိုင်အောင် ရယ်မောနေဆဲပင်။ ထို့အပြင် သူကြောက်လန့်တကြား အော်ဟစ်လိုက်သည့်ပုံကို မင်းတိုးက အမူအယာဖြင့် လုပ်ပြနေပြန်သည်။

သူကတော့ 'ဖိုကောင်တွေပြန်လာရင်တော့ ငါ ကျိန်းသေ အဟားခံရမှာ' ဟူသော အတွေးဖြင့် ကြိုတင်ရင်လေးနေမိ၏။

မင်းတိုးက တစ်စုံတရာကို စဉ်းစားမိသွားဟန်ဖြင့်...

'ဟာကွာ ငါတို့ကလည်း ဦးနှောက်မရှိတဲ့လူတွေ ကျနေတာပဲ။ ဒီအတိုင်းကြီး ထိုင်စောင့်နေရတယ်လို့။ ရေချိုးခန်းထဲကနေ အိမ်ထဲကို ဝင်လို့ရတာပဲ'

'ဟင်... မင်းက ဘယ်လိုလုပ်ဝင်မလို့လဲ'

မင်းတိုး အစီအစဉ်ကို သိမထားသောကြောင့် သူက အူကြောင်ကြောင်ဖြင့် မေးလိုက်သည်။ တကယ်လည်း ရေချိုးခန်းမှတစ်ဆင့် အိမ်ထဲသို့ မည်သို့ဝင်ရမည်ကို သူ မစဉ်းစားတတ်ချေ။ ရေချိုးခန်းက အိမ်ခေါင်းရင်းဘက်အစွန်းတွင်ရှိပြီး ထမင်းစားခန်းနှင့် တွဲလျက်လည်း ဖြစ်သည်။ မင်းတိုးက သူ့လက်ကို ဆွဲခေါ်လျက်။



www.burmeseclassic.com

www.burmeseclassic.com

'လိုက်မှာသာ လိုက်ခဲ့စမ်းပါ သီဟရာ။ ငါ ရေချိုးခန်းထဲဝင်ဖို့ စဉ်းစားထားပြီးသားပါကွာ၊ ရေချိုးခန်းပြတင်းတံခါးက အထဲက ချက်မထိုးထားဘူးကွ၊ ဒီတော့ ပြတင်းတံခါးကို ဆွဲဖွင့်ပြီး အတွင်းက ခြင်လုံဇကာကို တွန်းဖွင့်လိုက်ရင် အထဲကို ဝင်လို့ရပြီလေကွာ'

အားတက်သရောပြောနေသော မင်းတိုးကို ကြည့်ကာ သူပင် ချီးကျူးလိုက်မိ၏။

'ဟ… ငါ့သူငယ်ချင်းကြီး တကယ်ဉာဏ်ကောင်းပါလား၊ ငါတောင် မစဉ်းစားမိဘူးကွာ'

ထိုအစီအစဉ်ဖြင့် သူက မင်းတိုးခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့သည်။ စိတ်ထဲမှလည်း မင်းတိုးအား ကြိတ်လေးစားမိသွား၏။

သို့သော် ခဏအကြာတွင်တော့ ထိုလေးစားသည့် စိတ်များက ကြက်ပျောက်ငှက်ပျောက် ပျောက်ကာ ရယ်ရမလို ငိုရမလို ဖြစ်သွားလေသည်။

အကြောင်းကား မင်းတိုးပြောသလို ပြတင်းတံခါးကို ဆွဲဖွင့်လိုက်သည့်အချိန်တွင်တော့ ပြတင်းပေါက်ကျည်းဘောင်တွင် ခိုင်ခိုင်ခန့်ခန့် တပ်ဆင်ထားသော သံပန်းတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုအဖြစ်အပျက်ကြောင့် သူပင် စကားစရှာမရတော့ဘဲ မင်းတိုးအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။

မင်းတိုးကတော့ သူပြောနေကျအတိုင်း…





'ဆောရီး… ငါ တစ်ချက်လွတ်သွားတယ်ကွာ'

ဟုသာ ခေါင်းကုတ် ဖင်ကုတ်ဖြင့် သူ့အား ပြောသည်။

သူက…

'ရပါတယ်ကွာ၊ ငါတို့က မှားတာပါ။ ကဲ… ကဲ… ဒန်းပေါ်ပဲ ပြန်ကြတာပေါ့'

ထိုသို့ဖြင့် သူတို့ အိမ်ရှေ့သို့ ပြန်လာသည့်အချိန်တွင် မင်းတိုးက အလန့်တကြားဖြင့် ပြောပြန်သည်။

'ဟ… နေဦး… နေဦး… ငါ တစ်ခုသတိရပြီ'

'ဘာသတိရတာလဲ မင်းတိုးရာ ငါလန့်နေပြီ'

သီဟသွေးက ခေါင်းကိုကုတ်ဖွရင်းပြောသည်။

သူ့စကားကြောင့် မင်းတိုးက ခေါင်းကိုခါယမ်းရင်း…

'မင်းကလည်းကွာ ဒီတစ်ခါတော့ သံပန်းမရှိတာ ကျိန်းသေပါတယ်'

ဒါတော့ မင်းပြောမှလားဟု စိတ်ထဲမှပြောရင်း နှုတ်မှတော့…

'လုပ်ပြန်ပြီ မင်း ဘယ်တံခါးကိုဖွင့်ဖို့ ကြိုးစားဦးမလို့လဲ'

'မီးဖိုချောင်တံခါးလေကွာ အဲဒီတံခါးက ချက်ချလို့မရဘူးလေ'

သည်တစ်ခါတော့ ချက်ချင်းအဖြေပြန်မပေးသေးဘဲ သူက ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြည့်လိုက်သည်။

လူဝင်လူထွက်လုပ်သည့် မီးဖိုချောင်အနောက်ဘက်တံခါးပေါက်တွင်တော့ ဘယ်လိုမှ သံဇကာမတပ်ထားတာ သေချာသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်တံခါးချက် ဖျက်နေသည်ကိုလည်း သူသိ၏။

'ကဲ... ဒါဆိုလည်း ကြိုးစားကြည့်ကြတာပေါ့'

နောက်ဆုံးတွင်တော့ သူက သဘောတူလိုက်ပြီး အိမ်ခြေရင်းမှ ပတ်ကာ အိမ်နောက်ဖေးသို့ လာခဲ့သည်။

သည်တစ်ခါတော့ မင်းတိုး၏အကြံအစည်က အောင်မြင်သွား၏။

မီးဖိုချောင်တံခါးက သိပ်အားစိုက်စရာမလိုဘဲ ဆွဲဖွင့်လိုက်သဖြင့် ပွင့်သွားသည်။

မင်းတိုးက သူ့ကိုကြည့်ကာ ရယ်ကျဲကျဲဖြင့်...

'ကဲ... အခုယုံသွားပြီမဟုတ်လား သီဟ၊ မင်းတိုးက မပိုင်ရင် ခြင်တောင် လျှပ်စစ်ဘတ်တံနဲ့ ရိုက်တဲ့ကောင်ပါကွ ဟဲ... ဟဲ'

ဟု ပြောင်ချော်ချော်ပြောလာသည်။

'အေးပါ... မင်းတိုးရယ်၊ မင်း ဉာဏ်သိပ်ကောင်းတဲ့ကောင်ဆိုတာ ငါသိပါတယ်'

သူက မင်းတိုးအား အရွဲ့တိုက်ပြောရင်း မီးဖိုချောင်ထဲမှတစ်ဆင့် အိမ်ထဲသို့ ဝင်လာခဲ့တော့၏။

●





ဆရာသတိုးလွင်ဘို့ ပြန်ရောက်လာသည့်အခါတွင် ညကိုးနာရီပင် ကျော်နေပြီ။ ညစာကိုလည်း အပြင်မှပင် ဝယ်လာသောကြောင့် ချက်ပြုတ်ရန်မလိုတော့ဘဲ အလွယ်တကူပင် ထမင်းဝိုင်းပြင်ကာ စားလိုက်ကြ၏။

သူက ထမင်းစားနေရင်း ဆိုက်ကားသမားကောင်လေးပြောသည့် စကားများကို တဋ္ဌေဋ္ဌေ ပြန်သတိရလာမိသည်။

ထို့ကြောင့်ပင် သူက သံမံတလင်းခင်းထားသည့် ထမင်းစားခန်း ကြမ်းပြင်ကို မကြာခဏဆိုသလို ငုံ့ငုံ့ကြည့်နေမိ၏။

စိတ်ထဲတွင်လည်း သည်အခန်းထဲတွင်ထိုင်ကာ ထမင်းစားနေရသည်ကို မသိုးမသန့်ဖြစ်သလို ခံစားနေရသည်။ ခြေထောက်တွေကလည်း အငြိမ်မနေနိုင်ဘဲ သံမံတလင်းကြမ်းပြင်ပေါ်မှ အင်္ဂတေဖြင့် မညီမညာ ပြန်ဆက်ထားသည့် အက်ကွဲကြောင်းကြီးကို လိုက်လံစမ်းနေမိ၏။

ဘေးတွင် ထမင်းစားနေသော မြတ်သူက...

'ဟော့ကောင်သီဟ ဘာလို့ ငါ့ခြေထောက်ကို ခဏခဏ လွမ်းနေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီး… ဆောရီး… မတော်တဆ ထိမိသွားတာ'

သူက ကပျာကယာတောင်းပန်လိုက်သော်လည်း မြတ်သူက ခေါင်းကို ခါယမ်းရင်း…

'ဟာ… မတော်တဆဆိုလည်း တစ်ခါနှစ်ခါပေါ့။ အခု မင်းဟာက တစ်ခါနှစ်ခါ မကတော့ဘူး။ ထမင်းစစားကတည်းက ငါ့ခြေထောက်ကို လာလာထိနေတာလေကွာ'

ငါးကင်မှ အသားများကို ဖဲ့ရွဲ့ယူငင်နေသော ကျော်ဇင်လတ်ကလည်း ဝင်ပြောလာသည်။

'ငါလည်း မင်းကိုကြည့်နေတာကြာပြီ သီဟ၊ မင်းဘာဖြစ်နေတာလဲ၊ စားပွဲအောက်ကို ခဏခဏငုံ့ကြည့်လိုက်၊ ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်နဲ့ မင်း အမူအယာက ပုံမှန်မဟုတ်ဘူး'

ကျော်ဇင်လတ်၏ စကားအဆုံးတွင် သူက သက်ပြင်းကို မသိမသာ ခိုးချလိုက်မိ၏။

တကယ်တော့ သူက 'ဒီနေရာမှာ လူသေအလောင်းတစ်လောင်း မြှုပ်ထားဖူးတယ်' ဆိုသည့် အသိဖြင့် တုန်လှုပ်ချောက်ချားနေခြင်း ဖြစ်သည်။

ဒါကို ဖွင့်ပြောလိုက်လျှင်လည်း အဟားခံရမည်က သေချာ၏။ သို့သော် သည်ကိစ္စက သူတစ်ယောက်တည်း သိနေရုံဖြင့် ပြေလည်သွားမှာမဟုတ် အားလုံးကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောသင့်သည်ဟု သူထင်သည်။





ထိုအတွေးကြောင့် သူက ဆိုက်ကားသမားကောင်လေး ပြောပြသည့် အကြောင်းအရာများကို အားလုံးအား ဖွင့်ပြောလိုက်လေ၏။

သူ့စကားအဆုံးတွင် အားလုံး မျက်စိမျက်နှာပျက်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ကျော်ဇင်လတ်ဆို သူ့စကားကို ယုံကြည်ဟန်မတူသေးဘဲ…

'မင်း… ဇာတ်လမ်းဆင်ပြီး လျှောက်ပြောနေတာ မဟုတ်လောက်ပါဘူးနော် သီဟ'

မြတ်သူကလည်း…

'ဆိုက်ကားသမားကလည်း သူ့ပါးစပ်ထဲရှိတာတွေ လျှောက်ပြောနေတာ ထင်ပါတယ်ကွာ'

မင်းတိုးကတော့ ဘာမှဝင်မပြောပေ။ သံမံတလင်းပေါ်သို့ ချထားသည့် ခြေထောက်နှစ်ဖက်ကို ထိုင်ခုံပေါ်သို့ ဆွဲတင်ကာ ကျုံ့ကျုံ့လေး ထိုင်နေရင်း သူတို့အား မျက်လုံးပေကလပ်ပေကလပ်ဖြင့် လိုက်ကြည့်နေသည်။

ဆရာသတိုးလွင်တစ်ယောက်သာ အေးဆေးတည်ငြိမ်သော အမူအယာဖြင့်…

'ဒီကိစ္စကို ငါ အစောကြီးကတည်းက သိပြီးပါပြီကွာ၊ ဒါကြောင့်လဲ ဒီအိမ်ကြီးက ဒီလောက် ဈေးသက်သာနေတာပေါ့'

'ဟင်… ဒါဆိုရင် ဒီအိမ်ကြီးက မသန့်ဘူးပေါ့နော် ဆရာ'

သီဟသွေး၏ အလောတကြီးဝင်မေးလိုက်သော စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာသတိုးလွင်က အသံထွက်အောင် ရယ်မောလိုက်သည်။ ထို့နောက်...

'ဒါတွေက လက်တွေ့မကျတဲ့ အယူအဆတွေပါကွာ၊ တချို့အိမ်တွေမှာဆိုလည်း ကိုယ့်မိသားစုဝင်တစ်ယောက်မဟုတ် တစ်ယောက် သေဖူးကြတာပဲ။ အဲဒီလို အိမ်မျိုးဆိုရင်ကော သန့်တယ်၊ မသန့်ဘူးလို့ ပြောလို့ရသလား။ တကယ်တော့ ဖျားလို့ပဲဖြစ်ဖြစ်၊ အသတ်ခံရလို့ပဲဖြစ်ဖြစ် သေတာက သေတာပဲမဟုတ်လား။ လူသေဖူးတဲ့အိမ်သာ မသန့်ဘူး၊ မနေရဘူးဆိုရင် ငါတို့ နေစရာတောင် ရှိတော့မှာမဟုတ်ဘူးကွ'

'ဒါဆို အစိမ်းသေဆိုရင် မကျွတ်ဘူးဆိုတဲ့ အယူအဆကကော ဆရာ'

မြတ်သူက စိတ်ဝင်တစားဖြင့် ဝင်မေးသည်။ ဆရာသတိုးလွင်က သက်ပြင်းချရင်း...

'ငါ တစ်ယောက်တည်းအမြင်နဲ့တော့ ဘယ်တိတိကျကျပြောနိုင်ပါ့ မလဲကွာ၊ ငါ့အဘွားက အသက်ရှစ်ဆယ့်ငါးနှစ်ရှိပြီ။ တစ်ခါမှတော့ သရဲအခြောက်ခံရဖူးတယ်လို့ မပြောဖူးဘူး။ အေး... ငါလည်း အသက် လေးဆယ်ပြည့်တော့မယ် သရဲဆိုတာကို တစ်ခါမှမတွေ့ဖူးဘူး။ တကယ်တော့ သရဲ၊ တစ္ဆေကို မျက်မြင်ဒိဋ္ဌ တွေ့ဖူးတဲ့လူဆိုတာ မရှိသလောက် ပါပဲကွာ။ လူတွေ တဆင့်စကား တဆင့်ကြားနဲ့ ချဲ့ကားပြောနေကြလို့ သရဲဆိုတာ ကြောက်စရာကောင်းနေတာပါ'

'ကျေးဇူးပဲဆရာ'

ထိုစကားကိုတော့ သူ့စိတ်ထဲမှာ ပြောလိုက်မိခြင်း ဖြစ်သည်။





အဘယ်ကြောင့်ဆိုသော် ဆရာသတိုးလွင်ပြောသည့် စကားများက သူ့ရင်ထဲမှ အကြောက်တရားများကို ဖယ်ထုတ်တိုက်စားသွားသည့်နှယ်။

သို့သော် ထိုအကြောက်တရားတို့က သူ့ထံသို့ မည်သည့်အချိန်တွင် ပြန်လာမည်လဲဆိုတာကိုတော့ သူ ကြိုမသိနိုင်ခဲ့ပေ။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်တစ်ပတ် အင်္ဂါနေ့။

သည်နေ့တစ်နေ့လုံး သွားစရာလာစရာမရှိသဖြင့် သူက အခန်း အောင်းကာ စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေခဲ့သည်။

ညနေစောင်းတော့မှပင် ဖတ်နေသည့်စာအုပ်ကိုချကာ အညောင်း အညာဆန့်လိုက်ပြီး ရေချိုးရန်အတွက် အောက်ထပ်သို့ ဆင်းလာခဲ့လေ ၏။

လှေကားပေါ်မှဆင်းလာရင်း အောက်ထပ်သို့ လှမ်းကြည့်လိုက် သည့်အခါတွင် ဆရာသတိုးလွင်နှင့် မြတ်သူက ဧည့်ခန်းထဲ၌ စကား ပြောနေကြသည်ကို တွေ့ရပြီး မင်းတိုးကတော့ လှေကားခြေရင်းဘေး ဘက်ရှိ စတိုခန်းထဲသို့ ခေါင်းဝင်ကာ ကြည့်နေသည်။

မင်းတိုး ဘာတွေများ စိတ်ဝင်တစားကြည့်နေတာလဲ မသိဘူး။

ထိုသိချင်စိတ်ကြောင့် သီဟသွေးက လှေကားပေါ်မှဆင်းကာ ကုန်းကုန်းကွကွလုပ်နေသော မင်းတိုးအနားသို့ လာလိုက်ပြီး...

'ဟေ့ကောင်... မင်းတိုး ဘာတွေကြည့်နေတာလဲ'





ဟု မေးလိုက်၏။

မင်းတိုးက သီဟသွေး၏အသံကြောင့် အလန့်တကြားဖြစ်သွား ပြီး...

'အာ... ဟာ... ဘယ်လိုဖြစ်တာလဲကွာ၊ အသံမပေးဘာမပေးနဲ့ လန့်သွားတာပဲ'

'ဟား... ဟား... ဟား မင်းက ဘာတွေစိတ်ဝင်စားနေလို့ ဒီ လောက်တောင် လန့်သွားရတာလဲ'

သူက တဟားဟားရယ်ရင်း မေးလိုက်သည့်အခါတွင် မင်းတိုး က စတိုခန်းထဲသို့ လက်ညှိုးထိုးပြကာ...

'ဟို... ဟို... စတိုခန်းထဲမှာ ဘီလပ်မြေအိတ် တစ်အိတ် တွေ့ တယ်ကွ။ ဧကန္တ ဟိုလင်မယားသုံးသွားတဲ့ဟာ ထင်တယ် သီဟ'

'အဲဒါဘာဖြစ်လို့လဲ မင်းတိုးရာ။ ဘယ်သူပဲသုံးသုံး၊ ဘာအတွက် ပဲဖြစ်ဖြစ် ဘီလပ်မြေက ဘီလပ်မြေပါပဲကွာ'

ပြောမယ့်သာပြောရသော်လည်း သူကိုယ်တိုင် စတိုခန်းထဲသို့ ခေါင်းဝင်ကာ တစ်ပိုင်းတစ်စအသုံးပြုထားသည့် ဘီလပ်မြေအိတ် တစ် အိတ်ကို တွေ့မြင်ပြီးသည့်အခါတွင်တော့ မသတီသလို ခံစားလိုက်ရ သည်။ သို့ရာတွင် မင်းတိုးရှေ့မှာတော့ သိပ်ရုပ်ပျက်လို့မဖြစ်။

ထို့ကြောင့်ပင် သူက လေသံအေးအေးဖြင့်...

'မေ့ထားလိုက်ပါ မင်းတိုးရာ၊ ငါတို့ ဒီအိမ်မှာနေတာ ရက် တောင် တော်တော်ကြာနေပြီ ဘာများဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။ သူ ဧည့်ခန်းရှေ့သို့ ရောက်သည့်အချိန်တွင်တော့ ဆရာသတိုးလွင်က...

'သီဟ... လာပါဦးကွာ'

ထိုခေါ်သံကြောင့် သူက

'ဗျော်... ဟုတ်ကဲ့... လာပြီဆရာ'

ဟု အလျင်အမြန်ပြန်ဖြေရင်း ဆရာသတိုးလွင်ထံသို့ သွားလိုက်၏။

ဆရာသတိုးလွင်က စီးကရက်ပြာများကို ဆေးလိပ်ခွက်ထဲသို့ ချွေချရင်း...

'ငါတို့ ရှေ့အပတ်လောက်ဆိုရင် ပြင်ဦးလွင်သွားမလို့ကွ၊ အဲဒါ မင်းလိုက်မှာလား၊ ကျန်တဲ့လူတွေကတော့ အကုန်လိုက်ကြမှာတဲ့'

'ဟုတ်လား... ဆရာ၊ ဘာကိစ္စသွားကြမှာလဲ'

သီဟသွေးက တအံ့တသြမေးလိုက်သည်။ အမှန်တကယ်လည်း ဆရာသတိုးလွင် ခရီးသွားမည့်အကြောင်းကို သူမသိပါ။

ဆရာသတိုးလွင်က ဆိုဖာခုံပေါ်သို့ ကျောမှီထိုင်လိုက်ရင်း...

'စာပေဟောပြောပွဲတစ်ခု သွားမလို့ပါကွာ၊ ဒါပေမဲ့ အခု ငါရေးနေတဲ့ ဝတ္ထုကိုလည်း အဲဒီမှာပဲ လက်စသတ်ရေးခဲ့မှာဆိုတော့ နည်းနည်းတော့ ကြာမှာကွ'

ထိုစကားကြောင့် သူ ချီတုံချတုံဖြစ်သွားသည်။

ငါ... ဘယ်လိုလုပ်ရမလဲ... လိုက်သွားရမလား။





အင်း... သူဇာကလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ရက်ကြာရင် ဒုက္ခ။

သူ ငြင်းဆန်ဖို့ တွန့်ဆုတ်နေသည်ကို ဆရာသတိုးလွင် ရိပ်စားမိဟန်ဖြင့်...

'ကဲ... ကဲ... ဒီလောက် ခက်ခက်ခဲခဲ စဉ်းစားနေရရင်လည်း နေခဲ့ပါကွာ၊ မင်း... မိန်းမကလည်း ကိုယ်ဝန်ကြီးနဲ့မဟုတ်လား။ ဒီလိုလုပ် ငါတို့ ခရီးသွားနေတုန်း မင်း မိန်းမကို ဒီမှာ ခေါ်ထားလိုက်ပေါ့ မဟုတ်ဘူးလား။ သူလည်း အခေါ်အိမ်မှာနေရတာ စိတ်ကျဉ်းကျပ်တယ်ဆိုတော့ တစ်ခါတလေ အပြောင်းအလဲလေးဘာလေး ဖြစ်သွားတာပေါ့ကွာ'

ဆရာသတိုးလွင် စကားအဆုံးတွင်တော့ သူ ခေါင်းညိတ်ပြလိုက်သည်။ သည်အစီအစဉ်က သူ့အတွက် အသင့်တော်ဆုံးဖြစ်သလို ဇနီးသည် သူဇာတစ်ယောက်လည်း သဘောကျမှာ သေချာ၏။

သို့ရာတွင် လူစုံတက်စုံ သွားကြမည့်ခရီးတွင် သူ လိုက်ပါမသွားရသည့်အတွက်တော့ စိတ်မကောင်းဖြစ်မိသည်။

အင်းလေ... ငါက အိမ်ထောင်သည်ဖြစ်နေပြီပဲ။

ထိုအတွေးကြောင့်ပင် သူက သက်ပြင်းကိုချပြီး ရေချိုးရန် ထွက်လာခဲ့တော့၏။

●



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပြီးသွားသည့်အချိန်တွင်တော့ နေမကောင်းချင်သလို ဖြစ်နေသည့်အတွက် သူက အပေါ်ထပ်သို့ စောစောစီးစီးပင် တက်လာခဲ့သည်။

ကျော်ဇင်လတ်တို့ကတော့ အောက်ထပ်တွင် ဆရာသတိုးလွင် နှင့် ဝတ္ထုစာအုပ်တစ်အုပ်အကြောင်းကို ဆွေးနွေးပြောဆိုနေကြ၏။

အပေါ်ထပ်ရောက်ပြီး အိပ်ခန်းဆီသို့ လျှောက်သွားနေစဉ် အသံ တစ်သံကို သူကြားလိုက်ရသည်။

ဟင်... ဘာအသံလဲ။

နောက်ကို ချာခနဲလှည့်ကြည့်လိုက်သည့်အခါတွင်လည်း မည် သည့် လှုပ်ရှားမှုကိုမျှ သူမတွေ့ရချေ။

မီးများ ပိတ်ထားသော်လည်း ဘုရားခန်းမှ တဖျပ်ဖျပ်လင်းနေ သည့် ဘုရားရောင်ခြည်တော်မီးဖြင့် အပေါ်ထပ်တစ်ခုလုံးကို မှုန်ဝါးဝါး မြင်ရသည်။

ငါ... ခုနက ဘာအသံကို ကြားလိုက်ရတာလဲ။

သူကိုယ်တိုင် ဇဝေဇဝါ ဖြစ်နေသောကြောင့် မီးမဖွင့်ဘဲ နေရာ





အနှံ့ကို လိုက်ကြည့်လိုက်၏။

သို့သော်... သည်တစ်ခါတွင်လည်း မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရ။ အပြင်ဘက်မှ လေပြင်းပြင်းဆောင့်တိုက်သွားသောကြောင့် သစ်ပင်အချို့ ယိမ်းခါသွားသံကိုသာ ကြားရသည်။

ငါ... စိတ်ထင်တာဖြစ်ပါလိမ့်မယ်။

ထိုအတွေးနှင့်အတူ အိပ်ခန်းဆီ ဆက်လျှောက်ရန် ပြင်လိုက်စဉ် မှာပင်...

'ကျွီ'

'ဟင်!...'

သူ အလန့်တကြားဖြစ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက် သည့် အချိန်တွင် ဆရာသတိုးလွင်၏ အိပ်ခန်းတံခါး ဖြည်းဖြည်းချင်း ပွင့်လာသည်ကို မြင်လိုက်ရတော့သည်။

ထိုမြင်ကွင်းကြောင့် သူက ရင်ထိတ်ခနဲဖြစ်သွားပြီး ဆရာသတိုး လွင်၏ အခန်းထဲသို့ အလန့်တကြားလှမ်းကြည့်လိုက်၏။

တံခါးဟောင်းလောင်းပွင့်နေသော ဆရာသတိုးလွင်၏ အခန်း ထဲတွင် မည်သူမှ မရှိပေ။ ပြတင်းပေါက်လိုက်ကာကြားမှ စီးဆင်းကျ နေသော လရောင်အလင်းတန်းလေးကိုသာ ပြာလဲ့လဲ့တွေ့ရသည်။

တံခါးက ဘယ်လိုလုပ်ပွင့်လာတာလဲ။

ဆရာ့အခန်းထဲမှာ တစ်စုံတစ်ယောက်များ ရှိနေတာလား။

သူ့ အတွေးတွေနှင့် လုံးထွေးရစ်ပတ်နေစဉ် အောက်ထပ်မှ မြတ်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရယ်သံကို ကျယ်လောင်စွာ ကြားလိုက်ရ၏။

သည်အချိန်တွင် ထိုရယ်သံက ဘာရယ်မဟုတ်ဘဲ သူ့ကို အားတက်သွားစေသည်။ အကြောင်းက သူ့အသိတရားထဲသို့ 'အောက်ထပ်မှာ လူတွေရှိနေတာပဲ၊ ငါ ဘာကြောက်စရာလိုလို့လဲ' ဆိုသည့် အတွေးကို ဝင်လာစေပြီး ကြောက်စိတ်တွေ လွင့်ပြယ်သွားသောကြောင့် ဖြစ်၏။

ထို့ကြောင့်ပင် သီဟသွေးက ရဲတင်းသော ခြေလှမ်းများဖြင့် ဆရာသတိုးလွင်၏ အိပ်ခန်းဝသို့လာကာ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

မည်သည့်ထူးခြားမှု တစ်စုံတရာကို မတွေ့ရမှ သူက သက်ပြင်းကိုချရင်း ပွင့်နေသော တံခါးကို ပြန်ပိတ်လိုက်၏။

နောက် မည်သည့်အကြောင်းကြောင့် ဖွင့်မည့်သူမရှိဘဲ တံခါးပွင့်လာသည်ကို စဉ်းစားမနေတော့ဘဲ အိပ်ခန်းရှိရာဆီသို့သာ လျှောက်လာလိုက်တော့သည်။

ထိုစဉ် တစ်စုံတရာကို သူသတိရသွားသည်။

အင်း… ငါ ကျော်ဇင်လတ်အခန်းထဲဝင်အိပ်မှ။ နို့မို့ဆို ငါအိပ်နေကျအခန်းက Aircon နဲ့ဆိုတော့ ပိုဖျားသွားလိမ့်မယ်။

ထိုအတွေးကြောင့် သူက အိပ်နေကျအခန်းသို့ မသွားတော့ဘဲ ကျော်ဇင်လတ်အိပ်ခန်းထဲသို့သာ ဝင်လာလိုက်၏။ ကျော်ဇင်လတ်၏ အိပ်ခန်းက သူတို့အိပ်ခန်းထက်စာလျှင် ထက်ဝက်နီးပါးခန့် ကျဉ်းသည့်





အပြင် ဆရာသတိုးလွင်၏အခန်းထဲမှ အရင်လူတွေ အသုံးပြုသွားသည့် ခုတင်ကိုလည်း သည်အခန်းထဲမှာပင် ပြောင်းရွှေ့တပ်ဆင်ထားသောကြောင့် ရှိရင်းစွဲအကျယ်အဝန်းထက် ပို၍ ကျဉ်းနေသည်ဟု ထင်ရသည်။

သို့ရာတွင် သည်အခန်းမှာ Aircon တပ်ဆင်မထားသောကြောင့် သူက ဒီတစ်ညတာ အိပ်ရန် ရွေးချယ်လိုက်ခြင်းဖြစ်၏။

သီဟသွေးက အိပ်ရန် ခုတင်ပေါ်သို့ လှဲချပြီး စောင်ကို ရင်ညွန့်အထိ ဆွဲခြုံလိုက်သည်။ ဖျော့တော့သော လရောင်ပြာလဲ့လဲ့က အိပ်ခန်းပြတင်းပေါက်မှန်ကို ဖြတ်သန်းစိမ့်ကျနေ၏။

ထိုလရောင်ပြာကို ငေးကြည့်ရင်း မကြာခင်မှာပင် သီဟသွေးတစ်ယောက် အိပ်မောကျသွားလေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ပုန္နေးငြိမ်သက်နေသော ညသန်းခေါင်ယံဖြစ်သည်။ လေပြေလေညင်းပင်လျှင် မတိုက်ခတ်။ ပြတင်းပေါက်တွင် ကာထားသော လိုက်ကာစများပင်လျှင် မလှုပ်ခတ်ဘဲ ငြိမ်သက်နေ၏။

အရိပ်သဏ္ဍာန်တစ်ခု ...

လှေကားအတိုင်းတက်လာပြီး သီဟသွေးအိပ်နေသည့် အခန်းဆီသို့ တရွေ့ရွေ့လျှောက်လာသည်။

ထို့နောက် အခန်းတံခါးကို အသာအယာတွန်းဖွင့်လိုက်၏။

●





BURMESE CLASSIC .com

သီဟသွေးက ခုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ ဒေါက်ခနဲ ကြားလိုက်ရသော အသံတစ်သံကြောင့် လန့်နိုးလာသည်။

တီးတိုးညင်သာလှသော အသံတစ်သံပင် ဖြစ်သော်လည်း သီဟသွေးက ခုတင်ပေါ်တွင် ဆတ်ခနဲ ထထိုင်လိုက်မိ၏။

အမှောင်ထုထဲတွင်ကား တစ်စုံတစ်ယောက် ညင်သာစွာ ရွေ့လျားနေလေသည်။

ခြေသံတွေ... ခြေသံတွေ။

'ဘယ်သူလဲ'

ထိုခြေသံတွေကြောင့် သူက လှမ်းမေးလိုက်၏။

အမှောင်ထဲမှာ ရွေ့လျားနေသော အရိပ်သဏ္ဍာန်က သူ့နားသို့ ဖြည်းဖြည်းချင်း တိုးကပ်လာပြီး...

'ငါပါ'

အသံက အက်ကွဲခြောက်သွေ့နေသည်။

'ဟင်... ကျော်ဇင်လတ်လား'

နောက်တစ်ကြိမ်တွင် မည်သည့်တုံ့ပြန်သံမှ မကြားရ



www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်သဏ္ဍာန်က သူ့ခန္ဓာကိုယ်ကို ကျော်ခွပြီး ခုတင်ပေါ်သို့ တက်လာကာ အားတွင် ဝင်အိပ်လိုက်သည်။

သီဟသွေးက သက်ပြင်းကိုချလိုက်ပြီး...

'အင်း... ကျော်ဇင်လတ် သူ့အခန်းထဲ ငါဝင်အိပ်လို့ စိတ်ဆိုးနေတာထင်တယ်'

ဟု စိတ်ထဲမှ ရေရွတ်ရင်း ခုတင်ပေါ်သို့ ပြန်လှဲချလိုက်၏။ ထို့နောက် မျက်လုံးကိုမှိတ်ကာ အိပ်ရန်ကြိုးစားလိုက်သည်။

ထိုအချိန်မှာပင် သူ့အာရုံတွေက နိုးကြားကြည်လင်လာပြီး တစ်စုံတရာကို သတိပြုမိသွား၏။ (တစ်နည်းအားဖြင့်ပြောရလျှင် သူ အခုမှ အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေမှန်း သိသွားခြင်း ဖြစ်သည်။)

ဟင်... ငါ အခုမှ နိုးလာတာလား၊ ဒါမှမဟုတ် ခုနက အိပ်မက်မက်နေတာလား၊ ကျော်ဇင်လတ်ကကော...

ချက်ချင်းဆိုသလို သီဟသွေးက အိပ်ရာပေါ်မှ ကပျာကယာထလိုက်ပြီး အိပ်ခန်းခေါင်းရင်းရှိ မီးခလုတ်အား ဖွင့်လိုက်သည်။

'ချောက်'

မီးရောင်ဖြင့် တစ်ခန်းလုံး လင်းထိန်သွားသည့် အချိန်တွင်တော့ သူ့မျက်လုံးများက ပြူးကျယ်ဝိုင်းစက်သွားကာ ကျောရိုးတစ်လျှောက် စိမ့်တက်သွားလေတော့၏။

ခုတင်ပေါ်တွင်ကား... မည်သူမျှမရှိချေ။

■





## အခန်း (၇)

နောက်တစ်နေ့ မနက်... ။

နံနက်စာစားပြီးသွားသည့်အခါတွင် သူတို့အားလုံး ဧည့်ခန်းထဲတွင် ထိုင်ကာ စကားပြောနေကြ၏။

သီဟသွေး၏ မနေ့ညက အနက်ရောင်လူရိပ်သဏ္ဍာန်အကြောင်း အရမ်းပြောပြချင်နေသော်လည်း မပြောဖြစ်အောင် အတင်းမြိုသိပ်ထားလိုက်သည်။ ပြောပြလျှင်လည်း ဘယ်သူကမှ ယုံကြည်ကြလိမ့်မည်မဟုတ်သည့်အပြင် သူပင် အဟားခံရနိုင်သည်။

ထိုအကြောင်းအရာအစား သီဟသွေးက ဆရာသတိုးလွင်၏ အခန်းတံခါး အလိုလိုပွင့်လာသည့်အကြောင်းကိုသာ ပြောပြလိုက်၏။

မင်းတိုးက ဆိုဖာကိုမှီကာ ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း...

'ဟေ... ဟုတ်လား၊ ငါလည်း အဲဒီလိုကြုံတာ နှစ်ခါရှိပြီ'

ဟု အံ့သြတကြီး ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖင်လတ်နှင့် မြတ်သူကတော့ သူ့စကားကို စိတ်မဝင်စားဘဲ ညည့်ခန်းနံ့ရပေါ်မှ ချိတ်ဆွဲထားသော ပန်းချီကားအကြောင်းကို ငြင်းခုန်နေကြ၏။

ဆရာသတိုးလွင်က သွားကြားထိုးတံတစ်ချောင်းကို လှမ်းယူရင်း သီဟသွေးအား လှမ်းပြောလိုက်သည်။

'ငါလည်း အဲဒီတံခါး ခဏခဏပွင့်နေလို့ စိတ်ညစ်နေတာကွ၊ တစ်ခါတလေဆို အိပ်နေရာက အိပ်ချင်မူးတူးနဲ့ ထထပိတ်ရတယ်'

'အဲဒီ တံခါးက ဘာဖြစ်လို့ ပွင့်ပွင့်နေရတာလဲဆရာ'

သူ့အမေးစကားကြောင့် ဆရာသတိုးလွင်က သွားကြားထိုးတံကို ပါးစပ်ထဲသို့ထည့်တော့မည့် ဆဲဆဲတွင် ပြန်ထုတ်လိုက်ပြီး...

'လေတိုက်လို့ နေမှာပေါ့ကွာ'

ဟု ရယ်သံစွက်ကာ ပြန်ဖြေလိုက်သည်။

ထိုစဉ် မြတ်သူက သူတို့ပြောနေသည့် အကြောင်းအရာကို နားစွန်နားဖျားကြားသွားပြီး ပြောင်ချော်ချော်ဝင်ပြော၏။

'သရဲက အထဲဝင်ချင်လို့ တံခါးဖွင့်တာ နေမှာပေါ့ကွာ'

'ဟုတ်လား'

မင်းတိုးက မြတ်သူစကားကို တကယ်ထင်သွားပြီး တုန်တုန်ရီရီ အသံဖြင့် ပြန်မေးလိုက်၏။

ပထမတော့ သူပင် မြတ်သူ တကယ်ပြောတာထင်သွားပြီး လှမ်းကြည့်မိသေးသည်။ နောက်မှ မြတ်သူ၏ မျက်နှာက ရယ်ကျဲကျဲဖြစ်နေ





၍ စနောက်နေမှန်း သိသွား၏။

ဆရာသတိုးလွင်က...

'သရဲခြောက်တာတော့ မဖြစ်နိုင်ပါဘူးကွာ၊ ဘာဖြစ်လို့လဲဆိုတော့ သရဲတစ္ဆေတွေက အုတ်နံ့ရံတွေကိုတောင် ထွင်းဖောက်သွားလာနိုင်သေးတာပဲ။ ဒါဆို သူဝင်ချင်တယ်၊ ထွက်ချင်တယ်ပဲထားဦး ဘာဖြစ်လို့ တံခါးပေါက်ကနေ ဝင်ထွက်သွားလာနေရမှာလဲ'

ထိုအခါကျမှ မင်းတိုး၏မျက်နှာက ကြည်လင်ဝင်းပလာတော့သည်။

သူကတော့ ဆရာသတိုးလွင်၏ စကားကို သိပ် ဘဝင်မကျမိသော်လည်း ငြင်းဆန်ဖို့ကိုတော့ သတ္တိမရှိချေ။

သူ့ထက်စာလျှင် ဆရာသတိုးလွင်က ပညာ၊ ဉာဏ်၊ ဗဟုသုတ ပြည့်စုံပြီး ဘဝအတွေ့အကြုံလည်း ပိုများ၏။

ထို့အတွက်ကြောင့်ပင် သူက မည်သည့်မှတ်ချက်စကားမှ မဆိုတော့ဘဲ တခြားအကြောင်းအရာကိုသာ ပြောင်းပြောလိုက်သည်။

'ဆရာတို့ ဒီနေ့ အပြင်သွားကြဦးမှာလား'

'ဟင့်အင်း... ဒီနေ့ အပြင်သွားစရာကိစ္စ မရှိဘူးကွ'

'ဒါဆို ကျွန်တော် သူ့ဇာဆီသွားပြီး ဒီအိမ်မှာလာနေဖို့အကြောင်း သွားပြောလိုက်ဦးမယ်။ ဆရာတို့ အပြင်သွားမယ်ဆိုရင် အိမ်စောင့်မရှိမှာစိုးလို့ မေးတာပါ'

သီဟသွေး ထိုသို့ပြောရင်း ထိုင်ရာမှထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာသတိုးလွင်က သီဟသွေးအား လှမ်းကြည့်လိုက်ပြီး...

'အေး... အေး... သွားလေ၊ မင်းမိန်းမ သူဇာကိုလည်း ဂရုစိုက်ဦး သီဟရေ'

'ဟုတ်ကဲ့ပါ ဆရာ'

သီဟသွေးက ဆရာသတိုးလွင်အား ပြန်ဖြေရင်း အဝတ်အစားလဲရန် အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။

●





သူ့အစီအစဉ်အား ပြောပြလိုက်သည့်အခါတွင် ဇနီးသည် သူဇာက...

'အဲဒါ သူဇာတို့အတွက် ပိုပြီး အဆင်ပြေတာပေါ့ အစ်ကို။ သူဇာ ဒီအိမ်မှာနေရတာ အရမ်းစိတ်ညစ်လာပြီ။ ဒါနဲ့ ဆရာတို့က ဘယ်တော့ခရီးထွက်ကြမှာလဲ... ဟင်'

ဟု အလောတကြီးပင် မေးလာသည်။

သူက ဇနီးသည်၏ လက်ဖဝါးနုနုကို ပွတ်သပ်နေရင်း...

'ဆရာတို့ ခရီးထွက်ဖို့က နောက်တစ်ပတ်လောက် လိုသေးတယ်၊ ဆရာငှားထားတဲ့အိမ်မှာ ခဏလိုက်နေမယ့်အကြောင်း သူဇာ့အဒေါ်ကို အသိပေးထားလိုက်ဦးနော်။ တော်ကြာ အိမ်ပေါ်က ဆင်းသွားတယ်ဆိုပြီး သူဇာ့အမေကို ပြန်တိုင်နေဦးမယ်'

'အင်းနော်... ဟုတ်တယ်... ခစ်... ခစ်... ခစ်'

သူဇာက သူ့စကားကို သဘောကျသွားပြီး တခစ်ခစ်ရယ်မော နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီဟသွေးက တသိမ့်သိမ့် ရယ်နေသော ဖနီးသည်ကို ပွေ့ဖက်ရင်း...

'သူဇာ ဒီနေ့ ဆေးခန်းသွားရဦးမှာလား၊ ကိုယ်လိုက်ပို့ပေးမယ်လေ'

'အင်း... အတော်ပဲ နီလာ ဒီနေ့မလာလို့ သူဇာက မနက်ဖြန်မှ သွားဖို့ စဉ်းစားထားတာ၊ ဒါဆို အစ်ကိုပဲ လိုက်ပို့တော့နော်'

နီလာဆိုသည်မှာ သူဇာ၏ ဝမ်းကွဲညီအစ်မဖြစ်ပြီး သူမ ဆေးခန်းသွားတိုင်း လိုက်ပို့ပေးနေကျဖြစ်၏။

ဖနီးသည် သူဇာကတော့ သူလိုက်ပို့ပေးမည်ဆိုသည့်အတွက် ပျော်ရွှင်သွားကာ အိပ်ခန်းထဲသို့ ဝင်သွားသည်။ နောက် သိပ်မကြာခင်မှာပင် အဝတ်အစားလဲပြီး ပြန်ထွက်လာကာ...

'သွားမယ်လေ... အစ်ကို၊ သူဇာ အဆင်သင့်ဖြစ်ပြီ'

'ဒါဆိုလည်း သွားကြမယ်လေ'

ပြောပြောဆိုဆိုဖြင့် သူက ဧည့်ခန်းထဲရှိ ထိုင်ခုံပေါ်မှ ထလိုက်သည်။ ထို့နောက် ဖနီးသည်ဖြစ်သူ၏ အပေါ်ကို နှုတ်ဆက်ကာ သူတို့လင်မယားနှစ်ယောက် ဆေးခန်းသို့ ထွက်လာခဲ့ကြလေ၏။

●





ဆေးခန်းတွင် လာပြသည့်လူနာ များနေသဖြင့် သူတို့အလှည့်ရောက်ရန် အတော်ပင် စောင့်ဆိုင်းလိုက်ရသည်။

သူတို့အလှည့်ရောက်သည့်အချိန်တွင်တော့ ညနေပင် စောင်းနေလေပြီ။

ထို့အတွက်ကြောင့် သီဟသွေးက ဖနီးသည်ဖြစ်သူကို အိမ်သို့ပြန်လိုက်ပို့ပေးပြီးသည်နှင့် သူနေထိုင်ရာ အိမ်ယာဝန်းဆီသို့ ပြန်လာခဲ့တော့သည်။

နောက်ဆုံး အိမ်ရှေ့သို့ရောက်သည့်အခါတွင် မိုးပင်ချုပ်နေလေပြီ။

ခြံဝန်းထဲတွင်တော့ ဆရာဖြစ်သူ၏ ကားကို မတွေ့ရပေ။ သို့ရာတွင် အိမ်ထဲတွင်တော့ မင်းတိုးနှင့် ကျော်ဇင်လတ်တို့ ထိုင်စကားပြောနေသည်ကို သူ လှမ်းမြင်လိုက်ရ၏။

သူ အိမ်ထဲဝင်လာသည်ကို မြင်သည်နှင့် ကျော်ဇင်လတ်က...

'ပြန်လာပြီလား... သီဟ'

ဟု နှုတ်ဆက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com

'ဆရာ အပြင်ကပြန်မလာသေးလို့ ငါတို့ ထမင်းစားဖို့ စောင့်နေကြတာကွ၊ မင်းကော ထမင်းစားပြီးပြီလား'

'ဟင့်အင်း... မစားရသေးဘူး၊ သူ့ဇာ့ကို ဆေးခန်းလိုက်ပို့တာ နောက်ကျသွားလို့လေ၊ ကားမရမှာစိုးတာနဲ့ ထမင်းမစားဘဲ မြန်မြန်ပြန်လာတာ၊ ဒါနဲ့ ဆရာက သူပြောတော့ အပြင်မသွားဘူးဆို'

သူက အင်္ကျီမှ ကြယ်သီးတွေကိုဖြုတ်ရင်း ကျော်ဇင်လတ်အား ပြောလိုက်သည်။ ကျော်ဇင်လတ်က...

'ဆရာက သူ့သူငယ်ချင်းတစ်ယောက် လာခေါ်လို့ ပါသွားတာလေ၊ အရေးကြီးကိစ္စရှိလို့နဲ့ တူတယ်'

'သြော်... ဒါဆိုရင် မင်းတို့နှစ်ယောက်နဲ့ မြတ်သူပဲ ကျန်ခဲ့တာပေါ့'

'အေး'

'ဒါဆို ဆရာ့ကို ထမင်းစားစောင့်နေကြတာပေါ့၊ ငါတော့ အဝတ်အစားသွားလဲလိုက်ဦးမယ်'

ဟု သီဟသွေးက ပြောရင်း အပေါ်ထပ်အိပ်ခန်းရှိရာဆီသို့ တက်လာခဲ့သည်။ အိပ်ခန်းတံခါးကိုဖွင့်ပြီး ဝင်လိုက်သည့်အချိန်တွင်တော့ အိပ်ခန်းတစ်ခုလုံးက မှောင်မည်းနေ၏။

'ချောက်'

သူက နံရံပေါ်မှ မီးခလုတ်ကို လက်ဖြင့်စမ်းကာ ဖွင့်လိုက်သည်။ မီးအလင်းရောင်ဖြင့် အခန်းတစ်ခုလုံးကို ရှင်းလင်းစွာမြင်လိုက်ရသည့်





အခါတွင် သူ အံ့သြတကြီး ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် အခန်းထောင့်တစ်နေရာ၌ စောင်ခေါင်းမြီးခြုံကာ ပက်လက်လန်အိပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ခြေရင်းဘက်တွင် စောင်က အပေါ်သို့ အနည်းငယ်လန်တက်နေသောကြောင့် အပြာရောင်ဂျင်းဘောင်းဘီ အောက်နားစနှင့် ခြေထောက်တစ်စုံကို မြင်ရ၏။ ဂျင်းဘောင်းဘီ အောက်နားစက အနည်းငယ် ဖွာလန်ကျဲနေပြီး ရေစိုစွတ်ထားသလို ဖြစ်နေ၏။

အင်း... ကျော်ဇင်လတ်နှင့် မင်းတိုးက အောက်ထပ်မှာဆိုတော့ ဒါ မြတ်သူထင်တယ်။ ဒီကောင် ဘာလို့များ ဒီအချိန်ကြီး အိပ်နေရတာလဲ၊

မြတ်သူက ဘယ်လိုစစ စိတ်မဆိုးတတ်သော်လည်း အိပ်နေတုန်း လာစရင်တော့ သေမလောက်စိတ်ဆိုးတတ်သည်။ နောက် ဆူဆူညံညံ လုပ်ရင်လည်း မကြိုက်။

ထို့ကြောင့် သူက တတ်နိုင်သမျှ အသံမထွက်အောင် ထိန်းရင်း အဝတ်အစားလဲလိုက်သည်။

အင်္ကျီကို ချွတ်ပြီး တန်းပေါ်သို့ လွှားတင်နေစဉ်တွင် သူ့နှာခေါင်းထဲတွင် ပုပ်အဲ့အဲ့အနံ့ဆိုးကြီးတစ်ခုက တိုးဝင်လာ၏။

ဟင်... ဘာအနံ့ကြီးလဲ?

နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ ရှေ့ရှုတ်ရင်း သူက အခန်းအနှံ့သို့ မျက်လုံးကစားကြည့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ သူက မဆီမဆိုင် မြတ်သူ အိပ်နေသည့်ပုံကို သေသေချာချာ ကြည့်လိုက်မိ၏။

မြတ်သူက စောင်ကို ခေါင်းအထိ ဆွဲခြုံထားသော်လည်း ခြေထောက်နှစ်ချောင်းကတော့ ခြေကျင်းဝတ်အထက်နားကနေ ခြေဖျားအထိ အပြင်သို့ ထွက်နေသည်။ ထူးဆန်းသည်မှာ မြတ်သူက အိပ်ပျော်နေသည်နှင့်မတူဘဲ တစ်စုံတရာကို စဉ်းစားနေဟန်ပေါ်၏။

အဘယ်ကြောင့်ဆိုသော် ခြေချောင်းလေးများက အငြိမ်မနေဘဲ လှုပ်လှုပ်ရွရွဖြစ်နေသောကြောင့်ပင်။ ထိုအပြင် ဝတ်ထားသည့် ဂျင်းဘောင်းဘီအပြာရောင်ကလည်း ထိုခြေချောင်းလေးများ လှုပ်ရမ်းသည့်အရှိန်ဖြင့် တုန်ခါနေသည်။

ဒီကောင် ပြဿနာတစ်ခုခုရှိလို့ ညစ်ပြီး အိပ်နေတာထင်တယ်။

သူက ထိုသို့တွေးရင်း မြတ်သူထံမှ အကြည့်ကို ဖယ်ကာ အဝတ်တန်းပေါ်မှ စွပ်ကျယ်အင်္ကျီတစ်ထည်ကို ယူဝတ်လိုက်သည်။

သို့သော် သူ့နှာခေါင်းထဲတွင်တော့ ပုပ်အဲ့အဲ့အနံ့ဆိုးကြီး ရှူရှိုက်နေရဆဲပင်။

သူက သက်ပြင်းကို လေးတိလေးကန်ချရင်း...

ဟိုကောင်တွေ အဝတ်တွေမလျှော်ဘဲ ချောင်ထိုးထားလို့ နံနေတာထင်တယ်။

ဟု တွေးကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သူ အောက်ထပ်သို့ရောက်သည့်အခါတွင် မင်းတိုးနှင့် ကျော်





ဇင်လတ်က သည်ညပြမည့် ဘောလုံးပွဲအကြောင်းကို ငြင်းခုံနေကြ၏။

သူက ထိုအနားသို့သွားကာ...

'ကျော်ဇင်လတ် မင်း အဝတ်တွေမလျှော်ဘဲ ချောင်ထိုးထားတယ် မဟုတ်လား'

ဟု ပြောလိုက်သည့်အခါတွင် ကျော်ဇင်လတ်က ခေါင်းကို အတင်းခါယမ်းရင်း...

'ဟာ... ဘာတွေလာပြောနေတာလဲ၊ မနေ့ကတည်းက ငါ့အဝတ်အစားတွေအားလုံး လျှော်ပြီးသွားပြီ'

ကျော်ဇင်လတ်မှာ အမြဲတစေဝတ်ပြီးသား အဝတ်အစားတွေကို မလျှော်ဘဲ ချောင်တစ်ချောင်းချောင်းတွင် စုပုံထားတတ်သောကြောင့် သူက ယခုလို မေးလိုက်မိခြင်းဖြစ်သည်။

မင်းတိုးကလည်း သူ့ဘက်လှည့်လာမည်ကို ကြိုသိနေသည်လား မသိ။ သူမပြောခင်ကပင် ငြင်းဆန်နေ၏။

'ဟေ့ကောင် သီဟ ငါ အဝတ်အစားတွေလည်း အကုန်လျှော်ထားပြီးပြီနော်၊ မလျှော်ရသေးတာဆိုလို့ အတွင်းခံဘောင်းဘီတောင် မရှိဘူး'

'ဟုတ်လား... ဒါဆို အပေါ်ထပ်အခန်းထဲမှာ ဘာဖြစ်လို့ နံနေရတာလဲ'

သူ့စကားအဆုံးတွင် ကျော်ဇင်လတ်က မကျေမနပ်ဖြစ်သွား[ပြီး]...

'မင်းကလည်းကွာ အကောင်တစ်ကောင်ကောင် သေနေလို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မှာပေါ့၊ ဒါများ ငါတို့ကို လာစွပ်စွဲနေရသေးတယ်'

ဟုတ်တော့လည်း ဟုတ်သည်။

မလျှော်ရသေးသော အဝတ်အစားတွေ တောင်လိုယာလိုပုံထား တာတောင်မှ သူရှုရှိုက်ခဲ့ရသော အနံ့လောက် ဆိုးမည်မဟုတ်ပေ။

ဒီလောက်အနံ့ဆိုးနေသည့်ကြားထဲမှ မြတ်သူဆိုသည့်ကောင်က စောင်ကို ခေါင်းမြီးခြုံပြီး အိပ်နေနိုင်သေးသည်။

အကောင်တစ်ကောင်ကောင် သေတာလားဆိုတော့လည်း သည် အိမ်တွင် ကြီးကြီးမားမားဆို၍ ကြွက်တောင်မရှိ။

ဒါဆို... ဘာကြောင့်လဲ။

ထိုမေးခွန်း၏ အဖြေကိုတော့ ခဏအကြာတွင် သူ သိရှိသွားလေ တော့၏။

အကြောင်းကား...

ခြံရှေ့တွင် ဆိုက်ကားတစ်စီးထိုးဆိုက်လာပြီး ဆိုက်ကားပေါ်မှ ဆင်းလာသည့် မြတ်သူကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'ဟင်... မြတ်သူ'

သီဟသွေးက အခုမှ အိမ်ထဲသို့ လှမ်းဝင်လာသည့် မြတ်သူကို သရဲတစ္ဆေတစ်ကောင်လို မြင်လိုက်ရသလို သွေးဖျက်တုန်လှုပ်စွာကြည့် ရင်း ပါးစပ်အဟောင်းသားဖြင့်...

'မြတ်သူ... မင်း... မင်း... မင်းက အခုမှ အပြင်က ပြန်လာ တာလား'





'အေးလေ... မင်းက ဘာပြူးတူးပြဲတဲ ဖြစ်နေရတာလဲ'

ကွမ်းယာသွားဝယ်ပြီး ပြန်လာသော မြတ်သူက အေးတီအေး စက် ပြန်ဖြေလိုက်သောကြောင့် သီဟသွေး တစ်စုံတစ်ခုကို စဉ်းစားမိ ပြီး ကြက်သီးတဖြန်းဖြန်း ထသွား၏။

'ကျော်ဇင်လတ်နဲ့ မင်းတိုးက ဟောဒီအောက်ထပ်မှာ စကားထိုင် ပြောနေကြတာ၊ မြတ်သူကလည်း အခုမှ အပြင်က ပြန်လာတာဆိုတော့ ဒါ... ဒါဆိုရင် စောစောက အပေါ်ထပ်ကအခန်းထဲမှာ ခေါင်းမြီးခြုံ ပြီး အိပ်နေတာ ဘယ်သူလဲ'

သီဟသွေးက အပေါ်ထပ်တွင် သူမြင်တွေ့ခဲ့ရသော မြင်ကွင်းကို ပြန်မြင်ယောင်ကြည့်ပြီး အသက်ရှူရပ်တော့မတတ် ဖြစ်သွားသည်။

စောင်ခြုံအောက်မှ တစ်ပိုင်းတစ်စပေါ်နေသော အပြာရောင် ဂျင်း ဘောင်းဘီဖွာလန်ကျဲလေးက အခုတိုင် သူ့မျက်စိအာရုံထဲမှ မထွက်သေး။

'အဲဒါ... အဲဒါ သူမှဟုတ်ရဲ့လား'

သူ့ ဦးခေါင်းပေါ်မှ ဆံပင်တွေ ထောင်ထသွား၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

သူ သွေးရူးသွေးတန်းဖြင့် လှေကားထစ်တွေကို နှစ်ထစ်၊ သုံးထစ်၊ ကျော်ကာ အပေါ်ထပ်သို့ ဒရကြမ်းပြေးတက်လာခဲ့သည်။

နှလုံးအိမ်က အပြင်သို့ ကျွတ်ထွက်ကျတော့မတတ် တဒုန်းဒုန်း ခုန်နေသလို ခန္ဓာကိုယ်ကလည်း လဲပြိုကျတော့မတတ် လှုပ်ရှားတုန်ယင်နေ၏။

'ဟော့ကောင်... သီဟ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

သူ့နောက်မှ အလန့်တကြား အော်ဟစ်မေးမြန်းကာ လိုက်ပါလာသော သူငယ်ချင်းများကိုပင် လှည့်မကြည့်နိုင်အားတော့ပေ။

သူ့ခြေလှမ်းတွေက အိပ်ခန်းဆီသို့... ။

သေချာမှုတစ်ခုအတွက် အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆောင့်တွန်းဖွင့်လိုက်သည်။

အိပ်ခန်းတစ်ခုလုံးက သူဖွင့်ထားခဲ့သော လျှပ်စစ်မီးရောင်အောက်တွင် ကြည်လင်ပြတ်သားနေလျက်။





အခန်းထောင့်တစ်နေရာရှိ စောင်ပုံလေးကလည်း လူတစ်ယောက်ကို လွှမ်းခြုံပေးထားသလိုမျိုး။ သို့သော် စောင်အောက်တွင်တော့ မည်သူမျှ ရှိမနေ။

ထိုမြင်ကွင်းက သူ့နှလုံးသားကို အရှိန်ပြင်းပြင်းဆွဲကိုင်လှုပ်ယမ်းလိုက်သည့်နှယ်။

သူကတော့ အကြောက်တရားတို့ကို ပွေ့ပိုက်ထားရင်း အခန်းဝမှတစ်ဆင့် ထိုစောင်ပုံလေးကိုသာ ကြက်သေသေကြည့်နေမိတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြစိတ်၊ ကြောက်လန့်စိတ်တို့ဖြင့် သူဦးနှောက်တွေ နောက်ကျိရှုပ်ထွေးနေ၏။ အမြင်အာရုံထဲတွင် စောင်အောက်မှ တစ်ပိုင်းတစ်စထွက်နေသော ခြေထောက်ရှိ ခြေချောင်းလေးများ လှုပ်လှုပ်ရွရွ ဖြစ်နေသည့် ပုံရိပ်ကို ထုတ်ပစ်လို့မရတော့။

တုန်လှုပ်ချောက်ချားစရာ အဖြစ်အပျက်များမှ ပုံရိပ်ဆိုးတွေက သူ့နှလုံးသားထဲတွင်· ဆူးတစ်ချောင်းလို နှစ်ဝင်နေ၏။

ကျော်ဇင်လတ်က သူ့ပခုံးကို သိုင်းဖက်ရင်း...

'မင်းအနားယူဖို့ လိုနေပြီထင်တယ် သီဟ၊ မင်းမနေ့က ဖျားသွားလို့ သွေးအားနည်းနေတာ ဖြစ်မယ်။ တစ်ခါတလေ သွေးအားနည်းရင် မြင်ချင်တာမြင်၊ ကြားချင်တာ ကြားရတတ်တယ်ကွ'

ထိုစကားအဆုံးတွင် သူက ကျော်ဇင်လတ်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေလိုက်သည်။

ဒီအချိန်တွင် သူ ဘာကိုမှ ငြင်းခုန်မနေချင်တော့ပါ။

ထိုစဉ် ဆရာသတိုးလွင်က အိပ်ခန်းထဲသို့ ဝင်လာပြီး သောက်ရေတစ်ခွက်နှင့် အဝါရောင်ဆေးပြားလေးနှစ်ပြားကို လှမ်းပေးရင်း...



'ရော့... ရော့... သီဟ၊ ဒါလေးသောက်ပြီး အိပ်လိုက်တော့၊ နိုးလာရင် အားလုံး အဆင်ပြေသွားလိမ့်မယ်'

သူက ဆေးပြားနှစ်ပြားကို လှမ်းယူရင်း ရေဖြင့် မျောကာ သောက်ချလိုက်၏။ တကယ်ပင် ထိုဆေးသောက်ပြီး ခဏအကြာမှာတော့ သူ့မျက်ခွံတွေက အလွန်လေးလံလာသည်။

ထိုသို့ အိပ်ချင်နေသည့်ကြားမှပင် သူ့အတွေးတွေက သည်အိမ်ကြီးအကြောင်းကို စဉ်းစားနေမိ၏။

သို့သော် သူ ကြာကြာဆက်လက်စဉ်းစားနိုင်စွမ်း မရှိတော့ပါ။ သူ အလွန်ပင် အိပ်ချင်နေလေပြီ။

အဲဒီနောက်တွင်ကား သူ ဘာကိုမှ မသိတော့ချေ။

●



www.burmeseclassic.com

www.burmeseclassic.com

နောက်ရက်အနည်းငယ်ကြာသည့်အချိန်တွင် ထိုအဖြစ်အပျက်က သူ့အတွက် ဒါမှမဟုတ် အားလုံးအတွက် ရယ်စရာကောင်းသော အမြင်အာရုံလွဲမှားမှုတစ်ခုသာ ဖြစ်သွားတော့လေသည်။

သို့သော် အားလုံးခရီးထွက်သွားကြပြီး သည်အိမ်ကြီးတွင် သူနှင့်မှီးသည်တို့နှစ်ယောက်တည်း ကျန်ခဲ့သည့်အချိန်တွင်တော့ ဒါဟာ အမြင်အာရုံလွဲမှားမှုတစ်ခုမဟုတ်မှန်း အသေအချာ သိလာရလေတော့၏။

■





## အခန်း (၉)

ဆရာသတိုးလွင်တို့ ခရီးထွက်သွားကြသည်မှာ ဒီနေ့နှင့်ဆိုလျှင် ရက်သတ္တပတ် တစ်ပတ်တိတိပြည့်ပြီ။ သူဇာပင် ဒီအိမ်ကြီးတွင် သူနှင့်အတူ လာရောက်နေထိုင်သည်မှာ ခြောက်ရက်တိတိ ရှိပြီဖြစ်၏။

အခုချိန်အထိတော့ အရာရာအားလုံးက အေးအေးချမ်းချမ်းပင် ရှိနေသေးသည်။ သို့သော် တစ်မနက်ခင်းတွင်တော့...

သူဇာက အပေါ်ထပ်မှဆင်းလာပြီး ဝတ္ထုရေးရန် ပြင်ဆင်နေသော သူ့အနားသို့ ရောက်လာကာ...

'အစ်ကိုကို ပြောပြရဦးမယ်၊ သူဇာ ညတုန်းက ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်တယ် သိလား'

'ဟုတ်လား... ဘယ်လိုထူးဆန်းတဲ့ အိပ်မက်လဲ၊ ကိုယ့်ကို ပြောပြဦးလေ'

ဟု သူက စာရေးတာကိုရပ်ပြီး ပြန်မေးလိုက်သည်။ သူဇာက စာရေးစားပွဲဘေးတွင် ဝင်ထိုင်လိုက်ပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် သူမ၏ အိပ်မက်ကို ပြန်စဉ်းစားနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစား၍ ရသွားသည့်အခါကျမှ သူဇာက...

‘အိပ်မက်ထဲမှာ ကောင်လေးတစ်ယောက်က သူ့ဇာ့ဆီမှာ နေချင်တယ်လို့ အတင်းလာပြောတယ် သိလား၊ အစ်ကို’

‘သြော်... သူဇာရယ်၊ ဒါများ ဘာထူးဆန်းလို့လဲ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေဆိုတာ ဒီလိုမျိုး အိပ်မက်တွေ မက်တတ်ကြတာပဲလေ။ ကလေးက မိဘတွေဆီမှာ လာခွင့်တောင်းတာနေမှာပေါ့’

သီဟသွေးက သိပ်အလေးအနက်မထားဘဲ အလိုက်အထိုက်ပင် ပြန်ပြောလိုက်၏။ တကယ်တော့ ဒီလိုကိစ္စမျိုးတွေကလည်း သိပ်ထူးဆန်းလှသည်တော့ မဟုတ်။

ဂမ္ဘီရလိုလို ဘာလိုလို ဝတ္ထုတွေထဲမှာ သူသူငါငါ ထည့်ရေးတတ်ကြလွန်းသဖြင့် ဖန်တရာတေအောင် ဟောင်းနွမ်းခေါက်ရိုးကျိုးနေပြီဖြစ်သော ဇာတ်ကွက်မျိုးပင် ဖြစ်၏။ တကယ်ဟုတ်သလား မဟုတ်သလားတော့မသိ။

ကိုယ်ဝန်ဆောင်မိန်းမတွေ စိတ်ကူးယဉ်တတ်ကြသော ‘ကြောင်ကွက်’ လည်း ဖြစ်နိုင်သည်ပဲလေ။ ဒါကြောင့် ပြီးပြီးရော ပြောလိုက်ခြင်းဖြစ်၏။

သူ့စကားကို သူဇာက သိပ်သဘောကျဟန်မတူပေ။ ခေါင်းကို ခါယမ်းရင်း...

‘ဟင်း... ဒါဆို သူဇာ ကိုယ်ဝန်စရှိခါစက အိပ်မက်မက်တော့ မိန်းကလေးလေ၊ အခုကျတော့ ဘာလို့ ယောကျ်ားလေးဖြစ်နေရတာလဲ၊





ပြီးတော့ အခုမက်တဲ့ အိပ်မက်ထဲက ကောင်လေးက လူပျိုပေါက်တောင်ဖြစ်နေပြီ၊ အမှန်တကယ်ဆို ကလေးအရွယ်ပဲ ဖြစ်ရမှာမဟုတ်လား’

ဇနီးသည်၏ စကားအဆုံးတွင်တော့ သီဟသွေးတစ်ယောက် ခေါင်းကိုသာ တဗျင်းဗျင်းကုတ်ဖွလိုက်တော့သည်။

စိတ်ထဲတွင်လည်း ရယ်ချင်သွား၏။

မိန်းမသားဆိုသည်မှာ တစ်ခါတရံ၌ အသေးအမွှားကိစ္စလေးတွေကိုပင် အယူသည်းတတ်ကြသည်မဟုတ်ပါလား။

အခုလည်း သူဇာက ဘာတွေကို အယူသည်းနေသလဲမသိ။

သူက ဇနီးသည်ဖြစ်သူကို ကနဲ့လနဲ့တိုက်ပြောဆိုသည် ထင်မှာစိုး၍ ရွှတ်နောက်နောက်သာ ပြောလိုက်သည်။

‘နှစ်ယောက်တောင် လာပြောတယ်ဆိုတော့ သူ့ဇာ့ဗိုက်ထဲက ကလေးက ယောကျ်ားလေး၊ မိန်းကလေး အမြွှာပူးဖြစ်မှာပေါ့။ ဟဲ... ဟဲ’

သူဇာက သူ့စကားကို လိုက်မရယ်သည့်အပြင် မျက်နှာပင် ပိုတည်သွား၏။ ထို့နောက်...

‘ဒါပေမယ့် အိပ်မက်ထဲမှာ သူဇာ အဲဒီကောင်လေးကို လာမနေနဲ့လို့ ပြောလိုက်တယ်’

‘ဟား... ဟား... ဟား... ငါ့မိန်းမက တယ်ပြတ်သားလှချည်လား’

သူ့စကားကြောင့် ဇနီးသည်သူဇာက စိတ်ဆိုးသွားပြီး မလိုသံမာမာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com


'ရယ်မနေနဲ့ သူဇာအကောင်းပြောနေတာ အစ်ကို။ အဲဒီ ကောင်လေးက လာမနေနဲ့လို့ ပြောလဲပြောလိုက်ရော သူဇာ့ကို စိတ်ဆိုးသွားပြီး ဘာတွေမှန်းမသိဘူး ပြောသွားတယ်။ ပြီးတော့ သူဇာခေါ်တာတောင် လှည့်မကြည့်တော့ဘဲ ဟော့ဒီ ထမင်းစားခန်းထဲကို ဝင်သွားတယ်'

'ဟင်... ဟုတ်လား'

ထိုစကားအဆုံးတွင်တော့ ဇနီးသည် လက်ညှိုးညွှန်ပြနေသည့် ထမင်းစားခန်းကိုကြည့်ရင်း သူပင် အနည်းငယ် စိတ်လှုပ်ရှားသွားမိသည်။

သို့သော် အမူအရာကို ဟန်မပျက်ထိန်းပြီး...

'သူဇာ ဒီအိမ်ကြီးကို စိတ်စွဲပြီး အိပ်မက်မက်တာ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ သူဇာ မနေ့က ထမင်းစားခန်းတစ်ခန်းလုံးကို ရှုပ်ပွနေလို့ဆိုပြီး သန့်ရှင်းရေးဝင်လုပ်သေးတယ်လေ'

'အင်း... အဲဒီလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ သူဇာကတော့ အိပ်မက်ထဲက ကောင်လေးကို အခုထိ ကြောက်နေသေးသလိုပဲ'

'ကဲပါ... သူဇာရယ် စိတ်စွဲလန်းလို့ မက်တာပဲ၊ မေ့ထားလိုက်ပါတော့၊ ကိုယ်လည်း စာဆက်ရေးလိုက်ဦးမယ် သူဇာလည်း လုပ်စရာရှိတာ သွားလုပ်တော့'

ထိုသို့ပြောရင်း သူက စာဆက်ရေးလိုက်သည်။ ဇနီးသည် သူဇာကတော့ သူ့ဘေးမှယကာ မီးဖိုချောင်ထဲသို့ ဝင်သွားလေ၏။

ဇနီးသည်ဖြစ်သူ မရှိတော့သည့်အခါကျမှ သီဟသွေးက ထမင်းစားခန်းကို လှမ်းကြည့်ရင်း သက်ပြင်းကို လေးတိလေးကန် ချလိုက်မိသည်။ စိတ်ထဲမှလည်း...

'တော်သေးတာပေါ့ ဒီအိမ်ကြီးအကြောင်း သူဇာ့ကို ငါ ဘာမှ မပြောထားမိလို့' ဟု တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ညနေဘက်ရောက်သည့်အခါတွင် သီဟသွေးက ရေကို ခြံထောင့်ရှိ ရေစင်ကြီးအောက်မှာပင် ချိုးလိုက်ပြီး အဝတ်အစားလဲရန် အပေါ်ထပ်သို့ တက်လာခဲ့၏။

သူဇာတစ်ယောက်တော့ အခန်းထဲမှာ စာအုပ်ဖတ်နေတယ်ထင်တယ်၊ သီဟသွေးက တွေးရင်းတောရင်း သဘက်ယူရန်အတွက် အလယ်ခန်းဆီသို့ လျှောက်လာလိုက်သည်။

သည်အလယ်ခန်းက ခုတင်နှင့် မွေ့ယာရှိမှ အိပ်တတ်သော ဇနီးသည်ဖြစ်သူ၏ စိတ်ကြိုက်ရွေးထားသော အခန်းဖြစ်၏။

သူက အခန်းတံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည်။

'ဟင်... သူဇာ ဘာလုပ်နေတာလဲ'

ဆရာသတိုးလွင်၏ အခန်းနှင့် သည်အလယ်ခန်းကို ခြားထားသော အုတ်နံရံအား နားဖြင့် ဖိကပ်နားထောင်နေသည့် သူဇာက သူ့အသံကိုကြားကာ အလန့်တကြား ဖြစ်သွားပြီး...

'အစ်ကို ဘယ်မှာရေသွားချိုးနေတာလဲဟင်'





ဟု မျက်လုံးပြူးမျက်ဆံပြူးဖြင့် မေးလေသည်။ အသံတွေကလည်း တုန်ယင်နေသလိုပင်။

သူက သူမကိုကြည့်ကာ နားမလည်နိုင်အောင် ဖြစ်သွားပြီး...

'သူဇာ ဘာတွေလာမေးနေတာလဲ၊ ကိုယ် ခြံထောင့်က ရေစင်မှာ ရေသွားချိုးတာလေ၊ သူဇာတောင် မျက်နှာသစ်ဆပ်ပြာ လာပေးသေးတာပဲ။ ပြီးတော့... အခုကရော သူဇာ ဘာလုပ်နေတာလဲ'

သူဇာက သူ့စကားကြောင့် မျက်စိမျက်နှာပျက်သွားပြီး ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ထို့နောက် လှုပ်ရှားတုန်ယင်နေသော အသံဖြင့်...

'အစ်ကို ရေစင်မှာ ရေသွားချိုးမှန်း သူဇာသိတယ်၊ ဒါ... ဒါပေမဲ့ သူဇာက အစ်ကိုပြန်တက်လာပြီး ဆရာ့အခန်းထဲမှာ ဝင်ရေချိုးနေတယ်ထင်လို့'

သိသိသာသာ အမူအရာပျက်ပြီး ပုံမှန်မဟုတ်သည့် အသံဖြင့် ပြောနေသော ဇနီးသည်ဖြစ်သူက ဘာကိုဆိုလိုချင်နေမှန်း သူနားမလည်တော့ပေ။

ထို့ကြောင့် သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး...

'ဒုက္ခပါပဲ သူဇာရာ၊ ဘာဖြစ်လို့များ အဲဒီလို ရှာရှာကြံကြံ တွေးတတ်ရတာလဲ၊ ကိုယ်က ဘယ်လိုဖြစ်လို့ ရေစင်မှာ ရေချိုးနေရင်း ဆရာ့အခန်းထဲ ရောက်လာရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်သည့် အသံဖြင့် ပြောလိုက်သော သူ့စကားအဆုံးတွင် သူဇာက ဦးခေါင်းထက်မှ ဆံစများ ပြင်းပြင်းထန်ထန် လှုပ်ရမ်းသွားသည်အထိ ခေါင်းကိုခါပြီး...

'မဟုတ်ဘူး... မဟုတ်ဘူး အစ်ကို၊ သူဇာအကြောင်းမဲ့ လျှောက်ပြောနေတာ မဟုတ်ဘူး၊ အပေါ်ထပ်ကို တက်လာတဲ့ခြေသံတစ်သံကို ကြားရလို့ အစ်ကိုထင်ပြီး သူဇာ အခန်းတံခါးကို ထဖွင့်ကြည့်လိုက်တော့ ဆရာ့အခန်းထဲကို လူတစ်ယောက် ရိပ်ခနဲဝင်သွားတာ တွေ့လိုက်ရတယ်။ အစ်ကို ဆရာ့အခန်းထဲက ပစ္စည်းတစ်ခုခု ဝင်ယူတာပဲလို့ သူဇာထင်ပြီး ခုတင်ပေါ်မှာ ပြန်လှဲပြီး စာအုပ်ဖတ်နေတာ'

သူဇာက စကားကို ဆက်မပြောသေးပဲ အုတ်နံရံဘက်သို့ မဝံ့မရဲ တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ ခင်ပွန်းသည်၏ မျက်နှာကို အားကိုးတကြီးကြည့်ရင်း...

'နောက်... သူဇာ စာဖတ်နေတုန်း ဆရာ့ရေချိုးခန်းထဲကနေ ရေကျသံတွေကို ကြားရတယ်။ အဲဒါနဲ့ သူဇာလည်း အစ်ကိုများ ရေဝင်ချိုးနေတာလားလို့ သံသယဖြစ်မိပြီး သေချာအောင် အုတ်နံရံနဲ့ကပ်ပြီး နားထောင်ကြည့်နေတာ'

'အဲဒီတော့ ဘာကြားရလဲ သူဇာ'

သူ အလောတကြီး ဖြတ်မေးလိုက်ပြီး ဇနီးသည်၏ ပြန်ဖြေကြားလာမည့် စကားကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေ၏။

သူ့ရင်ထဲတွင်လည်း နှလုံးသွေးတို့က တဖြည်းဖြည်းနှင့် ပူလောင်





ဆူပွက်လာသည်။

သူဇာက တံတွေးကို ပင်ပင်ပန်းပန်း မျိုချရင်း...

'ဘာ... ဘာကြားရလဲဆိုတော့ အဲဒီဘက် အုတ်နံရံကနေ တစ်ယောက်ယောက်က သူဇာ့ကို စကားတွေ လှမ်းအော်ပြောနေသလိုပဲ'

'ဘာ!!!'

တုန်လှုပ်ချောက်ချားစရာ ကောင်းလှသောစကားကြောင့် သူ သတိလက်လွတ်ဖြစ်ကာ အလန့်တကြား အော်လိုက်မိသည်။ ချက်ချင်းဆိုသလို ကြောက်ရွံ့မှု လှိုင်းတံပိုးများကလည်း သူ့ကိုယ်တွင်းမှ သိလိုစိတ် ကျောက်ဆောင်များကို လာရောက် ရိုက်ပုတ်လိုက်သလိုပင်။

ထို့ကြောင့် သိဟသွေးက အာရုံတွေကို စုစည်းပြီး အုတ်နံရံနှင့်နားကို တဖြည်းဖြည်းချင်း ကပ်လိုက်၏။

သူ့နားနှင့် အုတ်နံရံအထိအတွေ့က အေးခနဲ ဖြစ်သွားသည်။ အဲသည့်နောက်တွင်တော့...

'အား!!!'

သူ့စိတ်ထဲမှနေ အာခေါင်ခြစ်အော်ဟစ်လိုက်သော အသံက သူ့ခန္ဓာကိုယ်ထဲမှာတော့ မိုးချိမ်းသံသဖွယ် ကျယ်လောင်သွား၏။

ဦးဆောင်သူ ခင်ပွန်းသည်တစ်ယောက် ဖြစ်သောကြောင့် ဇနီးသည်ရှေ့တွင် အမူအယာမပျက်အောင် ထိန်းရင်း...

'ဘာ... ဘာမှမကြားရပါဘူး... သူဇာရယ်၊ နားကိုလက်နဲ့ပိတ်ထားရင်လည်း ရေကျသံလို တဝေါဝေါကြားရတာပဲလေ'



www.burmeseclassic.com

www.burmeseclassic.com

အဲသည့်စကားပြောပြီးသည့် အခါတွင် ဇနီးသည်ဖြစ်သူနှင့် မျက်လုံးချင်းမဆုံမိအောင် တခြားဖက်သို့ မျက်နှာလွှဲလိုက်သည်။

သူ့နားထဲတွင်တော့ သူ့နာမည်ကို အော်ခေါ်လိုက်သည့် ကွဲအက်အက် အသံတစ်ခုကို ကြားယောင်နေရဆဲပင်။

■





## အခန်း (၁၀)

နောက်တစ်နေ့ငင်တော့ သူတို့ ဇနီးမောင်နှံနှစ်ယောက်၏ မျှော်လင့်ချက်ရောင်ခြည်တွေက တစ်စစီ ကျိုးပျက်ပြိုလဲသွားခဲ့လေတော့သည်။

သူ့ဇာတစ်ယောက် လှေကားထစ်ပေါ်မှ မတော်တဆ ခြေချော်ကျသွားခဲ့၏။ သန္ဓေသားပျက်စီးသွားသည်ဆိုသည့် ဆရာဝန်၏ မှတ်ချက်စကားက သူ့နှလုံးသားကို ဓားဦးချွန်ချွန်ဖြင့် ဆောင့်ထိုးလိုက်သည့်နှယ်။

ဇနီးသည်သူဇာကတော့ လူနာခုတင်ပေါ်တွင် မိန်းမောအိပ်ပျော်နေရှာသည်။ သီဟသွေးက သွေးဆုပ်ဖြူရော်နေသော ဇနီးသည်ဖြစ်သူ၏ မျက်နှာမှ အကြည့်ကိုဖယ်ကာ ဆေးရုံပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ညဦး၏ လရောင်ဖြင့် ထိခတ်နေသော သစ်ကိုင်းသစ်ခက်တို့က ဘော်ငွေရောင်တဖိတ်ဖိတ် တောက်နေ၏။ လေပြေလေညင်းတွေကလည်း သစ်ကိုင်းသစ်ခက်တို့ကြားတွင် တိုးဝှေ့တိုက်ခတ်နေလျက်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ပိုင်းတစ်စလှမ်းမြင်နေရသော တစ်ဝက်တစ်ပျက်ကောင်းကင်သည်ပင် ကြယ်စုံလစုံခြံရံလျက် ညကို အုပ်မိုးထားသည်။

သူသည် မြင်ကွင်းကိုကြည့်ပြီး ဘာလို့ မအေးချမ်းနိုင်ရတာလဲ၊

သူ ပူလောင်မှုတွေ ရောယှက်နေသော သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။

ထို့နောက် လှူနာခုတင်ခေါင်းရင်းရှိ တိုင်တွင် ချိတ်ဆွဲထားသော သွေးပုလင်းထဲမှသွေးစက်တို့ တစ်ပေါက်ပေါက်ကျနေသံကို သူ အစိမ့်ပွာယ်မဲ့ လိုက်လံရေတွက်နေမိသည်။

ထိုစဉ် ဇနီးသည်ဖြစ်သူ၏ ကိုယ်ခန္ဓာက လူးလွန့်လှုပ်ရှားလာ၏။

သူက ဇနီးသည်ဖြစ်သူ၏ လက်ကို ဖွဖွဆုပ်ကိုင်ရင်း ကျန်သည့် လက်တစ်ဖက်ဖြင့် သူမ၏ နဖူးတွင် ပေသီးနေသော ချွေးစချွေးနလေးများကို သုတ်ဖယ်ပေးလိုက်သည်။

ထို့အတွက် ဇနီးသည်ဖြစ်သူထံမှ အားအင်ဖျော့တော့နေသော အပြုံးပန်းတစ်ခုကို သူရလိုက်၏။

သူ ကြင်ကြင်နာနာပြန်ပြုံးပြရင်း ဇနီးသည်ဖြစ်သူ အမြန်ဆုံး ကျန်းမာလာဖို့ကိုသာ ရင်ထဲမှ ဆုတောင်းနေမိတော့သည်။

●

နောက် ရက်သတ္တပတ်ကျော်ကျော် ကြာသောအခါတွင် သူ့ဇာ ကျန်းမာလာပြီဖြစ်၍ ဆေးရုံမှ ဆင်းလာခဲ့၏။ အကြိမ်ကြိမ် ငြင်းဆန်နေသည့်တိုင် လွတ်လွတ်လပ်လပ် အနားယူခွင့်ရအောင်ဆိုသည့် အကြောင်းပြချက်ဖြင့် သူ့ဇာ့ကို သည်အိမ်ကြီးဆီသို့သာ ပြန်လည် ခေါ်ဆောင်လာခဲ့သည်။

တကယ်တမ်း ပြောရလျှင်လည်း သည်အိမ်ကမြောက်ဒဂုံမှ အခေါ်ဖြစ်သူအိမ်ထက်စာလျှင် ပို၍ လွတ်လွတ်လပ်လပ်နေနိုင်သည် မဟုတ်ပါလား။

ဒါသည်ပင် မှားယွင်းသော အယူအဆဖြစ်သည်ကိုတော့ သူ နောက်ကျပြီးမှ သိခွင့်ရခဲ့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

အဲသည်နေ့က သူ ခြံထဲတွင် ပန်းပင်များကို ရေလောင်းနေစဉ် ဖြစ်သည်။ ထိုအချိန်တွင် ဖနီးသည်သူဇာက သူ့အနားသို့ ရောက်လာပြီး...

'အစ်ကို... ခုနက သူဇာ့အနားကို လာသေးလား... ဟင်'

'ဟင့်အင်း... မလာပါဘူး၊ ကိုယ် ဒီမှာ ရေလောင်းနေတာလေ'

'သြော်...'

ထိုစကားတစ်လုံးသာ သူဇာက ရေရွတ်လိုက်ပြီး ဒန်းပေါ်တွင် သွားထိုင်နေ၏။

သူက အမှုမဲ့အမှတ်မဲ့ပင် နေလိုက်ပြီး ပန်းပင်များကို ရေဆက်လောင်းနေလိုက်၏။

ထိုစဉ် သူရေလောင်းနေသည့်အနားသို့ ဘောလုံးတစ်လုံး ဘုတ်ခနဲ ပြုတ်ကျလာသည်။ ထိုဘောလုံးက ခေါင်းရင်းခြံမှဖြစ်၏။

သူက ဘောလုံးတစ်လုံးကို ကောက်ယူပြီး ပေးရမည့်သူကို ရှာဖွေလိုက်သည့်အခါ ကျောင်းနေအရွယ် ကလေးငယ်တစ်ယောက်ကို ခေါင်းရင်းခြံထဲ၌ တွေ့ရသည်။





သီဟသွေးက ခြံစည်းရိုးအနားသို့ သွားလိုက်ကာ...

'ဒါ... သားဘောလုံးလား၊ ရော့... ရော့'

ကလေးငယ်က ခေါင်းညိတ်ပြသော်လည်း သူ့အနားသို့ တိုးကပ်မလာချေ။ မျက်နှာစိမ်းနေ၍ ကြောက်နေဟန်တူသည်။

ထိုစဉ် အိမ်ထဲမှ အမျိုးသမီးကြီးတစ်ယောက် ထွက်လာကာ ခြံစည်းရိုးအနားသို့ ကပ်လာပြီး...

'ပေး... ပေး... ငါ့တူ။ သားလေးက လူစိမ်းဆိုရင် ကြောက်တတ်လို့ပါကွယ်'

'သြော်... ဟုတ်ကဲ့... အန်တီ'

ဟုပြောရင်း ဘောလုံးကို လှမ်းပေးလိုက်သည်။ သို့ရာတွင် ဘောလုံးလှမ်းယူပြီးသည့်တိုင် ထိုအမျိုးသမီးကြီးက ခြံစည်းရိုးအနားမှ မထွက်သွားသေးဘဲ သူ့အား စကားဆက်ပြောလာ၏။

'ငါ့တူတို့ အိမ်ကလူတွေ ခရီးထွက်သွားကြတာနဲ့ တူတယ်'

'ဟုတ်တယ် အန်တီ၊ ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီးပဲ အိမ်စောင့်အဖြစ် ကျန်နေခဲ့ကြတာ'

သူက လူမှုရေးအရ ပြန်ဖြေလိုက်သော်လည်း စိတ်ထဲတွင်တော့ စပ်စပ်စုစုနိုင်လှသော ထိုအမျိုးသမီးကြီးအား သိပ်မနှစ်မြို့လှချေ။

ပြောင်းလာကာစ သူပြုံးပြသည်ကိုပင် ပြန်ပြုံးပြဖော်မရသော ကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုအမျိုးသမီးကြီးက လူမှုရေး ခေါင်းပါး သူ မဟုတ်မှန်း သူ တဖြည်းဖြည်းနဲ့ သိလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကြီးက...

'အေးကွယ်... ဘာပဲဖြစ်ဖြစ် လင်မယားနှစ်ယောက်တည်းဆိုတော့ နေတာထိုင်တာ ဂရုစိုက်ကြပေါ့၊ တစ်ခုခု အကူအညီလိုလာပြီဆိုလည်း အန်တီတို့ကို အကူအညီတောင်းလို့ရပါတယ်'

'ဟုတ်ကဲ့ပါအန်တီ... ကျေးဇူးတင်ပါတယ်'

သူ ကျေးဇူးတင်စကားဆိုပြီးသည့်အခါတွင်၊ ထိုအမျိုးသမီးက သူတို့အိမ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး လှည့်ထွက်သွားလေသည်။

အင်း... ဒီအဒေါ်ကြီးက ငါတို့ထင်သလို မဟုတ်ပါလား...

ထိုသို့ တွေးမိလိုက်သဖြင့် သီဟသွေးက ထိုအမျိုးသမီးကြီးအား အားတုံ့အားနာ ဖြစ်သွားမိ၏။

သီဟသွေးက သက်ပြင်းကိုချရင်း ဇနီးသည်ရှိရာ ဒန်းဆီသို့ လျှောက်လာခဲ့သည်။ အနားသို့ ရောက်သောအခါတွင် သီဟသွေးက ဒန်းပေါ်တွင်ထိုင်နေသော ဇနီးသည်ဖြစ်သူအား...

'သူဇာ... အိပ်ခန်းထဲသွားပြီး လှဲအိပ်နေလေ။ သူဇာက သိပ်နေကောင်းသေးတာမှ မဟုတ်တာ'

သူဇာက သူပြောနေသည့်စကားကို စိတ်ဝင်စားပုံမပေါ်ချေ။ သူ့အား တွေတွေငေးငေးကြည့်လာပြီး...

'သူဇာ... မြောက်ဒဂုံမှာ ပြန်နေချင်တယ် အစ်ကို၊ သူဇာ ဒီမှာ မနေချင်တော့ဘူး'

'ဟင်... ဘာဖြစ်လို့လဲသူဇာ၊ ဒီမှာလဲ အဆင်ပြေနေတာပဲလေ'





ဇနီးသည်ဖြစ်သူ ရုတ်တရက် ပြောလာသောစကားကြောင့် သီဟသွေး အံ့သြသွားမိသည်။ ထို့အပြင် ဇနီးသည်ဖြစ်သူ၏ မျက်နှာကို အကဲခတ်ကြည့်တော့လည်း ရွှင်ရွှင်မြူးမြူးမရှိသည်ကို တွေ့ရ၏။

သူမက အနားတွင်ဝင်ထိုင်သော သီဟသွေး၏ လက်ကို ဆုပ်ကိုင်ပြီး...

'သူဇာ... ဒီအိမ်ကြီးမှာ နေရတာ စိတ်မသန့်တော့ဘူး အစ်ကို၊ တဖြည်းဖြည်းနဲ့ သူဇာ့စိတ်ထဲမှာ ဒီအိမ်ကြီးကို ကြောက်လာသလိုပဲ'

'ဟာ... သူဇာကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီအိမ်ကြီးက ဘာကြောက်စရာရှိလို့လဲ၊ ရိုးရိုးအိမ်ကြီးပဲဟာ'

သူဇာ့ဆီမှ မည်သည့်တုန့်ပြန်သံမှ မကြားရတော့။

သူမက ရီဝေဖျော့တော့နေသော မျက်ဝန်းအစုံဖြင့် လမ်းမပေါ်သို့ ငေးကြည့်ရင်း တစ်စုံတရာကို လေးလေးနက်နက် တွေးတောနေဟန်တူသည်။

သူက ဇနီးသည်ဖြစ်သူ၏ ပခုံးစွန်းနှစ်ဖက်ကို ညင်ညင်သာသာ ဆုပ်ကိုင်ရင်း...

'ကဲ... သူဇာ၊ ထမင်းစားကြရအောင်ကွာ၊ ကိုယ် ဗိုက်ဆာနေပြီ'

ထို့နောက်တွင်တော့ သူတို့ ဇနီးမောင်နှံနှစ်ယောက်က ညစာစားရန်အတွက် အိမ်ထဲသို့ ဝင်လာခဲ့တော့လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

ည ရှစ်နာရီခန့်အချိန်တွင် ဆရာသတိုးလွင်က ပြင်ဦးလွင်မှ ဖုန်းဆက်လာသည်။ သူ ဖုန်းကိုကိုင်လိုက်တော့ ဆရာဖြစ်သူက...

'သီဟ... ဘယ်လိုလဲ၊ နေရထိုင်ရတာ အဆင်ပြေရဲ့လား'

ဟု မေးလာသည်။

သူက ဆရာဖြစ်သူ ပူပန်နေရမည်စိုးသဖြင့် မှသားသုံး၍သာ ပြောလိုက်သည်။

'ဟုတ်ကဲ့ ဆရာ၊ အားလုံးအဆင်ပြေပါတယ်။ ဆရာတို့ရော ဘယ်တော့ ပြန်လာကြမှာလဲ'

တစ်ဖက်မှ ဆရာဖြစ်သူ၏ အဖြေစကားကို မကြားရသေးခင်မှာပင် ကျော်ဇင်လတ်တို့၏ အော်ကြီးဟစ်ကျယ် ရယ်မောနေကြသံကို ဖုန်းထဲမှတဆင့် ကြားနေရ၏။

ဒီကောင်တွေ တော်တော်ပျော်နေပုံရတယ်...

ဟု တွေးနေမိစဉ်မှာပင် တစ်ဖက်မှ ဆရာဖြစ်သူ၏ အသံထွက်ပေါ်လာသည်။

'နောက်နှစ်ရက်လောက်နေရင် ပြန်လာဖြစ်မယ်ထင်တယ်ကွ၊





အခု ငါရေးနေတဲ့ဝတ္ထုက ပြီးသွားတာကြာပြီ။ ဟိုကောင်တွေက လျှောက်လည်ချင်ကြသေးတယ်ဆိုလို့ တမင်သက်သက် ဒီမှာ ဆက်နေနေကြတာ။ ဒါပေမဲ့ အခုတော့ နေရတာ ပျင်းလာပါပြီကွာ'

နောက်ထပ် စကားအနည်းငယ်ပြောပြီး ဆရာဖြစ်သူက ဖုန်းချသွား၏။ ထို့နောက် သီဟသွေးက တီဗွီထိုင်ကြည့်နေသော ဇနီးသည်ဖြစ်သူ၏ဘေးတွင် ဝင်ထိုင်ရင်း ဆရာဖြစ်သူတို့ ပြန်လာမည့်အကြောင်းကို ပြောပြလိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

'အစ်ကို… သူဇာ့အနားကို လာသေးလားဟင်'

လာပြန်ပြီလား ဒီမေးခွန်း၊ ဒီနေ့တစ်နေ့တည်း ထိုမေးခွန်းကို နှစ်ကြိမ်တိတိ အမေးခံလိုက်ရသောကြောင့် သူ စိတ်တိုသွားမိသည်။

သို့သော် ဇနီးသည် သူဇာကို ယခုအချိန်မျိုးတွင် ရန်စကားမပြောသင့်မှန်းသိ၍ သူက လေသံအေးအေးဖြင့်သာ ပြန်ဖြေလိုက်၏။

'မလာပါဘူး… သူဇာရယ်၊ ကိုယ် ဒီဧည့်ခန်းထဲမှာထိုင်ပြီး တစ်နေ့လုံး ဝတ္ထုရေးနေတာလေကွာ'

ထိုအဖြေစကားကြောင့် ဇနီးသည်ဖြစ်သူ၏ မျက်နှာက ချက်ချင်း မှိုင်းညို့အုပ်ဆိုင်းသွားသည်။ မျက်ဝန်းအိမ်ထဲတွင်လည်း မျက်ရည်စတို့ သီနိုလာပြီး…

'ဒါ… ဒါဆို သေချာပြီအစ်ကို၊ သူဇာ မျက်စိမှားတာ မဖြစ်နိုင်တော့ဘူး'

ဟု ရှိုက်သံစွက်ရင်းပြောကာ တရှုံ့ရှုံ့ငိုကြွေးလေတော့၏။





'ဟင်… သူဇာ… လာဖြစ်လို့လဲ၊ ဘာသေချာတာလဲ၊ ကိုယ် နားလည်အောင် ပြောပြဦးလေ'

တရှုံ့ရှုံ့ငိုကြွေးလိုက်သော ဇနီးသည်ဖြစ်သူကြောင့် သူပင် ရင်ထိတ်သွားပြီး စိုးရိမ်တကြီးမေးလိုက်သည်။

သူမက ပါးပြင်ပေါ်မှ မျက်ရည်စတို့ကို လက်ဖြင့်သုတ်ရှိဖယ်ရင်း…

'သူ… သူဇာ ဒီအိမ်ကြီးမှာ မနေရဲတော့ဘူး။ သူဇာ့ဘေးမှာ အမြဲတမ်း လူတစ်ယောက် လာလာရပ်နေတယ်၊ လှည့်ကြည့်တော့လဲ မရှိဘူး။ ပထမတော့ သူ… သူဇာက အစ်ကိုထင်နေတာ အဟင့်… ဟင့်… ဒီနေ့ကျမှ အစ်ကိုမဟုတ်ဘူးဆိုတာ သေသေချာချာ သိလိုက်ရတာ'

'ဟုတ်ရဲ့လား သူဇာရယ်… သူဇာ ကိုယ်ဝန်ပျက်ကျထားလို့ စိတ်ကယောင်ချောက်ချား ဖြစ်နေတာထင်ပါတယ်။ အမျိုးသမီးတွေ ကိုယ်ဝန်ပျက်ကျပြီးရင် အားငယ်တာတို့၊ စိတ်အမှတ်လွဲတာတို့ ဖြစ်တတ်ကြတယ်လေ'

သူ ဘယ်လိုပြောပြော ဇနီးသည်သူဇာက ခေါင်းကို တွင်တွင်ကြီး ခါယမ်းနေဆဲ။ သူ့လက်မောင်းကို အားကိုးတကြီး ကိုင်ဆုပ်ထားသော လက်ချောင်းလေးများကပင် တဆတ်ဆတ်တုန်ယင်နေလျက်။ အသံတွေပင် အက်ကွဲလာပြီး…

'မဟုတ်ဘူး… အစ်ကို… မဟုတ်ဘူး၊ သူဇာလည်း အဲဒီလိုထင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အစ်ကိုကို မပြောသေးတာ။ အဟင့်... အဟင့်'

သူဇာက ငိုကြွေး၍ ဆက်ပြောသည်။

'ဒီနေ့ အခန်းထဲက မွေ့ယာပေါ်မှာ အစွန်းအထင်းကွက်တွေ တွေ့လို့ ရေစိုဝတ်နဲ့ တိုက်ဖျက်နေတုန်း သူဇာ့ဘေးမှာ လူတစ်ယောက် လာရပ်နေတယ် အစ်ကို၊ သူဇာက ပထမတော့ အစ်ကိုလို့ထင်နေတာ၊ နောက်မှ အစ်ကိုမဟုတ်မှန်း သူဇာ သိသွားရတာ'

'ဟင်... သူဇာက အစ်ကိုမဟုတ်မှန်း ဘယ်လိုလုပ်သိသွားရတာလဲ'

'သိတာပေါ့ အစ်ကိုရယ် အဲ... အဲ့ဒီခြေထောက်က သွေးမရှိတဲ့ အတိုင်း ဖြူဆွတ်နေတာကိုး'

ဇနီးသည် ဖြစ်သူကို ဘယ်လိုနှစ်သိမ့်လို့ နှစ်သိမ့်ရမှန်း သူမသိတော့ပါ။ သူဇာ့ဘေးမှာ တကယ်ပဲ တစ်စုံတစ်ယောက် ရှိနေတာလား၊ ဒါမှမဟုတ် ကိုယ်ဝန်ပျက်ကျထားလို့ စိတ်ကယောင်ချောက်ချား ဖြစ်ပြီး အမြင်မှားတာလား...

သူ မဝေခွဲတတ်တော့ပေ။ သို့ရာတွင် သူဆုံးဖြတ်ချက်တစ်ခုခုချဖို့ အရေးတကြီးပင် လိုအပ်နေပြီ။

ငါ... ဘာလုပ်ရမလဲ။

ထိုမေးခွန်းကို သူဦးနှောက်အသိဉာဏ်ထဲတွင် ထပ်ခါတလဲလဲ ရေရွတ်နေမိသည်။ နောက်ဆုံး လေးပင်သော သက်ပြင်းရှည်ကြီးနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကိုသာ ခိုင်ခိုင်မာမာ ချလိုက်၏။



ဟုတ်တယ်... အဲဒီအတိုင်းလုပ်တာ အကောင်းဆုံးဖြစ်လိမ့်မယ်။

အဲသည်နောက်တွင်တော့ ဇနီးသည်ဖြစ်သူ၏ လက်ကိုဆွဲကာ သည်အိမ်ကြီးမှ ထွက်ခွာလာခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဒဂုံသို့ သီဟသွေး ရောက်သွားသည့်အခါတွင် ယောက္ခမဖြစ်သူက သူ့ဇာကိုယ်ဝန်ပျက်ကျသည့် သတင်းကိုကြား၍ ရောက်နေသည်။

ထို့အတွက်ကြောင့် သီဟသွေးက ဇာတ်စုံခင်းမနေတော့ဘဲ သူ့ဇာ့ကို စိတ်မချ၍ လိုက်လာသည်ဟုသာ ပြောလိုက်၏။

ထို့နောက် ဇနီးသည်ဖြစ်သူ၏ ဆန္ဒအရ ဒီအိမ်တွင်သာ ဆရာသတိုးလွင်တို့ ပြန်မရောက်မချင်း နေဖို့ သဘောတူလိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ပြန်စဉ်းစားကြည့်လျှင် သူ သည် အိမ်မှာ မနေဖြစ်သည်မှာ ဆရာသတိုးလွင်တို့ အိမ်ပြောင်းပြီးကတည်းကပင်။

ညရောက်သည့်အခါတွင် သူ တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့ချေ။ အကြောင်းက သူ့စိတ်ထဲတွင် ဇနီးသည်ဖြစ်သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များက တကယ်ဖြစ်ခဲ့တာလားဆိုတာ သူ ဝေခွဲမရဖြစ်နေသောကြောင့် ဖြစ်သည်။

သူ့ဇာ မျက်စိအမြင်မှားသည်ဟု ဆိုရအောင်လည်း သူကိုယ်တိုင်





စောင်အောက်မှ တစ်ပိုင်းတစ်စထွက်နေသည့် ထိုခြေထောက်ကို မြင်ခဲ့ရသည် မဟုတ်လား။

တစ်ညလုံး အဲသည့်အကြောင်းကို စဉ်းစားရင်း သူ သက်ပြင်းများနှင့် လုံးထွေးနေရ၏။

ဇနီးသည်ဖြစ်သူ ညတစ် ရေးနိုးလာသည်အထိ ထိုအိမ်ကြီးအကြောင်း အတွေးလက်စက ပြတ်မသွား။ နောက်ဆုံး ခေါင်းကို အတင်းခါယမ်းပြီး သူ အိပ်ပျော်ဖို့ကိုသာ ကြိုးစားလိုက်သည်။

အိပ်ရာမှနိုးလာလျှင် အရာရာအားလုံး ပုံမှန်ပြန်ဖြစ်သွားလိမ့်မည်ဟု ထင်မှတ်ထားသည့် သူ့စိတ်ကူးသည် လုံးဝမှားယွင်းနေကြောင်း သူ နောက်တစ်နေ့တွင် သိလိုက်ရ၏။

အကယ်စင်စစ် ထိတ်လန့်ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးများသည် အခုမှပင် စတင်ခြင်း ဖြစ်လာလေတော့သတည်း။

●



www.burmeseclassic.com

www.burmeseclassic.com

ဆရာတို့ ပြန်ရောက်နေရင်တော့ ဒုက္ခပဲ။ သော့က ငါ့ဆီမှာ။

ထိုအတွေးခေါင်းထဲဝင်လာသည့်အချိန်က နောက်တစ်နေ့ ညနေခင်းတွင် ဖြစ်သည်။

ဇနီးသည်သူဇာနှင့် ယောက္ခမဖြစ်သူကတော့ နေ့လည်ကတည်းက ဘုရားသွားမည်ဟုဆိုပြီး ထွက်သွားကြသည်မှာ ယခုအချိန်အထိပင် ပြန်မရောက်လာကြသေးပေ။

သူလည်း တစ်နေ့လုံး စကားပြောဖော်မရှိဘဲ အိမ်ထဲတွင် နေနေရသည်ကို ပျင်းရိညည်းငွေ့လာပြီ။

ထို့ကြောင့် သူက ညနေစောင်းချိန်တွင် လက်ဖက်ရည်သောက်ရန် ရည်ရွယ်ပြီး လမ်းထိပ်သို့ ထွက်လာခဲ့သည်။ သို့သော် လမ်းထိပ်ရောက်သည့်အခါတွင် ဆရာသတိုးလွင်တို့ ပြန်ရောက်မရောက်ကို သိချင်လာသောကြောင့် လက်ဖက်ရည်ဆိုင် မထိုင်သေးဘဲ ဖုန်းလှမ်းဆက်ကြည့်လိုက်၏။

ဖုန်းက ချက်ချင်းတန်းမဝင်သွား။ လေးငါးကြိမ်လောက် ဆက်ကြည့်လိုက်မှ ဝင်သွားသည်။ ဖုန်းသံရှည်ဆွဲသံကို ကြားနေရသည့်တိုင်





မည်သူမှ ဖုန်းလာမကိုင်ကြပေ။

ပြန်မရောက်ကြသေးဘူးနဲ့တူတယ်။

ဟု တွေးရင်း သူက စိတ်မရှည်နိုင်တော့ဘဲ ဖုန်းချရန် ပြင်လိုက်သည့်ဆဲဆဲမှာပင် ဝ.ာ်ဖက်မှ ဖုန်းကိုင်လိုက်၏။

ဟာ... ပြန်ရောက်နေကြပြီပဲ။

ဆိုသည့်အတွေးနှင့် သူက ဝမ်းသာသွားပြီး...

'ဟဲလို... သီဟပါ'

ဟု ပြောလိုက်သည်။ သို့သော် တစ်ဖက်မှ မည်သည့်တုန့်ပြန်သံမှ မကြားရ။ ဖုန်းကိုတော့ ကိုင်ထား၏။ ဘယ်သူလဲဟု တတွတ်တွတ်မေးနေသည့်တိုင် တစ်ဖက်မှ မည်သည့်အဖြေစကားကိုမှ မကြားရချေ။

သို့ရာတွင် ဖုန်းထဲမှတစ်ဆင့် အသက်ပြင်းပြင်း ရှူရှိုက်နေသံနှင့် အတူ ပတ်ဝန်းကျင်မှ အသံဗလံပေါင်းစုံတို့ကို တိုးတိုးသဲ့သဲ့ ကြားနေရသည်။

သီဟသွေးက စိတ်တိုလာပြီး...

'ဟေ့ကောင်တွေ ငါ မင်းတို့ဆီလာဖို့ မေးနေတာကွ၊ သော့ပျောက်ပြီးသွားပြီဆိုလည်း ငါ သော့ပြန်မယူတော့ဘူး။ ငါ... တစ်ခါတည်းတန်းလာခဲ့... ခဲ့'

သူ့စကားမဆုံးခင်မှာပင် ဖုန်းလိုင်းက ကျသွား၏။

'ဟာကွာ'

သီဟသွေးက ဒေါသဖြစ်ဖြစ်နှင့် ဖုန်းကိုချလိုက်သည်။ ဖုန်းဆိုင်


www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ပြန်ထွက်လာသည့်အချိန်တွင်လည်း ဖုန်းလာကိုင်သည့်သူကို ဒေါသ ထွက်နေမိ၏။

မထူးဘူး၊ ဒီကနေပဲ တန်းသွားလိုက်တာ ကောင်းမယ်။ ဆရာတို့ ပြန်ရောက်နေကြပြီဆိုတော့ ငါ အကျိုးအကြောင်း သွားရှင်းပြသင့်တယ်။

ထိုအတွေးကြောင့် သီဟသွေးက သော့ပင် ပြန်မယူတော့ဘဲ ကားမှတ်တိုင်ဆီသို့ ထွက်လာခဲ့တော့သည်။

■





## အခန်း (၁၂)

အိမ်ယာဝန်းရှေ့သို့ ရောက်သည့်အခါတွင် ခြောက်နာရီခွဲကျော် နေလေပြီ။

ဆောင်းရာသီ၏ ညနေခင်းက သည်အချိန်ကာလမှာပင် ဝန်းကျင် တစ်ခုလုံး မှောင်ရိပ်ပျိုးလာ၏။

သူ ဆိုက်ကားငှားလိုက်သည့်အခါတွင် ဟို အရင်တစ်ခါ သူတို့ အိမ်ကြီးအကြောင်း ပြောပြသည့် နားတွင်နားကွင်းနှင့် ဆိုက်ကားသမား ကောင်လေးပင် ဖြစ်နေသည်။

သည်အခါတွင်တော့ ထိုဆိုက်ကားသမားကောင်လေးက စကား များများစားစား မပြောပေ။

သူကလည်း လမ်းဘေးဝဲယာရှိ အိမ်ကြီးအိမ်ကောင်းများကို ငေး မောကြည့်ရင်း လိုက်ပါလာခဲ့၏။ သူ့စိတ်တွေကတော့ အကြောင်းမယ် မယ်ရရ မရှိဘဲ လေးလံထိုင်းမှိုင်းနေသည်။

ဒါဟာ အိမ်ကြီးဆီကို သွားနေရ၍ ဖြစ်ပေါ်လာသော ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုဟု ဆိုရလိမ့်မည်။ သို့ရာတွင် ထိုအိမ်ကြီး၌ သူငယ်ချင်း၊ ဆရာ သမားတွေ လူစုံတက်စုံ ပြန်ရောက်နေကြပြီဖြစ်၍ ကြောက်ရွံ့စိတ်တော့ မရှိပေ။

ကြို့းကြာလမ်းထိပ်သို့ ရောက်သည့်အခါ သူစီးလာသည့် ဆိုက်ကားဘေးမှ ဆလွန်းကားတစ်စီး ဖြတ်ကျော်၍ လမ်းထဲဝင်သွားသည်။

သူလှမ်းကြည့်လိုက်တော့ ကားပေါ်တွင် ခေါင်းရင်းခြံမှ အမျိုးသမီးကြီး ပါသွားသည်ကို လှမ်းတွေ့လိုက်ရ၏။

ဒီလိုနှင့်ပင် ဟိုငေးသည်ငေးရင်း အိမ်ကြီးရှေ့သို့ ရောက်လာခဲ့သည်။ ဆိုက်ကားခရှင်းပြီး သူ အိမ်ထဲသို့ လှမ်းကြည့်လိုက်သည့် အခါတွင်...

'ဟင်...'

တစ်အိမ်လုံး မှောင်မဲတိတ်ဆိတ်ပြီး ခြံဝင်းထဲ၌လည်း ဆရာဖြစ်သူ၏ ကားကို မတွေ့ရသဖြင့် သူ အံ့သြတကြီး ဖြစ်သွား၏။

ဆရာတို့ ခရီးက ပြန်မရောက်ကြသေးဘူးလား။ ဟာ... မဖြစ်နိုင်ပါဘူး ငါ ဖုန်းဆက်တော့ လာကိုင်မယ့်သူရှိတာပဲ။ အပြင်ထွက်ပြီး တစ်ခုခုများ သွားစားကြတာလား။

သီဟသွေးက စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုကုတ်ဖွရင်း ခြံရှေ့မှ ရပ်စောင့်နေလိုက်သည်။

သို့သော် တစ်နာရီလောက်ကြာအောင် စောင့်ပြီးသည့်အချိန်ထိ ဆရာသတိုးလွင်တို့က ပြန်မရောက်လာကြသေးပေ။





ထို့ကြောင့် သီဟသွေးက...

'မီးဖိုချောင် တံခါးကဝင်ပြီး အိမ်ထဲမှာ ထိုင်စောင့်နေတာ ကောင်းမယ်ထင်တယ်'

ဟုတွေးပြီး ခြံစည်းရိုးတံခါးကို ကျော်ဝင်လာခဲ့၏။

အိမ်ကြီးကတော့ အမှောင်ထုထဲတွင် မလှုပ်မယှက်ထိုင်နေသော လူတစ်ယောက်အလား ဟင်ရသည်။

သူပင် မည်းမှောင်မှိုင်းညို့နေသော အိမ်ကြီးဆီသို့ တရွေ့ရွေ့တိုးကပ်လာရင်း အထီးကျန်ဆန်မှုကို ခံစားလိုက်ရ၏။

ထိုစဉ် အိမ်ရှေ့တံခါးမကြီးတွင် ခတ်ထားသော သော့ကိုမြင်လိုက်ရပြီး သူ့ကိုယ်သူ ဒေါသထွက်မိသည်။

တောက်... ငါ ဘာတွေ အလောတကြီးဖြစ်ပြီး သော့မယူလာခဲ့မိတာလဲ၊ သီဟသွေးက စိတ်ပျက်လက်ပျက် ရေရွတ်ညည်းတွားရင်း အိမ်ခြေရင်းရှိ မြက်ခင်းပြင်ပေါ်မှတစ်ဆင့် အိမ်နောက်ဖေးသို့ လာခဲ့လိုက်၏။

●



www.burmeseclassic.com

www.burmeseclassic.com

မီးဖိုချောင်ထဲမှတစ်ဆင့် အိမ်ထဲသို့ ရောက်လာသည့်အချိန်တွင်တော့ မရဏဆန်သော အမှောင်ထုက သူ့ကို စောင့်ကြိုနေလေသည်။

သီဟသွေးက အမှောင်ထဲမှာပင် တရွေ့ရွေ့လျှောက်လာပြီး ဧည့်ခန်းနံရံပေါ်မှ မီးခလုတ်ကို လက်ဖြင့်စမ်းကာ ဖွင့်လိုက်၏။

'ချောက်'

ထိုအသံနှင့်အတူ တစ်ခန်းလုံး မီးလင်းထိန်သွားသည်။

သူ ဧည့်ခန်းအတွင်းသို့ မျက်စိကစားကြည့်လိုက်တော့ ပစ္စည်းပစ္စယများက သူထွက်သွားစဉ်တုန်းကလိုပင်။ တီဗွီရီမုတ်ကွန်ထရိုးကပင် စားပွဲထောင့်စွန်းတွင် ခပ်စောင်းစောင်းတင်နေလျက်။ သူ မီးသတ်ထားခဲ့သော သောက်လက်စ စီးကရက်ကလည်း ဆေးလိပ်ခွက်ထဲတွင်ရှိနေဆဲ။ ပြောရလျှင် မည်သည့်ပစ္စည်းမှ ခြေရာလက်ရာမပျက်ပေ။

အင်း… ဆရာတို့တော့ ဧည့်ခန်းထဲမှာတောင် ဖင်ပူအောင်မထိုင်ဘဲ ရောက်ရောက်ချင်း အပြင်ထွက်သွားကြတာထင်တယ်။

သီဟသွေးက ရေခဲသေတ္တာထဲမှ ရေဘူးကို ထုတ်သောက်ရင်း ထိုသို့ တွေးလိုက်မိသည်။





ထို့နောက် ဂိမ်းဆော့ရင်း စောင့်တာကောင်းမယ်ထင်တယ် ဆိုသည့် အတွေးနှင့် သီဟသွေးက ကွန်ပျူတာရှိရာ အပေါ်ထပ်သို့ တက်လာခဲ့၏။

အပေါ်ထပ်တစ်ခုလုံးက မီးများပိတ်ထားသောကြောင့် မှောင်မိုက်နေပြီး လေထုကလည်း ပူနွေးသေ့ခြောက်နေသည်။

အခုမှပင် အပေါ်ထပ်သို့ တက်လာခဲ့မိသည့်အတွက် နောင်တရချင်သလို ဖြစ်သွား၏။

ငါ… ဘာဖြစ်လို့ ဒီအပေါ်ထပ်ကို စွပ်စွပ်ရွပ်ရွပ် တက်လာရတာလဲ။

မေးခွန်းတွေ အဖြေမဲ့လာသည်နှင့်အမျှ ကြောက်စိတ်တို့က တဖြည်းဖြည်း တိုးပွားလာသည်။ နောက် မသိုးမသန့် ဖြစ်နေစိတ်ကလည်း ရင်တစ်ခုလုံးကို တင်းကျပ်လာစေသလိုပင်။

သို့သော် ဆရာဖြစ်သူတို့ မကြာခင် ပြန်လာတော့မှာပဲ ဆိုသည့် အသိက သူ့ကို စောင့်ဆိုင်းရန် မရွံ့မရဲ တွန်းအားပေးနေ၏။

ထို့ကြောင့် သီဟသွေးက ကွန်ပျူတာရှေ့တွင်ထိုင်ကာ ဂိမ်းဆော့ရင်း ဆရာဖြစ်သူတို့အား စောင့်ဆိုင်းနေလိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



သူ ဂိမ်းကိုစိတ်ဝင်တစားဆော့နေသည်မှာ အချိန်ဘယ်လောက်ကြာသွားသည်မသိ။ ပတ်ဝန်းကျင်ကိုလည်း သတိမပြုမိချေ။

ထိုစဉ် သူ့မျက်လုံးထောင့်စွန်းတစ်နေရာမှ ရိပ်ခနဲဖြတ်သွားသော လူရိပ်တစ်ရိပ်ကို လှမ်းတွေ့လိုက်ရ၏။

'ဟင်... ဘယ်သူလဲ'

ထိုစကားက သူ့နှုတ်ဖျားမှ အလိုလိုထွက်ကျသွားသည်။

ဆရာတို့ ပြန်ရောက်လာကြတာလား၊ ကားသံလည်း မကြားရဘူး။ ဒါဆို... ခုနက ရိပ်ခနဲ ဖြတ်သွားတာ ဘယ်သူလဲ။

ထိုအတွေးအဆုံးတွင် သူ့နှလုံးအိမ်က ဒိန်းခနဲ တုန်ခါသွားစေသည်။ တစ်ချိန်တည်းမှာပင် အေးစက်သော ကြောက်ရွံ့မှုတို့က သူ့တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့လိုက်၏။

ငါ... အမြင်မှားတာလား။

သူ့ကိုယ်သူ ဇဝေဇဝါ ဖြစ်နေသည့်အချိန်တွင် အခန်း၏ တစ်ဖက်စွန်းမှ တံခါးတစ်ချပ် တွန်းဖွင့်သံကို လေးလေးပင်ပင် ကြားလိုက်ရသည်။





'ကျွိ'

'ဘယ်သူလဲ'

သီဟသွေးက အလန့်တကြားရေရွတ်ရင်း ကွန်ပျူတာရှေ့မှ ဝုန်းခနဲ ထရပ်လိုက်၏။ ထို့နောက် ဘုရားခန်းထဲမှထွက်ကာ အပေါ်ထပ်တစ်ခုလုံးကို တုန်လှုပ်ချောက်ချားစွာ ကြည့်လိုက်သည်။

ပထမ သူအိပ်နေကျအခန်း...

ဒုတိယ အလယ်ခန်း

တတိယ...

ထိုအခါတွင် သူ့အသက်ဝိညာဉ် လွင့်စင်သွားရတော့မတတ် သွေးပျက်ချောက်ချားစရာကောင်းသော ပုံရိပ်တစ်ခုကို လှမ်းမြင်လိုက်ရလေ၏။

အကြောင်းကား ခပ်ဟဟပွင့်နေသော ဆရာသတိုးလွင်၏ အခန်းတံခါးနောက်ကွယ်ကနေ စူးရဲတောက်ပနေသော မျက်လုံးနှစ်လုံးက သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'အား!!!'

●



www.burmeseclassic.com

www.burmeseclassic.com

'အဲ... အဲဒါ... လူ... လူမဟုတ်ဘူး'

ဆောက်တည်ရာမရအောင် ကြောက်ရွံ့တုန်လှုပ်သွားသောကြောင့် သီဟသွေးက ထိုစကားတစ်ခွန်းတည်းကိုသာ သွေးရူးသွေးတန်း မောဟစ်ရင်း အောက်ထပ်သို့ ဒရကြမ်း ပြေးဆင်းလိုက်သည်။

သူ့ ခြေထောက်တွေကို မသယ်နိုင်လောက်အောင် ဒယီးဒယိုင်ဖြစ်နေသော်လည်း မရပ်တန့်ရဲပေ။

အကြောက်တရားတို့ လွှမ်းခြုံသွားသော သူ့ဦးနှောက်အသိဉာဏ်တွေကလည်း ဘာကိုမှ မသိတော့။

ခြေချော်ပြီး လှေကားထစ်တွေပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည့်တိုင် နာကျင်ဖို့ကို သတိမရ။ ကုန်းရုန်းထကာ အိမ်ရှေ့တံခါးမကြီးဆီသို့ တဟုန်ထိုး ပြေးထွက်လိုက်သည်။

သွေးပျက်ချောက်ချားစရာ အော်ငင်နေသော အသံတို့ကလည်း လည်ချောင်းတွင် တစ်ဆို့နေ၏။

အိမ်ရှေ့တံခါးမကြီးရှေ့ ရောက်သည့်အခါတွင်တော့ သူ့ရင်တစ်ခုလုံး ဗလောင်ဆူသွားလေသည်။





'ဟင်... '

သီဟသွေးက သွေးရူးသွေးတန်းဖြင့် တံခါးမကြီးအား တဝုန်းဝုန်း ဆောင့်တွန်းဖွင့်လိုက်၏။ သူ ဘယ်လိုကြိုးစားကြိုးစား တံခါးမကြီးကတော့ ပွင့်ဟမလာချေ။

အခုတော့ သူခတ်ထားခဲ့သော သော့က သူ့အား ပြန်၍ ပိတ်လှောင်ထားလေပြီ။

ဟင်... ငါပိတ်မိနေပြီ။ ငါ... ဘာလုပ်ရမလဲ။ ကယ်ကြပါဦး၊ ကယ်ကြပါဦး။

သူ အာခေါင်ခြစ်၍ အော်ဟစ်နေသည့်တိုင် မည်သည့်အသံမှ ထွက်မလာပေ။ သူ့လည်မျိုတစ်ခုလုံး ကြောက်ရွံ့တုန်လှုပ်မှုများဖြင့် အေးစက်ခြောက်ကပ်နေသည်။

ထိုစဉ် သူ့အာရုံတွေက သိစိတ်တစ်ခုကို နှိုးဆော်လိုက်၏။ သူ ချက်ချင်း မီးဖိုချောင်ဘက်သို့ နောက်ကြောင်းပြန်လှည့်ပြေးလိုက်သည်။

ပြေး... ပြေး...

မီးဖိုချောင်ထဲမှ သတိပေးစကားသံအတိုင်း သူက မီးဖိုချောင်ထဲသို့ တဟုန်ထိုး ပြေးဝင်လာသည်။

မီးဖိုချောင်ကြမ်းပြင်ပေါ်သို့ ခြေချလိုက်မိသည်နှင့် တပြိုင်နက် သူ့ ဦးနှောက်ထဲသို့ အသိတစ်ချက် လက်ခနဲဝင်လာ၏။

ငါယောက်ျားပဲ ဘာလို့ သွေးရူးသွေးတန်း လျှောက်ပြေးနေရတာလဲ၊ သရဲဆိုတာ တကယ်မရှိဘူး။ သရဲဆိုတာ တကယ်မရှိဘူး... ငါ



www.burmeseclassic.com

www.burmeseclassic.com

ဘာကိုကြောက်ရမှာလဲ…

ထိုအတွေးတွေနှင့်အတူ သူ့ရင်ထဲတွင် သတ္တိတွေ ဝုန်းခနဲရောက်လာသည်။

ငါ… စိတ်ကို တည်ငြိမ်အောင်ထားစမ်း

သီဟသွေးက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

ဓားတစ်ချောင်း။

မီးဖိုချောင်နံရံမှ ထိုဓားကို ဆတ်ခနဲလှမ်းဖြုတ်လိုက်၏။

သီဟသွေးက လှေကားခြေရင်းသို့ အရဲစွန့်ကာ ပြန်လာခဲ့သည်။ ထို့နောက် တစ်ပိုင်းတစ်စ လှမ်းမြင်နေရသော အပေါ်ထပ်သို့ ကြည့်ကာ အော်ဟစ်ဆဲဆိုလိုက်၏။

အပေါ်ထပ်တစ်ခုလုံးက သူအော်ဟစ်ဆဲဆိုလိုက်သည့် အခါကျမှ ထူးထူးဆန်းဆန်း ပို၍ တိတ်ဆိတ်သွားသယောင်ယောင်။

ခဏအကြာတွင် အပေါ်ထပ်မှ ကျွီခနဲ မြည်သွားသော တံခါးဖွင့်သံနှင့်အတူ ခြေသံတရှပ်ရှပ်ကို သူ စတင်ကြားလိုက်ရလေသည်။

ဟင်… လာပြီ… လာနေပြီ။

ငါ… ဘာလုပ်ရမလဲ။

သီဟသွေးတစ်ကိုယ်လုံး လဲပြိုကျတော့မတတ်၊ တုန်ယင်လာသည်။ သူ့နှလုံးသားတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ကွဲထွက်တော့မတတ် တဒုန်းဒုန်းခုန်နေ၏။ သူ့လက်ဖျားခြေဖျားတွေ ဓားချွေးတို့ဖြင့် အေးစက်ထုံကျင်လာသည်။





တရှပ်ရှပ်ကြားနေရသော ခြေသံတို့က လှေကားနှင့် တဖြည်းဖြည်းနီးကပ်လာပြီ…

သီဟသွေးက အပေါ်ထပ် လှေကားထိပ်သို့ ကြည့်ရင်း ကြက်သေသေသွား၏။

'ဟာ'

အပေါ်ထပ်လှေကားထိပ်တွင် ခြေထောက်တစ်စုံ။ အနည်းငယ်ရေစိုကာ အောက်အနားစတွေ ဖွာနေသော ဂျင်းဘောင်းဘီအောက်မှ ခြေထောက်တစ်စုံက သွေးမရှိတော့သလို ဆွတ်ဆွတ်ဖြူနေ၏။

ထိုခြေထောက်တစ်စုံက အောက်သို့ ဆင်းလာရန် အောက်လှေကားတစ်ထစ်ဆီ လှမ်းလိုက်ရာ။

'အား…'

သီဟသွေးက ကြောက်စိတ်တို့ကို တင်းမခံနိုင်တော့ဘဲ ထိုနေရာမှ တဟုန်ထိုး လှည့်ထွက်ပြေးလိုက်သည်။

နှုတ်မှလည်း သွေးပျက်လုမခန်း အော်ဟစ်နေလျက်။

ထိုအော်ဟစ်နေသည့် အသံတို့က အမှောင်ထု စိုးမိုးထားသော ပတ်ဝန်းကျင်ထဲတွင် ကျယ်လောင်စွာ လွင့်ပျံ့နေ၏။

'ဒုန်း…'

အိမ်အပြင်ဘက်မှ ပန်းအိုးတစ်လုံးနှင့် ဝင်တိုက်မိလိုက်၍ သီဟသွေး၏ ခန္ဓာကိုယ်တစ်ခုလုံး မြေပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားသည်။

သို့သော် နာကျင်မှုဝေဒနာတို့ကို ဂရုမစိုက်အားဘဲ လူးလဲပြန်ထ



www.burmeseclassic.com

www.burmeseclassic.com

ကာ သူဆက်ပြေးလိုက်၏။ အိမ်ရှေ့သို့ ရောက်သည့်အခါတွင် သူ့ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာပရပွနှင့် ပုံရက်သား လဲကျလုမတတ် ဖြစ်နေသည်။

အသက်လည်း ကောင်းကောင်းရှုလို့မရတော့။ သူ့ မျက်လုံးတွေ ပြာလာသည်။ နားတွေအူနေ၏။ သိစိတ်မှတ်ဉာဏ်တွေကလည်း ချာချာလည် မူးနေဝေနေပြီ။

အနီးရှိ သစ်ပင်တစ်ပင်ကို အားပြုမှီတွယ်ရင်း အိမ်ကြီး၏ အပေါ်ထပ်သို့ သွေးရူးသွေးတန်းနှင့် သူကြည့်လိုက်မိသည်။

သူ့အမြင်အာရုံထဲတွင် မိစ္ဆာအရိပ်အငွေ့တို့ လွှမ်းခြုံထားသော အိမ်ကြီးက ဝေဝါးနေ၏။ သို့သော် သူ့အမြင်အာရုံတွေက အောက်ထပ်ရှိ ထမင်းစားခန်းဆီသို့ ရွေ့လျားလာသည့်အခါ ပုံရိပ်တစ်ခုကို ပြတ်ပြတ်သားသား မြင်လိုက်ရလေသည်။

ထမင်းစားခန်းအတွင်းရှိ အမှောင်ထုထဲတွင်တော့ လူတစ်ယောက် သူ့အား လက်လှမ်းပြနေသည်။

သည်မြင်ကွင်းသည်ပင်လျှင် သူ့အတွက် နောက်ဆုံးဖြစ်လေတော့သတည်း။

'အား!!!'

■





## အခန်း (၁၃)

ဆေးရုံနံရံများက အစိမ်းရောင်ဖျော့ဖျော့ သန်းနေကြသည်။ မျက်နှာကြက်တွင် ထွန်းထားသော ပြာလဲ့လဲ့မီးအလင်းက မိုးကောင်းကင်တစ်ခုလို ဖြစ်နေ၏။ ဆရာဝန်များက ကျူတီကုတ်အဖြူရောင်ကို ဝတ်ထားပြီး သူနာပြုဆရာမများက အဖြူ အနီတွဲလျက် ဝတ်ဆင်ထားကြသည်။

သို့သော် ထိုမြင်ကွင်းတွေကို သူ ပြတ်ပြတ်သားသား မမြင်ရ။ ဝေဝါးသွားလိုက် ပြတ်သားသွားလိုက်ဖြစ်နေသည်။ အမြင်အာရုံထဲသို့ တိုးဝင်လာသော ပုံရိပ်တိုင်းက အလင်းစက်အလမ်းမှုန်များလိုပင်။

သူက မျက်လုံးကိုဖွင့်ကာ အားတင်းပြီး ကြည့်လိုက်သည်။ ချက်ချင်းဆိုသလို သူ့ဦးခေါင်းထဲ၌ မိုက်ခနဲ မူးဝေသွား၏။ ခန္ဓာကိုယ်တစ်ခုလုံးကလည်း အရိုးအားလုံး ကျိုးကြေသွားသလို လှုပ်ရှားဖို့ ကြိုးစားလိုက်တိုင်း ပြင်းပြင်းထန်ထန် နာကျင်ကိုက်ခဲနေသည်။

ထိုစဉ် ရင်းနှီးသော အသံတစ်သံက သူ့နားထဲသို့ တိုးဝင်လာ၏။

'သီဟ... သတိရလာပြီလား... ငါ ကျော်ဇင်လတ်လေ'



www.burmeseclassic.com

www.burmeseclassic.com



သူက မပီမသ ညည်းတွားသံတစ်ချက်ပြုလိုက်သည်။ သူ့အပေါ်မှ အုပ်မိုးပြီးကြည့်နေသော မျက်နှာများက တစ်စထက်တစ်စ ကြည်လင်လာ၏။

ငါ့သူငယ်ချင်းတွေပါလား...

ဆရာကော...

ထိုအသိတွေကြောင့် သူက အသက်ကို တုန်ယင်မောဟိုက်စွာ ရှူရင်း အားလုံး၏မျက်နှာတွေကို အားအင်ဖျော့တော့နေသော မျက်ဝန်းများဖြင့် လိုက်ကြည့်လိုက်၏။

ကျော်ဇင်လတ်က...

'သူငယ်ချင်း... ငါတို့ မင်းဘေးမှာ ရှိနေကြတယ်လေ ဘာမှ အားမငယ်နဲ့။ မင်း ခြံဝန်းထဲမှာ လဲနေတာတွေ့လို့ ခေါင်းရင်းခြံက အန်တီကြီးက မင်းကို ဆေးရုံပို့ပေးထားတာ။ ငါတို့လည်း ခရီးက ပြန်ရောက်ရောက်ချင်း ဒီသတင်းကြားလို့ လိုက်လာကြတာကွ'

'အင်း...'

ဟု သူက လေသံသဲ့သဲ့ဖြင့် တုန့်ပြန်လိုက်သည်။

ငါ... ဘာတွေဖြစ်ခဲ့တာလဲ...

ငါ... ဘာတွေဖြစ်ခဲ့တာလဲ...

ဆိုသည့် စကားကိုလည်း သူ့သိစိတ်မှတ်ဉာဏ်ထဲတွင် ထပ်ခါတလဲလဲ ရေရွတ်နေမိ၏။ တစ်ချိန်တည်းလိုလိုပင် သူ့အမြင်အာရုံထဲ၌ သွေးပျက်ချောက်ချားစရာ ပုံရိပ်တွေက တဖြည်းဖြည်းပေါ်လာသည်။



မြတ်သူက ဝမ်းနည်းနာကျင်နေသည့်အသံဖြင့်...

'မသေကောင်း မပျောက်ကောင်း သီဟရာ၊ တော်သေးတာပေါ့၊ ဘေးပတ်ဝန်းကျင်မှာ ကူညီမယ့်လူရှိနေလို့။ ဆရာတောင် မင်းကို အရမ်းစိတ်ပူနေတာ'

ထိုစကားကြောင့် သီဟသွေးက ခုတင်ပေါ်မှ ဆတ်ခနဲထထိုင်ဖို့ ကြိုးစားလိုက်မိသည်။ သို့သော်... သူ့ခန္ဓာကိုယ်က လှုပ်ရုံသာလှုပ်သွားပြီး အပေါ်သို့ ကြွတက်လာခြင်း မရှိပေ။

'ဟာ... မထနဲ့... မထနဲ့... ခုတင်ပေါ်မှာပဲ လှဲနေသီဟ။ ဆရာဝန်က မင်းကို ငြိမ်ငြိမ်သက်သက် အနားယူခိုင်းထားတာ'

စိုးရိမ်တကြီး ဝိုင်းဝန်းပြောဆိုနေကြသော သူငယ်ချင်းများ၏ စကားကို သူ ဂရုမစိုက်ပေ။ ရှိစုမဲ့စုအားအင်ကိုသာ စုစည်းရင်း ထရန် ကြိုးစားနေမိ၏။

နှုတ်မှလည်း...

'ဆရာကော... ဆရာကော...'

ဟု အသဲယဲ့ယဲ့ဖြင့် အဆက်မပြတ် မေးနေသည်။ သူ စိုးရိမ်သည့်အဖြေကို မြတ်သူက ပြန်ဖြေ၏။

'ဆရာက... ခရီးပန်းပြီး ဖျားလာလို့ အိမ်မှာ အနားယူနေတယ်'

'ဘာ...'

ထိုအသံက သူ့အလန့်တကြားရေရွတ်လိုက်သော်လည်း လည်ချောင်းဝမှာတင် တစ်ဆို့ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို… ဒုက္ခပါပဲ။

အဲဒီအိမ်ကြီးထဲမှာ ဆရာတစ်ယောက်တည်း နေလို့မဖြစ်ဘူး။

မဲမှောင်ချောက်ချားလာသော အတွေးများကြောင့် သူ့ရင်တစ်ခုလုံး ပို၍ တင်းကြပ်လာပြန်ပြီ။ နှလုံးအိမ်ကပင် တဒုန်းဒုန်းခုန်လာလျှက် အသက်ရှူရတာ ပင်ပန်းလာသည်။

သို့သော် သူသည်စကားတစ်ခွန်းကိုတော့ ပြောဖြစ်အောင် ပြောမှဖြစ်ပေလိမ့်မည်။ ထိုစဉ် ဆရာဝန်တစ်ယောက် သူ့ခုတင်နားသို့ရောက်လာပြီး ကျော်ဇင်လတ်တို့အား လေသံမာမာဖြင့် ပြောဆိုနေသံကို ကြားလိုက်ရသည်။

'လူနာကို စကားတွေ အများကြီးသွားမပြောပါနဲ့။ လူနာက ဆေးရုံကို ရောက်လာခါစကဆိုရင် အောက်သွေး ၂၀ ပဲရှိတော့တာ။ ဒီအခြေအနေရောက်အောင် ကျွန်တော်တို့ မနည်းကြိုးစားထားတာဗျ။ သူ အေးအေးဆေးဆေး အနားယူပါစေဗျာ'

'ဟုတ်ကဲ့… မသိလို့ပါ။ ဒေါက်တာရယ်… '

ဆရာဝန်၏ စကားအဆုံးတွင် အားလုံးက ပျာပျာသလဲ တောင်းပန်လိုက်ကြ၏။ ထို့နောက် သူ့အား အေးအေးဆေးဆေးအနားယူရန် သူငယ်ချင်းများက ပြောဆိုလိုက်ကြသည်။

သို့သော်… ဒီလိုအချိန်မျိုးတွင် သူ့ဝေဒနာအပေါင်းတို့အား ဂရုမစိုက်နိုင်ပေ။ သူ့အသက်ကို ဟောဟဲလိုက်အောင် ရှူရင်း စကားတစ်ခွန်းကို အားတင်းကာ ပြောလိုက်၏။





'မင်း… မင်းတို့… အိမ်မြန်မြန်ပြန်ကြ… အဲဒီအိမ်မှာ ဆရာတစ်ယောက်တည်းဆိုရင်… '

•



www.burmeseclassic.com

www.burmeseclassic.com



'လာ... လာ... မောင်လေး။ အိမ်ထဲမှာလိုက်ထိုင်ပါဦး'

ဆရာသတိုးလွင်က သူ့အား အိမ်ထဲတွင် လိုက်ထိုင်ရန် ဖွတ်အတင်းခေါ်နေသော အမျိုးသမီးကြီးကိုကြည့်ကာ အားတုန့်အားနာ ဖြစ်သွားမိသည်။

တကယ်တော့ ထိုအမျိုးသမီးကြီးက ခေါင်းရင်းခြံမှ ဖြစ်သော်လည်း သူတို့နှင့် ရင်းရင်းနှီးနှီးမရှိပေ။ သို့သော်... တပည့်ဖြစ်သူ သီဟသေွးတစ်ယောက် ခြံထဲတွင် လဲကျနေသည်ကို တွေ့၍ ဆေးရုံတင်ပို့ပေးထားသော ကျေးဇူးကြောင့် ဆရာသတိုးလွင်က ငြင်းဆန်မနေတော့ဘဲ လိုက်ပါလာခဲ့သည်။

တပည့်ဖြစ်သူတွေကတော့ ဒီသတင်းကြားကြားချင်း အထုပ်အပိုးတွေပင် မချအားဘဲ ဆေးရုံသို့ တန်းလိုက်သွားကြ၏။ သူတစ်ယောက်သာ ခရီးပန်းလာသည့်အရှိန်ကြောင့် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေသဖြင့် နေရစ်ခဲ့သည်။

သို့ရာတွင် ခေါင်းရင်းခြံမှ အမျိုးသမီးကြီးက သူ့အား အရေးတကြီး ပြောစရာရှိ၍ဆိုသောကြောင့် အိမ်ဝမှပင် လှည့်ပြန်လာကာ





ခေါင်းရင်းအိမ်သို့ လိုက်လာခဲ့လိုက်၏။

ဧည့်ခန်းထဲရောက်သည့်အခါတွင်တော့ အမျိုးသမီးကြီးက...

'ထိုင်... ထိုင်... မောင်လေး'

ဟု သူ့အားပြောရင်း အိမ်ဖော်ကောင်မလေးတစ်ယောက်အား အအေးလာချရန် မှာလိုက်သည်။ ထို့နောက် အမျိုးသမီးကြီးက သက်ပြင်းကို လေးလေးကန်ကန်ချပြီး...

'အစ်မပြောမယ့်စကားကိုကြားပြီး ကိုယ်ရေးကိုယ်တာ ဝင်စွက်ဖက်တယ်လို့တော့ မထင်လိုက်ပါနဲ့။ အစ်မက မောင်လေးတို့အတွက် စေတနာသန့်သန့်နဲ့ ပြောတာပါကွယ်။ ဖြစ်နိုင်ရင် မောင်လေးတို့ ဒီအိမ်ကြီးကနေ မြန်မြန်ပြောင်းသွားကြပါလား'

'ဗျာ... ဘာဖြစ်လို့ ပြောင်းရမှာလဲ။ ဒီအိမ်ကြီးက ကျွန်တော်တို့အတွက် ဈေးသက်သက်သာသာနဲ့ အဆင်ပြေပြေနေနေရတဲ့ အိမ်ကြီးပါ'

ဆရာသတိုးလွင်က ပြန်မေးလိုက်သည်။

အမျိုးသမီးကြီးက အိမ်ဖော်ကောင်မလေး လာချပေးသည့် အအေးခွက်ကို သူ့ဘက်သို့ တွန်းပို့ပေးပြီး...

'အေးကွယ်... ပြောရမှာတော့ ကြက်သီးထစရာကြီးပဲ။ မောင်လေးတို့လည်း ဒီအိမ်ကြီးရဲ့ အကြောင်းကို ကြားထားပြီး ဖြစ်မှာပါ'

'ဟုတ်ကဲ့... လူသတ်မှုဖြစ်တာကအစ အားလုံးသိပါတယ် အစ်မကြီး'

ဆရာသတိုးလွင်က အမျိုးသမီးကြီး စကားရှည်နေမည်စိုးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်ပြောလိုက်၏။ အမျိုးသမီးကြီးက ခေါင်းကို လေးလေးပင်ပင် ခါယမ်းရင်း…

'ဟုတ်တယ်… မောင်လေး၊ အဲဒီအိမ်ကြီးက လူသတ်မှုဖြစ်ထားတာ။ အဲဒါကြောင့်လဲ အိမ်နီးနားချင်းတွေဖြစ်တဲ့ အစ်မတို့က စိုးရိမ်နေကြတာပေါ့။ အစ်မက မောင်လေးတို့ ပြောင်းလာကတည်းက ဒီစကားတွေကို ပြောချင်နေတာ။ အဲဒီအိမ်ကြီးထဲမှာ အသတ်ခံလိုက်ရတဲ့ ကောင်လေးက မကျွတ်သေးဘဲ ရှိနေတုန်းပဲကွဲ့'

'အစ်မကြီးကို ကန့်လန့်တိုက်ပြီး ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် သိချင်တာတစ်ခုက အဲဒီကောင်လေး မကျွတ်သေးဘဲ ရှိနေတာကို အစ်မကြီးတို့က ဘယ်လိုလုပ် သိတာလဲ'

ဆရာသတိုးလွင်၏ စကားအဆုံးတွင် အမျိုးသမီးကြီးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်၏။ ထို့နောက် ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း…

'မောင်လေးတို့ကို အကဲခတ်ကြည့်တာနဲ့ သရဲတစ္ဆေကို အယုံအကြည်မရှိတဲ့ လူစားမျိုးတွေဆိုတာ အစ်မသိပါတယ်ကွယ်။ ကဲ… ဒါဆို… လာ… လာ မောင်လေးကို အစ်မ သက်သေပြမယ်'

ထိုစကားကြောင့် ဆရာသတိုးလွင်က နားမလည်နိုင်အောင် ဖြစ်သွား၏။

ဒီမိန်းမကြီးက သက်သေပြမယ်ဆိုတော့ ဘယ်လိုပြမှာတုန်း။ သူပြောပုံကလည်း အတည်ပေါက်ကြီးနဲ့ပါလား။

အမျိုးသမီးကြီးက ထိုင်ရာမှထကာ။





'လာ… မောင်လေး၊ အစ်မနဲ့ ပြတင်းပေါက်နားလိုက်ခဲ့'

'ဩော်… ပြတင်းပေါက်နား လိုက်ခဲ့ရမှာလား'

ဆရာသတိုးလွင်က အစီအစဉ်ကို မသိသေးသောကြောင့် ကြောင်အအဖြင့်မေးရင်း ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အမျိုးသမီးကြီးခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့၏။

●



www.burmeseclassic.com

www.burmeseclassic.com



'သီဟသွေး ပြောတဲ့အတိုင်းဆိုရင် ဒုက္ခပါပဲ။ အိမ်မှာ ဆရာ တစ်ယောက်တည်း ကျန်ခဲ့တာကွ။ ဘုရား... ဘုရား... ဆရာ ဘာမှ မဖြစ်ပါစေနဲ့'

မြတ်သူက ကားမောင်းနေသော ကျော်ဇင်လတ်အား လှမ်းပြောရင်း ဆရာဖြစ်သူအတွက် စိုးရိမ်တကြီး ဆုတောင်းမိသည်။

ကျော်ဇင်လတ်က လီဗာကို ဖိနင်းကာ ကားကို ကျင်လည်စွာ မောင်းနေရင်း...

'အေး... ငါလည်း အဲဒါကိုပဲ စိုးရိမ်တာကွ၊ သီဟသွေး ပြောတာကို နားထောင်ပြီး ငါ ကြက်သီးတောင်ထတယ်'

'ဒါဆိုလည်း မြန်မြန်မောင်းကွာ၊ တော်ကြာ.. ဆရာ တစ်ခုခု ဖြစ်နေဦးမယ်'

'အေးအေး... '

ထို့နောက် ကျော်ဇင်လတ်က ကားကို အိမ်ယာဝန်းရှိရာသို့ အရှိန်မြှင့်မောင်းလိုက်သည်။ နှစ်ယောက်စလုံး၏ ရင်ထဲတွင်တော့





ကြောက်ရွံ့တုန်လှုပ်နေစိတ်များ၊ စိုးရိမ်ပူပန်နေမှုများက မီးတောင်တစ်လုံးလို ပွလောင်ပေါက်ကွဲနေ၏။

ဒီအချိန်မှာဆို မင်းတိုးကတော့ လူနာစောင့်၊ သီဟသွေးပြောပြမည့် သွေးပျက်ချောက်ချားဖွယ် အိမ်ကြီးအကြောင်းကို နားထောင်နေပေရော့မယ်။

●



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်သို့ တက်လာပြီး ပြတင်းပေါက်တစ်ခုအနားသို့ ရောက်သည့်အခါတွင် အမျိုးသမီးကြီးက...

'မောင်လေးတို့အိမ်ရဲ့ ထူးခြားမှုတွေကို ဒီပြတင်းပေါက်ကကြည့်ရင် ရှင်းရှင်းလင်းလင်း မြင်ရတယ်ကွဲ့။ တစ်ခါတလေဆို မီးတွေက ဖွင့်လိုက်ပိတ်လိုက်၊ တစ်ခါတလေကျတော့ လူရိပ်တစ်ရိပ်ကို ဖျတ်ခနဲ ဖျတ်ခနဲ တွေ့ရတတ်တယ်'

'ကဲ... ဒါဆို ကျွန်တော် စောင့်ကြည့်လိုက်မယ် အစ်မကြီး။ အဖြေတစ်ခုခု သိရတာပေါ့'

ပြောပြောဆိုဆိုဖြင့် ဆရာသတိုးလွင်က လိုက်ကာစကို ဆွဲဖွင့်ပြီး သူငှားရမ်းထားသည့် အိမ်ကြီးအား လှမ်းကြည့်လိုက်သည်။

ဘာမှမထူးခြားပေ။

အပေါ်ထပ်ရှိမီးများ ပိတ်ထားသောကြောင့် မှောင်မည်းနေတာက လွဲလို့ သူ့မျက်စိထဲတွင်တော့ ပုံမှန်အတိုင်းလိုပင်။

အင်း... မှောင်မှောင်မည်းမည်း အိမ်ကြီးကို တွေ့ရလို့ ဒီမိန်းမကြီး စိတ်ကယောင်ချောက်ချား ဖြစ်နေတာ နေပါလိမ့်မယ်ကွာ။ ဒီလို





လူသတ်မှုတွေ ဘာတွေဖြစ်ထားတဲ့ အိမ်ကြီးဆိုတော့ သူတို့ မျက်စိထဲမှာ ကြောက်စရာကောင်းနေကြတာပေါ့။

ထိုအတွေးနှင့်အတူ ဆရာသတိုးလွင်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။ နောက် သက်ပြင်းကိုချရင်း လိုက်ကာစ ပြန်ပိတ်ရန် လက်လှမ်းလိုက်သည့်အချိန်မှာ...

'ဟာ'

မြင်လိုက်ရသောမြင်ကွင်းကြောင့် ဆရာသတိုးလွင်တစ်ယောက် အသည်းထဲ စိမ့်တက်သွားအောင်အထိ ကြောက်ရွံ့သွားသည်။

သူနေထိုင်သည့် အိမ်ကြီးအတွင်းတွင်တော့ လူတစ်ယောက်။

လိုက်ကာအကွယ်ကြားမှတစ်ဆင့် သူ့ရှိရာသို့ စူးစူးစိုက်စိုက် ပြန်ကြည့်နေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



'ကျွဲ... '

ထိုအသံအဆုံးတွင် ကျော်ဇင်လတ်နှင့် မြတ်သူက ကားပေါ်မှ ဆင်းကာ အိမ်ထဲသို့ အလောတကြီး ဝင်လိုက်ကြသည်။

ခြံထဲမှတစ်ဆင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်သောအခါ ဧည့်ခန်းထဲတွင် မီးများ လင်းထိန်နေသော်လည်း ဆရာသတိုးလွင်ကိုတော့ မတွေ့ရချေ။

ကျော်ဇင်လတ်နှင့် မြတ်သူက အိမ်အတွင်းသို့ ခပ်သွက်သွက် ဝင်လိုက်ကြပြီး ဆရာဖြစ်သူအား ရှာဖွေကြည့်လိုက်သည်။

မတွေ့။

ရေချိုးခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်နှင့် သွားသည့် အဆုံးမှာတော့ မြတ်သူက ခေါင်းကို တဖြင်းဖြင်းကုတ်ဖွရင်း...

'ဆရာ အပေါ်ထပ်မှာထင်တယ်၊ ပင်ပန်းလာလို့များ အနားယူနေတာလားမသိဘူး'

'အေး... ဟုတ်လောက်တယ်ကွ။ ဒါပေမဲ့ သေချာအောင် အပေါ်ထပ်တက်ကြည့်ရအောင်'





ထိုအကြံအစည်ဖြင့် သူတို့နှစ်ယောက်က အပေါ်ထပ်သို့ တက်လာခဲ့သည်။ တက်လာရင်း ကျော်ဇင်လတ်က...

'ဟင်... မီးလည်း မဖွင့်ထားဘူး'

'အေး... ဟုတ်တယ်။ ဆရာ မှောင်မှောင်မည်းမည်းနဲ့ ဘယ်လိုနေနေလဲ မသိဘူးကွ'

နားမလည်နိုင်စွာဖြင့် ရေရွတ်လိုက်ကြရင်း ကျော်ဇင်လတ်နှင့် မြတ်သူက ဆရာသတိုးလွင်၏ အခန်းသို့ လာခဲ့သည်။ ထို့နောက် အခန်းတံခါးကိုဖွင့်ကာ အထဲသို့ ဝင်လိုက်ကြသည်။

တစ်ခန်းလုံးက ပြတင်းပေါက်မှ ဖြာကျနေသော လရောင်မှိန်ဝါးဝါးမှအပ မှောင်မည်းတိတ်ဆိတ်နေ၏။

'ချောက်'

မီးခလုတ်ကိုဖွင့်ပြီး တစ်ခန်းလုံးကို ကြည့်လိုက်သည့်အခါတွင်တော့ ကျော်ဇင်လတ်နှင့် မြတ်သူတို့နှစ်ယောက် အံ့သြသွားကြသည်။

အခန်းထဲတွင် ဆရာသတိုးလွင်ကို မတွေ့ရ။

ထိုစဉ်မှာပင် ရေချိုးခန်းထဲမှ ရေကျသံခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။

'ဟင်... ဆရာ ရေချိုးခန်းထဲမှာလား'

'အင်း... ဟုတ်နိုင်လောက်တယ်ကွ။ အထဲကနေ ရေကျသံတွေ ကြားနေရတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်လတ်က မြတ်သူ၏ စကားအဆုံးတွင် ရေချိုးခန်းတံခါးကို ခေါက်လိုက်သည်။

'ခေါက်… ခေါက်… ခေါက်… '

နှုတ်မှလည်း…

'ဆရာ… ဆရာ ရေချိုးနေတာလား၊ ကျွန်တော်တို့ ပြန်ရောက်ပြီ' ဟု လှမ်းအော်ပြောလိုက်၏။

သို့သော် ရေချိုးခန်းထဲမှ မည်သည့်တုန့်ပြန်သံမျှ မကြားရ။ နောက်တစ်ကြိမ်နှစ်ကြိမ်လောက် တံခါးခေါက်ပြီး မေးလိုက်သည့်အခါတွင်တော့ ကွဲအက်ခြောက်သွေ့နေသော အသံတစ်သံကို ကြားလိုက်ရလေသည်။

●





ဟိုကောင်တွေ ပြန်ရောက်လာကြပြီပဲ။ ငါရှိတယ်ထင်ပြီး အိမ်ထဲမှာ လိုက်ရှာနေမှ ဒုက္ခ…

ဆရာသတိုးလွင်က တစ်ဖက်ရှိ သူနေထိုင်သည့် အိမ်ရှေ့သို့ သူ့ကားထိုးရပ်လိုက်သည်ကို မြင်လိုက်သဖြင့် စိုးရိမ်တကြီး တွေးလိုက်မိသည်။ ချက်ချင်းဆိုသလို သူက ခေါင်းရင်းအိမ်မှ အမျိုးသမီးကြီးကို နှုတ်ဆက်ကာ ထွက်လာခဲ့၏။

သူ့ရင်ထဲတွင်လည်း ကြားခဲ့ရသော ချောက်ချားဖွယ်စကားတွေ၊ မြင်ခဲ့ရသော လိုက်ကာကြားထဲမှ နှလုံးသွေးပျက်ဖွယ် ပုံရိပ်တို့ကြောင့် ပူလောင်တင်းကြပ်နေသည်။ ခြံထဲသို့ ဝင်လာသော သူ့ခြေလှမ်းတွေပင် တုန်ယင်ချင်သလို ဖြစ်နေ၏။

ဆရာသတိုးလွင်က ခြံထဲသို့ဝင်လာရင်း အပေါ်ထပ်သို့ တစ်ချက်ကြည့်မိလိုက်သည့်အခါတွင် သူ၏အိပ်ခန်း၌ မီးများ လင်းထိန်နေသည်ကို တွေ့ရသည်။

ဟင်… ဟိုကောင်တွေ ငါ့အခန်းထဲဝင်ပြီး ဘာလုပ်နေကြတာလဲ



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး ဟု တွေးရင်း ဆရာသတိုးလွင်က အိမ်ထဲသို့ဝင်ပြီး အပေါ်ထပ်သို့ တက်လာခဲ့လေသည်။ သူ့အိပ်ခန်းတံခါးကို ဆွဲဖွင့်ဝင်လိုက်သည့်အခါတွင်တော့ ကျော်ဇင်လတ်နှင့် မြတ်သူတို့ အလန့်တကြား ဖြစ်သွားကြသည်။

'ဟာ'

'ဟင်'

မျက်စိမျက်နှာပျက်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြသော တပည့်ဖြစ်သူတို့ကို ကြည့်ကာ ဆရာသတိုးလွင် အံ့သြတကြီး ဖြစ်သွား၏။

ဒီကောင်တွေ ဘာလို့ ငါ့ကို မျက်လုံးပြူး မျက်ဆံပြူး ကြည့်နေကြတာလဲ။

ထိုမေးခွန်း၏ အဖြေကိုတော့ ခဏအကြာတွင် သူ သိရှိလိုက်ရလေသည်။ အကြောင်းက သူ့ရေချိုးခန်းထဲမှ ရေကျသံတွေကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

'အထဲက ဘယ်သူလဲ'

ဆရာသတိုးလွင်က အသံကို မတုန်အောင်ထိန်းရင်း ရေချိုးခန်းတံခါးရှေ့တွင် တောင့်တောင့်ကြီးရပ်နေသော ကျော်ဇင်လတ်နှင့် မြတ်သူအား လှမ်းမေးလိုက်သည်။

ကျော်ဇင်လတ်နှင့် မြတ်သူတို့က တစ်ပြိုင်တည်း ခေါင်းကို





ခါယမ်းလိုက်ကြ၏။ ဒီတစ်ခါတော့ မျက်စိမျက်နှာပျက်သွားသူက ဆရာသတိုးလွင်ဖြစ်သည်။

ထိုစဉ် ရေပိုက်ခေါင်းမှ တဝေါဝေါ ရေကျနေသည့် အသံကတစ်စုံတစ်ယောက်က ခလုတ်ပိတ်လိုက်သလို တိခနဲ ရပ်သွား၏။

ဆရာသတိုးလွင်က ကြောက်စိတ်ကို အားတင်း ဖုံးကွယ်ရင်း အိပ်ခန်းနှင့်ဆက်နေသော ရေချိုးခန်းတံခါးကို တဒုန်းဒုန်းမြည်အောင် ထုကာ...

'ဒုန်း... ဒုန်း... ဒုန်း'

'အထဲမှာ ရေချိုးနေတာ ဘယ်သူလဲ'

တိတ်ဆိတ်နေ၏။ ပြန်ဖြေသံမကြားရ။ သူတို့အားလုံး ဘာဆက်လုပ်ရမှန်း မသိတော့လောက်အောင် ချောက်ချားနေကြလေပြီ။

ထိုစဉ်...

'ကျွီ'

ရေချိုးခန်းက အိပ်ခန်းနှင့်ဆက်နေသောတံခါးသာမက စင်္ကြံလမ်းဘက်သို့ ထွက်သော အခြားတံခါးတစ်ချပ်လည်း ရှိသေးသည်ဖြစ်ရာ အဲသည်တံခါး ပွင့်ဟသွားသံကို ကြားလိုက်ရသည်။

●



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ဆရာသတိုးလွင်က ရေချိုးခန်းတံခါးကို ဝုန်းခနဲ ဆောင့်တွန်းဖွင့်ကာ အထဲသို့ ကြည့်လိုက်၏။ ကျော်ဇင်လတ်နှင့် မြတ်သူ တို့လည်း ရေချိုးခန်းထဲသို့ ချောက်ချားတုန်လှုပ်စွာ လိုက်ကြည့်လိုက် ကြသည်။

'ဟာ... '

'ဟင်... '

'အာ... '

အထဲတွင် မည်သူမှမရှိ။

သို့သော်... အခုကလေးတင်မှ တစ်စုံတစ်ယောက်က ရေချိုး သွားသကဲ့သို့ ရေချိုးခန်းကြမ်းပြင်တစ်ခုလုံး ရွဲရွဲစိုနေသည်။

စင်္ကြံဘက်ဆီသို့ ထွက်သည့်ရေချိုးခန်းတံခါးကလည်း ခပ်ဟဟ ပွင့်နေ၏။

ဘယ်သူလဲ။

ဘယ်သူလဲ။

အဲဒါ... ဘယ်သူလဲ။

ဆရာတပည့်သုံးယောက်စလုံး သွေးဆုတ်ဖြူလျော်နေသော မျက်နှာများဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ တောင့်တောင့် ကြီး ရပ်နေမိကြ၏။

နှုတ်ခမ်းတွေ သွေ့ခြောက်နေကြသည်။ လျှာတွေလည်း လေးလံ မာကျစ်နေကြသည်။ အကြောက်တရားကို ဘယ်လိုစကားလုံးတွေနဲ့ ရေရွတ်ရမှာလဲ။

ထိုစဉ်မှာပင်...

စင်္ကြံအတိုင်း ရုပ်တိုက်လျှောက်လာသော ခြေသံတစ်စုံနှင့်အတူ

'ဒေါက်... ဒေါက်... ဒေါက်'

အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက်က ခေါက်လိုက်သံပေါ် လာသည်။


www.burmeseclassic.com

www.burmeseclassic.com

ဆရာတပည့်သုံးဦးစလုံး မျက်လုံးအကြည့်များက တိုင်ပင်မထားပါဘဲနှင့် အိပ်ခန်းတံခါး၏ အောက်ခြေဘက်ဆီသို့ ရွေ့လျားရောက်ရှိကာ ကြည့်မိလိုက်သည့်အခါတွင်တော့...

ကြမ်းပြင်နှင့် တံခါးအောက်ခြေအကြား လွတ်နေဟနေသည့်ကြားမှ တစ်ဆင့်...

အနားစတွေ ဖွာလန်ကျဲကာ အနည်းငယ်စိုစွတ်နေသော အပြာရောင် ဂျင်းဘောင်းဘီနှင့် ခြေထောက်အစုံကို တွေ့လိုက်ရလေတော့သည်။

■





(နိဂုံး)

ဆရာသတိုးလွင်နှင့် တပည့်များက အိမ်ပြောင်းရာတွင် သယ်ယူဖို့လိုအပ်သော ပစ္စည်းပစ္စယများကို Light - truck ကားပေါ်သို့ ရွှေ့ပြောင်း တင်ဆောင်နေကြသည်။

တစ်ယောက်နှင့် တစ်ယောက်လည်း စကားတစ်ခွန်းတလေမှ မပြောဖြစ်ကြ။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပင် ဖြစ်၏။

အိမ်ပြောင်းရွှေ့သည်နှင့်ပင် မတူဘဲ စစ်ရှုံးသဖြင့် နောက်ဆုတ်ပြေးကြရသည့် အသံမဲ့ဆုတ်ခွာရပုံမျိုးနှင့် တူနေ၏။

အားလုံးက တိုင်ပင်မထားကြပါဘဲနှင့် အပေါ်ထပ်ခန်းဆီးလိုက်ကာကြားဆီသို့ မကြည့်မိအောင် မျက်လုံးတွေကို တမင် သိသိသာသာ ရှောင်ဖယ်နေကြ၏။

ခဏအကြာတွင်တော့ အိမ်ထောင်ပရိဘောဂပစ္စည်းများ အားလုံးကို တင်ဆောင်ပြီး Light-truck ကားလေးက တဖြည်းဖြည်းနှင့် ဘီးလှိမ့်ကာ ခြံဝင်းထဲမှ ရွေ့လျားထွက်ခွာသွားတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ပါသွားသူတွေအားလုံးက သူတို့အား သွေးပျက်ချောက်ချားစေခဲ့သော အိမ်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ကြသည်။

အိမ်ကြီးကတော့ သူတို့အားလုံးကို နှုတ်ဆက်နေသည့်အလား ငြိမ်သက်လျက်...

●



ကားက အိမ်ခြံဝင်းအပြင်ဘက်ဆီသို့ တရွေ့ရွေ့ထွက်ခွာသွားသည်။

ခြံဝင်းထောင့်တစ်နေရာရှိ ကြိုးတန်းပေါ်တွင် မည်သူမျှ သတိမထားမိဘဲ ရှိနေသည်ကတော့ ရေစက်လက်ကျနေသည့် အနားစတွေဖွာလန်ကျဲနေသော အပြာရောင် ဂျင်းဘောင်းဘီတစ်ထည်။

သတိုးဘော





www.burmeseclassic.com

www.burmeseclassic.com

မောင်မျိုး စီစဉ်သည်

# သတိုးတေဇ

## ညာဘက်လက်ဖဝါးရဲ့ရယ်သံ

➤ဘုရားပွဲဈေးတန်းတစ်ခုတွင်သူငယ်ချင်းတစ်စုကဝတ်ရည်မြို့ဆိုသောမိန်းကလေး၏ညာဘက်လက်ဖဝါးပေါ်တွင်မကောင်းဆိုးဝါးပုံတစ်ပုံကိုဆေးမင်ကြောင်ထိုးနိုင်းသည့်အခါ . . . ➤

➤မကောင်းဆိုးဝါးကိုအကြားအမြင်ဟောပြောသည့်ဆရာကြီးဒေါ်နန်းမြရွှေ➤

➤ဝတ်ရည်မြို့၏ညာဘက်လက်ဖဝါးကြောင့်ချောက်ချားဖွယ်ရာဖြစ်ရပ်ဆိုးများတစ်ခုပြီးတစ်ခုဆက်တိုက်ကြုံတွေ့ရသည့်ညီအစ်မသုံးယောက်➤

BURMESE CLASSIC .com

မောင်မျိုး စီစဉ်သည်

# သတိုးတေဇ

## ကိုယ်တိုင်ရေးတစ္ဆေပုံတူ

♠မိမိတစ်ကြိမ်တစ်ခါမှမရောက်ဘူးသောသင်တန်းတစ်ခုမှ ဆရာ၊ဆရာမများကမိမိကိုတရင်းတနှီးကြိုတင်ပြီး သိနှင့်နေကြသည့်ထူးထူးဆန်းဆန်းဖြစ်ရပ်♠

♠မှန်ထဲမှမိမိ၏ပုံရိပ်ကိုကြည့်ရင်းလက်တစ်ဘက်ကိုမြှောက်လိုက်သည့်အခါမှန်ထဲမှပုံရိပ်၏လက်ကလိုက်ပါမြှောက်တက်လာခြင်းမရှိပဲမိမိကိုပြန်စိုက်ကြည့်နေသည့်တစ္ဆေ♠

♠မိမိမမွေးဖွားမီကတည်းကကွယ်လွန်နှင့်ပြီးသောသူတစ်ယောက်နှင့်မျက်နှာချင်းဆိုင်ချွတ်စွပ်တွေ့ရသည့်ထိတ်လန့်ဖွယ်ရာလျှို့ဝှက်ချက်♠

♠အခန်းထဲသို့မည်သူမှလေးမဝင်ဘဲလူ့အရိုးစုများ၊ ရှေးဟောင်းပုရပိုက်များ၊အနောက်တိုင်းလောကီအစီအရင်များဖြင့်အထီးကျန်စွာနေထိုင်သူဦးသီဟ♠

www.burmeseclassic.com